


gyoe.com
SAMPLE BOOK
mgyoe.com

東野圭吾
赤い指

# လက်ဗွေနီ

နိုင်ငံခြား စကားပုံတစ်ခု ရှိတယ်။
‘အဲဒီလိုမျိုး အဖေ ရှိမှတော့ အဲဒီလို သားမျိုး
ရှိရောပေါ့’ တဲ့။ အင်္ဂလိပ်စကားပုံ ‘LIKE FATHER, LIKE SON’
ဆိုတာလည်း အဲဒီ သဘောပါပဲ။
သားသမီးတစ်ယောက်ရဲ့ စရိုက်ကို အများဆုံး
ပုံသွင်းပေးတဲ့ သူတွေဟာ သူတို့ရဲ့ မိဘတွေပဲလို့ ဆိုကြတယ်။
အဲဒီမှာ ‘ပုံသွင်းတယ်’ ဆိုတဲ့ စကားလုံးကို အများစုက
‘ဆုံးမပဲ့ပြင်တယ်’ လို့ အဓိပ္ပာယ် ကောက်ကြတယ်။
မိဘတွေ ဆိုဆုံးမတဲ့အတိုင်း သားသမီးတွေက
ပုံစံ ပြောင်းလာရတယ်ပေါ့။ ဒါပေမဲ့ သုတေသန
စစ်တမ်းတွေအရ သိရတာကျတော့ အဲဒီလို မဟုတ်ဘူး။
သားသမီးတွေဟာ မိဘတွေရဲ့ ဆိုဆုံးမတဲ့ စကားကို နားထောင်လို့
ပုံပြောင်းလာရတာထက် မိဘတွေရဲ့ အပြုအမူတွေကို
အတုခိုးရင်း ပြောင်းလဲလာကြတာက ပိုများသတဲ့။
သဘောက - သားသမီးတွေရဲ့ အမူအကျင့် အများစုဟာ
မိဘတွေဆီက ကူးစက်လာကြတယ် တဲ့။

KEIGO HIGASHINO
ဖြိုးကျော်



ISBN 978-99971-44-93-5
9 789997 144935

mgyoe.com
SAMPLE BOOK

mgyoe.com SAMPLE BOOK



ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - မတ်လ၊ ၂၀၂၃ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)
အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော် - Jack Zero Two
တန်ဖိုး - ၉၆၀၀ ကျပ်


mgyoe.com

mgyoe.com

SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

# 红手指

东野圭吾

あかいゆび



mgyoe.com

mgyoe.com SAMPLE BOOK

## မိတ်ဆက်

နိုင်ငံခြား စကားပုံတစ်ခု ရှိတယ်။ 'အဲဒီလိုမျိုး အဖေ ရှိမှတော့ အဲဒီလို သားမျိုး ရှိရောပေါ့' တဲ့။ အင်္ဂလိပ် စကားပုံ 'Like father, like son' ဆိုတာလည်း အဲဒီ သဘောပါပဲ။ သားသမီးတစ်ယောက်ရဲ့ စရိုက်ကို အများဆုံး ပုံသွင်းပေးတဲ့ သူ တွေဟာ သူတို့ရဲ့ မိဘတွေပဲလို့ ဆိုကြတယ်။ အဲဒီမှာ 'ပုံသွင်းတယ်' ဆိုတဲ့ စကားလုံးကို အများစုက 'ဆုံးမပဲ့ပြင်တယ်' လို့ အဓိပ္ပာယ် ကောက်ကြတယ်။ မိဘတွေ ဆိုဆုံးမတဲ့အတိုင်း သားသမီးတွေက ပုံစံ ပြောင်းလာရတယ်ပေါ့။ ဒါပေမဲ့ သုတေသန စစ်တမ်းတွေအရ သိရတာကျတော့ အဲဒီလို မဟုတ်ဘူး။ သားသမီးတွေဟာ မိဘတွေရဲ့ ဆိုဆုံးမတဲ့ စကားကို နားထောင်လို့ ပုံပြောင်း လာရတာထက် မိဘတွေရဲ့ အပြုအမူတွေကို အတုခိုးရင်း ပြောင်းလဲလာကြတာ က ပိုများသတဲ့။ သဘောက - သားသမီးတွေရဲ့ အမူအကျင့် အများစုဟာ မိဘ တွေဆီက ကူးစက်လာကြတယ် တဲ့။

ကဲ... ဝတ္ထုအကြောင်း စကြစို့ရဲ့။ ဒီဝတ္ထုကို စုံထောက်ဝတ္ထုပါလို့ ပြောရ မှာတောင် ခပ်ခက်ခက်ရယ်။ အမှုလိုက်နေတဲ့ အပိုင်းထက် မိသားစု နှစ်စုရဲ့ အကြောင်းကို ပြောနေတာက ပိုများနေတယ်။ အတိအကျ ပြောရရင် မိသားစု တွင်း ပဋိပက္ခတွေ အကြောင်းပေါ့။ အကြမ်းဖျင်း ခြုံကြည့်ရရင် ဇာတ်လမ်းက သိပ်ဆန်းကြယ်တာတော့ မဟုတ်ဘူး။ သူလို ကိုယ်လို၊ သူ့မိသားစု ကိုယ့်မိသားစု တွေမှာ အများစု မြင်နေ ကြားနေရတဲ့ ပြဿနာတွေပဲ။ အဲဒီ ပြဿနာတွေချည်း ချရေးလိုက်ရင်လည်း စိတ်ဝင်စားစရာ သိပ်ကောင်းမယ် မထင်ဘူး။ အခုဟာက လူသတ်မှု တစ်ခုနဲ့ ရောသမမွှေပြီး ဖွဲ့နွဲ့ထားတာ ဆိုတော့ အတော် စိတ်ဝင်စား စရာ ကောင်းသွားတယ်။ ပြီးတော့ ဇာတ်ကောင်တချို့ရဲ့ စရိုက်တွေကို မသိမသာ

mgyoe.com

mgyoe.com SAMPLE BOOK

ပုံဖော်သွားတာတွေက ဆရာကျတယ်။ ဘာပြဿနာလဲလို့ သိရအောင် ကိုယ်တို့ရဲ့ စုံထောက်ကျော် ကာဂါ ပြောထားတဲ့ အောက်ပါ အကြောင်းအရာကို ဖတ်ကြည့်ကြည့်။

"လူတစ်ယောက် ဘယ်လိုပုံစံနဲ့ သေရမလဲ ဆိုတာ သူ ဘယ်လို ရှင်သန်ခဲ့သလဲ ဆိုတဲ့ အပေါ်မှာ မူတည်တာပဲ။ အဲဒီလူ ဒီပုံစံနဲ့ သေသွားခဲ့တယ် ဆိုရင် သူ့ဘဝကို ဒီပုံစံနဲ့ပဲ ရှင်သန် ဖြတ်သန်းလာခဲ့တာ ဖြစ်ရမယ်။ တခြား ဖြေရှင်းပြစရာ အကြောင်းအရင်း မရှိဘူး"

"နွေးထွေးသာယာတဲ့ မိသားစုဘဝတစ်ခုကို တည်ထောင်နိုင်ခဲ့တဲ့ သူဟာ သေခါနီးအခါမှာလည်း ထပ်တူ နွေးထွေးတဲ့ စောင့်ရှောက်မှုတွေ ခံစားသွားရမှာပဲ။ အဲဒီလို မိသားစုမျိုး မတည်ဆောက်နိုင်ခဲ့တဲ့ လူတစ်ယောက်ဟာ သေခါနီးကိုယ်လိုအပ်တဲ့ အချိန်ကျမှ ကိုယ့်အနီးအနားမှာ ဆွေမျိုးသားချင်းတွေကို ရှိနေစေချင်တယ် ဆိုရင် အဲဒီလူဟာ သိပ်အတ္တကြီးတဲ့ လူလို့ မင်း မထင်ဘူးလား"

အထက်က စကားပြောမှာ ပါတဲ့ 'အဲဒီလူ' ဆိုတာ သူ့အဖေကို ပြောနေတာ။

ဟိုးရှေးရှေးကတည်းက အခုချိန်ထိ ငြင်းခုံလို့မပြီးသေးတဲ့ debate တစ်ခုရှိတယ်။ အဖေရဲ့ ကျေးဇူးနဲ့ အမေရဲ့ ကျေးဇူး၊ ဘယ်ကျေးဇူးက ပိုကြီးသလဲ တဲ့။ ဖခင်တစ်ယောက်ရဲ့ ကျေးဇူးက ဘာတွေလဲလို့ လူတစ်ယောက်ကို မေးကြည့်လိုက်ရင် ပိုက်ဆံရှာပေးတဲ့ ကျေးဇူး၊ ပညာသင်ပေးတဲ့ ကျေးဇူး၊ ကျန်းမာနေအောင် စောင့်ရှောက်ပေးတဲ့ ကျေးဇူး၊ ဒါမျိုးတွေပဲ ပြောကြတာ များတယ်။ ကိုယ့်ကိုယ်မှာ ရှိတဲ့ အမူအကျင့်တွေရဲ့ ၅၀ ရာခိုင်နှုန်း ကျော်ကျော်ဟာ အဖေ့ ကျေးဇူးကြောင့် ရထားတာပါလားလို့ တွေးမိတဲ့သူ တော်တော် နည်းလိမ့်မယ်။ ကိုယ်ကိုယ်တိုင် မသိလိုက် မသိဘာသာပဲ အဖေ့ဆီက စုပ်ယူထားခဲ့တဲ့ ဟာတွေ နည်းတာ မဟုတ်ဘူး။ ကိုယ့်မှာ ရှိနေပြီးသား ကောင်းတဲ့ အမူအကျင့်လေး တစ်ခုကို ဘယ်က ရခဲ့သလဲလို့ ပြန်ဆန်းစစ်ကြည့်လိုက်ရင် အဖေ့ဆီက ရခဲ့တာပဲ များလိမ့်မယ်။ သားက အမေကို ပိုချစ်တတ်ပြီး သမီးက အဖေ့ကို ပိုချစ်ကြတယ် ဆိုပေမယ့် သားရဲ့ အမူအကျင့် အများစုဟာ အဖေ့ဆီကနေ absorb လုပ်ပြီး သမီးတွေကျတော့ အမေ့ဆီက ကူးစက်တာ များတယ်။

အခုလို ရေးပြနေလို့ ဒီဝတ္ထုဟာ ဖခင်ကျေးဇူးတော်ဘွဲ့ ဖြစ်မှာပဲလို့ မထင်လိုက်ပါနဲ့။ ပြောင်းပြန်ပါပဲ။ ဒီဝတ္ထုထဲမှာ သားတစ်ယောက်ဟာ လူတစ်ယောက်

mgyoe.com

mgyoe.com SAMPLE BOOK

ကို သတ်လိုက်မိတယ်။ အဲဒီ သားကို ကာကွယ်နိုင်ဖို့အတွက် အမှုကို ဖုံးဖိဖို့ကြိုးစား နေတဲ့ ဇာတ်လမ်းကို ဖတ်ကြရမှာ။ ဘယ်လို အဖေမျိုးက ကိုယ့်သားသမီးကို လူသတ်သမား ဖြစ်ပါစေတော့ ဆိုပြီး သွန်သင်ခဲ့မှာလဲနော်။ ဘယ်လို မိဘမျိုးက ကိုယ့်သားသမီးကို ဆိုးယုတ်တဲ့ စိတ်ဓာတ်မျိုးတွေ သင်ပေးချင်ကြမှာလဲ။ ဒါပေမဲ့ တကယ့် လောကမှာကျတော့ မိဘတွေရဲ့ အမူအကျင့်က မသိလိုက် မသိဘာသာ အဲဒီအဖြစ်မျိုး ရောက်အောင် တွန်းပို့နေတတ်တယ်။

ကိုယ့်မှာ ရှိတဲ့ ဘယ်လို ကောင်းတဲ့ အမူအကျင့်က အဖေဆီက ရတယ်၊ ဘယ်လို မကောင်းတဲ့ အမူအကျင့်က အဖေဆီက ရတယ်၊ ဘယ်ဟာတွေကတော့ ဖြင့် အမေဆီက ကူးစက်လာတယ် စသည်ဖြင့် လူတစ်ယောက်အနေနဲ့ ပြန်ပြီး ဆင်ခြင်ကြည့်သင့်တယ်။ ဒီအဖေ သောက်သုံးမကျလို့ ငါဒီလို ဖြစ်လာရတာ ပါလားလို့ အပြစ်တင်နေဖို့ မဟုတ်ပါဘူး။ ငါလည်း တစ်နေ့ကျရင် ငါ့သား၊ ငါ့သမီး ကို ငါ့လို သောက်သုံးမကျအောင် လုပ်မိလျက်သား ဖြစ်နေနိုင်တယ်လို့ သတိဝင် နိုင်အောင်ပါ။

ဒီဝတ္ထုကို ဖတ်ပြီးတဲ့အခါမှာ ရလိုက်တဲ့ အနှစ်သာရက အဲဒါပဲလို့ ယူဆ တယ်။ ကျွန်တော် အစုပြောခဲ့သလိုတော့ ဒီဝတ္ထုက ဒဿနတွေ၊ အဘိဓမ္မာတွေကို အလုံးလိုက်၊ အတစ်လိုက်ကြီး ဘယ်ပေးပါ့မလဲနော်။ ရသစာပေရဲ့ ချစ်စရာ ကောင်းတဲ့ အချက်၊ အားသာချက်က အဲဒါပဲ ထင်တယ်။ အဖြစ်အပျက် တချို့ကို တင်ပြရင်း ကိုယ့်ဘာသာကိုယ် တွေးယူရတာမျိုး။

ကဲ ... ကျွန်တော်လည်း လေအတော်ရှည်မိနေပြီ။ ဒီဝတ္ထုထဲမှာ...

"မိခင် နှစ်ယောက်က သူတို့သားတွေအပေါ်မှာ ထားတဲ့ တူညီတဲ့ မေတ္တာ နဲ့ ပုံစံမတူတဲ့ ချစ်ပုံ ချစ်နည်း"

"သား သုံးယောက်က သူတို့ ဖခင်တွေအပေါ်မှာ ထားတဲ့ မတူညီတဲ့ ဥပေက္ခာ လျစ်လျူရှုမှု"...

စတာတွေအပြင် မိဘတွေဟာ သားသမီးတွေအပေါ် ဘယ်လောက် နက်နက်ရှိုင်းရှိုင်း သက်ရောက်နေတတ်သလဲ ဆိုတာကိုပါ ခံစားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီလို ခံစားလိုက်ရရင်ပဲ ကျွန်တော် ဘာသာပြန်ရကျိုး နပ် ပါပြီ။

•

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုထဲတွင် ပါဝင်သော အဓိက ဇာတ်ကောင်အမည်များ

- ကာဂါ ကျိုချိရို/ကျိုစံ – နေရိမ ရဲစခန်းမှ မှုခင်းစစ်ရဲအရာရှိ
- ကာဂါ တာကာမာဆာ – ကျိုချိရို၏ ဖခင်

- မာကျူမီယာ ရှုဟေး – တိုကျိုမြို့ ရာဇဝတ်မှုခင်းဌာနမှ မှုခင်းစစ်ရဲ
- မာကျူမီယာ ကာကျူကို – ရှုဟေး၏ မိခင်၊ တာကာမာဆာ၏ နှမ

- မိုင်ဟာရာ အာကီအို – လူသတ်တရားခံအဖြစ် သံသယ အဝင်ခံရသော သူ
- မိုင်ဟာရာ ယာအေကို – အာကီအို၏ ဇနီး
- မိုင်ဟာရာ နာအိုမီ – အာကီအိုတို့၏ သား
- မိုင်ဟာရာ မာဆာအေ/ မားချမ် – အာကီအို၏ မိခင်
- တာဂျိမ ဟာရုမိ – အာကီအို၏ နှမ

- ကာဆုဂါအိ ယူနာ – အသတ်ခံရသူ
- ကာဆုဂါအိ တာဒါဟီကို – ယူနာ၏ ဖခင်
- ကာဆုဂါအိ နာကျူကို – ယူနာ၏ မိခင်

- ဆာကာဂါမိ – ရာဇဝတ်မှုခင်း ဌာနမှ ရဲအရာရှိ
- ကိုဘာယာရှိ – ရာဇဝတ်မှုခင်း ဌာနမှ မှုခင်းတပ်ဖွဲ့ တာဝန်ခံ
- အိရှိဂါကီ – ရာဇဝတ်မှုခင်း ဌာနခွဲမှူး

- ကာနာမိုရီ တိုကီကို – သူနာပြုဆရာမ

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၁ )

ညနေစာ သုံးဆောင်ရန် အချိန် နီးကပ်ခါမှ တာကာမာဆာသည် ကိတ်မုန့်ကို စားလို ကြောင်း ပြောလာ၏။ ထိုကိတ်မုန့်ကို မာကျူမီယာသည် သူ့အတွက် ဝယ်ယူလာ ခဲ့ခြင်း ဖြစ်သည်။

"အခုချိန် စားလို့ ဖြစ်ပါ့မလား"

မာကျူမီယာသည် ကိတ်မုန့်ဘူးကို ကိုင်လျက် မေးနေသည်။

"ဒါတွေ ဂရုစိုက်မနေစမ်းပါနဲ့ကွာ၊ ဗိုက်ဆာလာရင် စားရမှာပဲ။ အဲဒါမှ ကျန်းမာရေးအတွက် အကောင်းဆုံး မဟုတ်ဘူးလား"

"ခဏနေ နာ့စ်မက ပွစိပွစိလုပ်လာရင် ကျွန်တော်လည်း မတတ်နိုင်ဘူး နော်"

မာကျူမီယာအနေဖြင့် ယခုလို ပြောလိုက်ရသော်လည်း သူ၏ ဦးလေး တွင် ယခုကဲ့သို့ စားချင်သောက်ချင်စိတ် ရှိနေခြင်းအတွက်ပင် သူ့မှာ ဝမ်းသာ၍ မဆုံး ရှိတော့၏။

မာကျူမီယာသည် ပလတ်စတစ်အိတ်ထဲမှ ကိတ်မုန့်ဘူးကို ထုတ်၍ ဘူးကို အသာအယာ ဖွင့်လိုက်သည်။ ဘူးထဲတွင် ကိတ်မုန့်တစ်တုံးစီ တစ်တုံးစီ ကို စက္ကူအိတ်ကလေးများဖြင့် သီးခြားစီ ထုပ်ပိုးထား၏။ ထိုအထဲမှ စက္ကူထုပ် တစ်ထုပ်ကို ထုတ်ယူ၍ စက္ကူများကို ခွာထုတ်ပြီး ကိတ်မုန့်တုံးအား တာကာမာဆာ

mgyoe.com

mgyoe.com


၏ ဝိန်လှီနေသော လက်ဖဝါးထဲသို့ ထည့်ပေးလိုက်သည်။ နံရံတွင် မှီနိုင်ရန် အတွက် တာကာမာဆာသည် ကျန်လက်တစ်ဖက်ဖြင့် သူ၏ နောက်ကျောတွင် ရှိသော ခေါင်းအုံးအား နေရာချနေသည်ကို မြင်သောအခါ မာကျူမီယာသည် ခုတင်နား တိုးကပ်၍ ကူညီပေးသည်။

ကိတ်မုန့်တစ်တုံးသည် သာမန် လူတစ်ယောက်အတွက် နှစ်ကိုက်စာမျှသာ ရှိသော်လည်း တာကာမာဆာအတွက်မူ နည်းနည်းစီ ပါးစပ်ထဲ ထည့်၍ တမြုံ့မြုံ့ ဝါးနေရသောကြောင့် အချိန်အတော်ကြာမှ ကုန်လေတော့သည်။ တစ်လုတ်စီတိုင်းကို ပင်ပန်းဆင်းရဲစွာ မျိုချနေရသော ဒုက္ခအား အမှုမထားဘဲ ကိတ်မုန့်၏ အရသာကို တမြုံ့မြုံ့ ခံစားနေသော ဦးလေးကို မြင်ရ၍ မာကျူမီယာမှာ မျက်ရည်ဝဲခဲ့ရသည်။

"ရေသောက်ဦးမလား"

"အေး... ကောင်းသားကွ၊ ငါ့ကို ယူပေးပါဦး"

ခုတင်ခေါင်းရင်းရှိ စားပွဲခုံပေါ်မှ ရေကရားဖြင့် ရေတစ်ခွက် ထည့်လိုက်ပြီး တာကာမာဆာ လက်ထဲသို့ ထိုးပေးလိုက်သည်။ အလွယ်တကူ စုပ်သောက်နိုင်ရန် ပိုက်တစ်ချောင်းကို ခွက်ထဲတွင် အသင့်ထည့်ထားသောကြောင့် တာကာမာဆာသည် ခွက်ထဲမှ ရေများ ကုန်သည်အထိ ဖြည်းဖြည်းချင်း စုပ်ယူလေသည်။

"ဦးလေး၊ အခု အဖျားကော ရှိသေးလား"

ရေသောက်ပြီး၍ခွက်ကိုပြန်ယူနေစဉ်မာကျူမီယာကမေးလိုက်သည်။

"ဒီလိုပါပဲ၊ ၃၇ ဖြစ်လိုက် ၃၈ ဖြစ်လိုက်ပေါ့။ အသားကျနေပါပြီကွာ... အဲဒါကို ကိုယ့်ရဲ့ ပုံမှန်အပူချိန်လို့ပဲ ယူဆလိုက်တော့တယ်"

"ဟုတ်၊ ဦးလေး နေရထိုင်ရ သက်သာရင် ပြီးတာပါပဲ"

"ငါ့အတွက် မပူပါနဲ့ကွာ၊ မင်းပဲ ဒီကို ခဏခဏ လာနေတာ၊ အလုပ်ကော အဆင်ပြေရဲ့လား"

"လတ်တလော အမှုတစ်ခု ပြီးသွားလို့ အားလပ်ချိန် များများ ရနေတာ"

"ဒါဆိုလည်းကွာ... အခု အားလပ်ချိန်ရတုန်း ရာထူးတိုး စာမေးပွဲအတွက် စာလေး ဘာလေး လုပ်ပါတော့လား"

"ဦးလေးက လာပြန်ပြီဗျာ"

မာကျူမီယာသည် မျက်မှောင်ကြုတ်၍ ရေရွတ်လိုက်သည်။

mgyoe.com

m g y o e . c o m

SAMPLE BOOK


"စာလုပ်ရမှာ စိတ်မပါဘူး ဆိုလည်းကွာ... ရည်းစားလေး ဘာလေး ခေါ်ပြီး ထွက်လည်ပေါ့ကွ။ ဒီအဘိုးကြီးကိုပဲ အလကားနေရင်း စိတ်ပူနေပြီး ဒီပဲ ခဏခဏ လာနေတာ ဘာအသုံးကျမလဲ။ ငါ့ကို ပူမနေစမ်းပါနဲ့ကွာ... ကာကျူကို လည်း ဒီကို မကြာမကြာ ရောက်နေတာပဲဟာ"

ကာကျူကို ဟူသည် မာကျူမီယာ၏ မိခင်ဖြစ်သည်။ တာကာမာဆာ၏ နှမလည်း ဖြစ်သည်။

"ကျွန်တော့်မှာ ရည်းစားမှ မရှိဘဲ ဦးလေးရာ... ပြီးတော့ ဦးလေးလည်း အားနေတာပဲ မဟုတ်ဘူးလား"

"အမယ်... မင်း ထင်သလို အားမနေဘူးကွ။ ဆေးရုံတက်နေရတဲ့သူ ဆိုပေမဲ့ ငါ့မှာ စဉ်းစားစရာ၊ တွေးတောစရာတွေကလည်း အများသားဟ"

"ဦးလေးက ဒါကို ပြောတာလား"

မာကျူမီယာသည် ဘီးတပ်စားပွဲပေါ်မှ စစ်တုရင်ဗန်းကို လက်ညှိုးထိုး ပြရင်း မေးလိုက်သည်။ စစ်တုရင် အရုပ်တစ်ခုစီ၏ အောက်ခြေတွင် သံလိုက် ထည့်ထားသော စစ်တုရင် ဗန်းတစ်ဗန်း ဖြစ်သည်။

"လျှောက်မကိုင်နဲ့၊ ပွဲက မပြီးသေးဘူး။ အကွက်ရွှေ့နေတုန်းကွ"

"ကျွန်တော်က ဒါမျိုးတွေ ဝါသနာ မပါပါဘူး၊ ဒါပေမဲ့ ကြည့်ရတာ ရှေ့ တစ်ခေါက် ကျွန်တော် ဒီကို ရောက်တုန်းကနဲ့ ဘာမှ မထူးသလိုပါပဲ"

"ဘယ်ကလာကွာ... တိုက်ကွက်တွေက အချိန်နဲ့အမျှ ပြောင်းလဲနေ တာ။ ငါ့ ပြိုင်ဘက်ကလည်း ခေသူတော့ မဟုတ်ဘူးကွ"

တာကာမာဆာ၏စကားပင်မဆုံးသေးခင် သူနာပြုဆရာမ တစ်ယောက် သည် လူနာခန်း တံခါးကို ဖွင့်၍ ဝင်လာသည်။ အသက် ၃၀ ခန့် ပတ်ဝန်းကျင်ဟု ခန့်မှန်း၍ ရသော မျက်နှာဝိုင်းဝိုင်းနှင့် အမျိုးသမီးတစ်ဦး။

"ကျွန်မတို့ ကိုယ်အပူချိန်နဲ့ သွေးပေါင်ချိန်လေး တိုင်းကြည့်ရအောင် လား"

သူနာပြုဆရာမက ပြောလာသည်။

"အခုပဲ သမီးအကြောင်း ပြောနေတာ၊ ဒီကောင့်ကို စစ်တုရင်ဗန်း ပြနေ တာလေ"

တာကာမာဆာ၏ စကားသံကို ကြားရသောအခါ မျက်နှာဝိုင်းနှင့် သူနာပြုဆရာမ၏ မျက်နှာမှ အပြုံးတစ်စ ထွက်ပေါ်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"နောက်တစ်ကွက် ဘာရွှေ့မလဲ ဆိုတာ သမီး စဉ်းစားပြီးပြီလား"

"အွန်း"

သူက ခေါင်းတစ်ချက် ညိတ်ပြနေစဉ်မှာပင် စစ်တုရင်ဖန်းပေါ်မှ အရုပ်တစ်ရုပ်ကို နေရာရွှေ့လိုက်သည်။

မာကျူမီယာသည် တာကာမာဆာနှင့် သူနာပြုဆရာမတို့၏ မျက်နှာကို တစ်လှည့်စီ အပြန်အလှန် ကြည့်ရင်း အံ့အား အသင့်ကြီး သင့်နေတော့သည်။

"အန် ... ဦးလေးရဲ့ ပြိုင်ဘက် ဆိုတာ ဒီဆရာမလေးလား"

"သူ့ကို အထင်မသေးလိုက်နဲ့၊ ရှုပေး... ဖန်းကို ငါ့ခုတင်နား ရွှေ့ပေးစမ်းပါကွာ"

မာကျူမီယာသည် စစ်တုရင်ဖန်း တင်ထားသော စားပွဲကို ခုတင်အနားသို့ တိုးရွှေ့ပေးလိုက်သည်။ တာကာမာဆာသည် စစ်တုရင်ဖန်းကို တစ်ချက်စိုက်ကြည့်လိုက်ပြီး သူ၏ မျက်မှောင်တို့ ကြုတ်ဝင်သွားကြသည်။ သူ၏ မျက်နှာပေါ်မှ မရေမတွက်နိုင်သော အရေးအကြောင်းများသည်လည်း ပို၍ နက်ရှိုင်းသွားကုန်သည် ထင်ရ၏။

"မြင်း ခုန်လိုက်တယ်လား၊ နိပ်ပဲ့ကွာ၊ ထင်တောင် ထင်မထားဘူး"

"အန်ကယ် ခဏနေလောက်မှ အေးအေးဆေးဆေး စဉ်းစားပါလား။ တော်ကြာ သွေးပြန်တက်နေပါဦးမယ်"

ရင်ဘတ်တွင် 'ကာနာမိုရီ' ဟူသော ရင်ထိုးတံဆိပ် ပါသည့် ဆရာမလေးသည် ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် တာကာမာဆာကို သွေးပေါင် ချိန်ပေးနေ၏။ နောင်အခါတွင် တာကာမာဆာသည် မာကျူမီယာကို သူနှင့် အောင်သွယ်ပေးမည်ဖြစ်ကြောင်း ပြောလာခဲ့သည်။ မာကျူမီယာမှာ ဆန္ဒမရှိ၍ ငြင်းဆိုလိုက်ရ၏။ ဆရာမလေးမှာလည်း ထိုသို့ ဆန္ဒရှိပုံ မရ။

"ဘယ်နားလေးများ ကိုက်တာ ခဲတာ ရှိသလဲ အန်ကယ်"

စမ်းသပ်တိုင်းတာသည်များ ပြီးသောအခါ ဆရာမလေးသည် တာကာမာဆာကို မေးလာသည်။

"မရှိပါဘူး၊ အရင်အတိုင်းပါပဲ"

"ကိစ္စ တစ်ခုခု ရှိလာရင်တော့ ကျွန်မကို အချိန်မရွေး ခေါ်လိုက်ပါနော်"

ကာနာမိုရီ တိုကီကိုသည် တစ်ချက်ပြုံးပြပြီး အခန်းတွင်းမှ ထွက်သွားတော့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


တာကာမာဆာသည် ဆရာမလေး ထွက်သွားသည်ကို ခဏတာ လိုက်ကြည့်ရင်းမှ ချက်ချင်းဆိုသလို မျက်လုံးများသည် စစ်တုရင်ဗန်းပေါ်သို့ အာရုံပြောင်းသွားသည်။

"ဩော်... သူက ဒီအကွက် ရွှေ့တာကိုး။ ရွှေ့နိုင်လောက်တယ်လို့ စဉ်းစားခဲ့ဖူးပေမဲ့ တကယ် ရွှေ့လိမ့်မယ် ထင်မထားခဲ့ဘူး"

ထိုကဲ့သို့ စစ်တုရင်ဗန်းကို စိတ်ပါလက်ပါ အာရုံစူးစိုက် ကြည့်နေသောသူ့ကို မြင်ရ၍ ပျင်းရိငြီးငွေ့နေမည်လားဟု စိတ်ပူပန်နေစရာ မလိုတော့ပေ။ စိတ်ချသွားပြီ ဖြစ်၍ မာကျူမိယာသည် ထိုင်နေရာမှ ထရပ်လိုက်သည်။

"ဒါဆို ကျွန်တော် ပြန်တော့မယ်"

"အေး အေး... ကာကျူကိုကို ပြောလိုက်ပါကွာ၊ ငါ နေကောင်းတယ်လို့"

မာကျူမိယာသည် အခန်းတံခါး ဖွင့်၍ အပြင်ထွက်တော့မည် ပြုစဉ် သူ့အား လှမ်းခေါ်သံကို တာကာမာဆာထံမှ ကြားလိုက်ရသည်။

"ဘာမှာစရာ ရှိလို့လဲ ဦးလေး"

"........အခုလို မအားတဲ့ကြားက ငါ့ဆီ တကူးတက လာမနေပါနဲ့ကွာ။ မင်းမှာလည်း လုပ်စရာ ကိုင်စရာတွေက အများကြီး ရှိဦးမှာပဲ"

"ကျွန်တော် ပြောပြီးသားပဲ ဦးလေးရယ်... ကျွန်တော် အားနေတာပဲ၊ နောက်လည်း လာခဲ့ဦးမယ်"

ပြောပြီးပြီးချင်း မာကျူမိယာသည် အခန်းထဲမှ ထွက်လာခဲ့သည်။

ဓာတ်လှေကားသို့ သွားစဉ် လမ်းကြုံ၍ သူနာပြု အလုပ်ခန်းသို့ ခဏဝင်လိုက်သည်။ အခန်းတွင်းတွင် နားနေသော ကာနာမိုရီ တိုကီကိုကို လှမ်းမြင်ရ၍ အပြင်မှ လက်ယပ်ခေါ်လိုက်သောအခါ ကာနာမိုရီ တိုကီကိုသည် ထူးဆန်းသော မျက်နှာပေးဖြင့် အပြင်ထွက်လာသည်။

"အခုတစ်လော ကျွန်တော့်ဦးလေးဆီကို လူနာ လာမေးတဲ့ သူများ ရှိသလားဗျ၊ ကျွန်တော့်အမေက လွဲလို့ပေါ့"

သူနာပြုများသည် သူ၏ မိခင် ကာကျူကိုကိုလည်း သိနေသည်။ ကာနာမိုရီ တိုကီကိုသည် ခဏတာ စဉ်းစားနေပြီးမှ ပြန်ဖြေသည်။

"ကျွန်မ သတိထားမိသလောက် ဘယ်သူမှ မရှိဘူးရှင့်"

"ကျွန်တော့်အစ်ကိုကော မလာဘူးလား၊ ကျွန်တော့် ဦးလေးရဲ့ သားလေ"

"သူ့သားလား၊ ဟင့်အင်း... လာတာ မတွေ့ဘူး"

mgyoe.com

mgyoe.com

SAMPLE BOOK


"ဒီလိုလား.... တောင်းပန်ပါတယ်ဗျာ၊ နှောင့်ယှက်သလို ဖြစ်သွားပြီ"

"ကိစ္စ မရှိပါဘူး"

သူက ပြုံးလျက် ပြန်ဖြေပြီး အခန်းအတွင်းသို့ ပြန်ဝင်သွားလေသည်။

ဓာတ်လှေကား အတွင်းသို့ရောက်သောအခါ မာကျူမီယာသည် သက်ပြင်း တစ်ချက် မှုတ်ထုတ်လိုက်၏။ သေခါနီး လူနာတစ်ယောက်အား အဘယ်ကြောင့် ဤမျှ စိတ်နာနေရသနည်း ဆိုသည်ကိုမူ သူ မတွေးတတ်ခဲ့။ ယခင်က မည်သို့ပင် ရှိခဲ့စေကာမူ ယခုလို နောက်ဆုံး အချိန်မျိုးတွင် အာဃာတအားလုံးကို ခဝါချ၍ အရာအားလုံးကို ခွင့်လွှတ်နိုင်သင့်သည် မဟုတ်ပါလား။ သူ၏ အတွေးများ လေးပင်လာ၏။ သူတို့နှစ်ဦးကြားမှ စိမ်းကားနေသည့် ဤသို့သော ဆက်ဆံရေးကို မိမိအနေဖြင့် မည်သို့မျှ ပြုပြင်မပေးနိုင်သည်ကိုလည်း ကိုယ့်ကိုယ်ကိုယ် အားမလို အားမရ ဖြစ်နေမိသည်။

တာကာမာဆာ၏ညှိုးရော်နေသော ဝါကြင့်ကြင့် မျက်နှာသည် မာကျူမီယာ၏အတွေးအာရုံထဲတွင် ပေါ်လာသည်။ သူ၏သည်းခြေနှင့် အသည်းတို့တွင် ကင်ဆာဆဲလ်များ ပျံ့နှံ့နေလေပြီ။ ခွဲစိတ်ကုသ၍လည်း မဖြစ်နိုင်တော့။ ယခုအခါတွင် သူ၏ အသက်ကို တတ်နိုင်သမျှ ဆွဲဆန့်ထားရုံသာ ကျန်တော့သည်။ လိုအပ်လျှင် ဝေဒနာသက်သာစေရန် မော်ဖင်းထိုးပေးရုံမှ လွဲ၍ တခြားနည်းလမ်းလည်း မရှိ။ မာကျူမီယာတို့ သားအမိ၏ နောက်ဆုံး ဆန္ဒမှာ တာကာမာဆာကို ဤကမ္ဘာလောကမှ ဝေဒနာနည်းနည်းနှင့် သက်သောင့်သက်သာ ထွက်ခွာသွားနိုင်ရန် ကြိုးစားပေးနေခြင်းမျှသာ။ ထိုနေ့ ထိုရက်သည် မည်သည့်အချိန်တွင် ဆိုက်ရောက်လာမည်ကို သူတို့ မခန့်မှန်းနိုင်။ မည်သည့်အချိန်မဆို ဖြစ်လာနိုင်သည်ဟုသာ ဆရာဝန်များက ပြောကြ၏။ တာကာမာဆာကတော့ အရာအားလုံး အတွက် ကြိုတင် ပြင်ဆင်ထားပြီး နေပုံရသည်။ သေခြင်းတရားသည် သူ့အတွက် ဘာမျှ အရေးမကြီးသလိုပင်။ သေမင်းသည် သူ့ထံသို့ အချိန်မရွေး ရောက်လာနိုင်သည်ကိုလည်း သူ သိထားပြီး ဖြစ်နေပေလိမ့်မည်။

မာကျူမီယာသည် သူ့ဦးလေး တာကာမာဆာကို ပထမဆုံး မြင်ဖူးသည့် အချိန်မှာ အလယ်တန်း ကျောင်းသားဘဝက ဖြစ်သည်။ ယခင်က မာကျူမီယာတို့ သားအမိသည် တာကာဆာကီတွင် နှစ်ဦးတည်း နေထိုင်ခဲ့ကြပြီး နောက်တော့ တိုကျိုသို့ ပြောင်းလာခဲ့ကြသည်။ ထိုစဉ်က မည်သည့်အတွက်ကြောင့် တိုကျိုသို့ ပြောင်းလာခဲ့မှန်း သူ မသိခဲ့။ မိခင်၏ အလုပ်ကြောင့်ဟုသာ သူ ယူဆခဲ့

mgyoe.com

m gyoe.com  SAMPLE BOOK 

သည်။ သူ့ မိခင်က သူနှင့် တာကာမာဆာတို့ကို မိတ်ဆက်ပေးစဉ် အခါက သူ့အနေဖြင့် အလွန် အံ့အားသင့်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်အချိန်က သူ့တွင် တခြားဆွေမျိုးသားချင်း တစ်ဦးတလေ ရှိသည်ကို သူ မကြားဖူးခဲ့ပေ။ သူ့မိခင်ကို တစ်ဦးတည်းသော သမီး ဖြစ်လိမ့်မည်ဟု ထင်ခဲ့သည်။ သူ၏ အဘိုး၊ အဘွားတို့သည်လည်း ခပ်စောစောကပင် ကွယ်လွန်ကုန်ကြပြီ။ မာကျူမီယာက ထိုသို့ပင် မှတ်ထင်ထားခဲ့သည်။

ကာဂါ တာကာမာဆာသည် ယခင်က ရဲအမှုထမ်းတစ်ဦး ဖြစ်ခဲ့သည်။ ထို့နောက် အလုပ်ထွက်၍ လုံခြုံရေးကုမ္ပဏီ တစ်ခုတွင် အကြံပေး လုပ်ခဲ့ပြန်သည်။ ထိုစဉ်က သူသည် အလုပ်မအားလပ်သည့် ကြားမှပင် မာကျူမီယာတို့ဆီ အလည်လာတတ်သည်။ အလုပ်ကိစ္စ ရှိ၍ လာခြင်းမျိုး မဟုတ်ဘဲ မကြာမကြာ လာပြီး ဘာတွေ လိုအပ်မည်နည်းဟု ဂရုတစိုက် စောင့်ရှောက်လိုခြင်းမျိုး ဖြစ်သည်။ သူငယ်စဉ်အခါက အိမ်သို့ လာလည်တိုင်း တာကာမာဆာ အမြဲ ယူလာတတ်သည့် သူ ကြိုက်တတ်သော အသားပေါက်စီ၊ ဘဲသားမုန့် စသည်တို့ကို အမှတ်ရနေမိသည်။ ခန္ဓာကိုယ် ဖွံ့ဖြိုးဆဲအရွယ် ရောက်နေသော အလယ်တန်းကျောင်းသားလေး မာကျူမီယာအတွက် မုတ်ဆိတ် ပျားစွဲသကဲ့သို့ အပျော်ကြီး ပျော်ခဲ့ရသော ကာလများ ဖြစ်သည်။ နွေရာသီ ဆိုလျှင်လည်း ဖရဲသီးကြီး တစ်လုံးအား မနိုင့်တနိုင် သယ်လာတတ်သည်ကို မြင်ယောင်မိသည်။

သူ့အတွက်တွေးရခက်နေသည်မှာသူတို့အပေါ် ဤမျှကောင်းရှာသော ဦးလေးတစ်ယောက် ဤလောကတွင် ရှိနေမှန်း တိုကျို မရောက်ခင်က သူ လုံးဝ မသိခဲ့ပေ။ ကြားလည်း မကြားဖူးခဲ့။ သူတို့ နေခဲ့သော တာကာဆာကီနှင့် တိုကျိုမှာလည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှသည် မဟုတ်။ အဘယ်ကြောင့် အဆက်အသွယ် မရှိခဲ့ကြသနည်း။ ထိုအကြောင်းကို သူ၏ မိခင်နှင့် ဦးလေးတို့ကို မေးလိုက်လျှင်လည်း "အဲဒီတုန်းက အဆက်အသွယ် ပြတ်နေကြလို့ပေါ့ကွာ" ဟုသာ ခပ်လွယ်လွယ် ဖြေတတ်ကြသည်။ ဤအဖြေသည် မာကျူမီယာ အတွက်တော့ ကျေနပ်စရာ အဖြေမဟုတ်ခဲ့။

နှစ်အနည်းငယ် ကြာပြီး အထက်တန်း ကျောင်းသားဘဝ ရောက်သော အခါတွင် သူ့မိခင်ထံမှ လိုချင်သော အဖြေကို ရရှိခဲ့သည်။ အိမ်ထောင်စုဇယားထဲရှိ ဖခင်အမည် နေရာတွင် ဗလာဖြစ်နေသည်ကို သတိထားမိသွားသောကြောင့် ဖြစ်

mgyoe.com

mgoe.com

သည်။ မာကျူမီယာသည် သူ့မိခင်ကို အကြောင်းအရင်း မေးကြည့်သောအခါမှ သူ မျှော်လင့်မထားခဲ့သော အဖြေတစ်ခုကို ရလာခဲ့သည်။

မာကျူမီယာ၏ မိဘများသည် တရားဝင် လက်ထပ်ခဲ့ကြသည် မဟုတ်။ 'မာကျူမီယာ' ဟူသော အမည်သည်လည်း ခင်ပွန်းဟောင်း၏ မျိုးရိုးအမည်သာ ဖြစ်သည်။

မာကျူမီယာ၏ ဖခင်သည် ကာကျူကိုနှင့် မတွေ့စဉ်ကပင် အိမ်ထောင် ရှိပြီးနှင့်သူ ဖြစ်သည်။ ပြောရလျှင် ကာကျူကိုသည် သူ့ဖခင်၏ အမြှောင်မယား။ သို့သော် ပြီးစလွယ် သဘောထားသော အပျော်မယားမျိုးလည်း မဟုတ်။ သူ၏ ဖခင်သည် တရားဝင်မယားနှင့် ကွာရှင်းနိုင်ဖို့ အတန်တန် ကြိုးစားခဲ့၏။ တစ်ဖက် မှ အမျိုးသမီးက ကွာရှင်းခွင့် မပေးခဲ့ပေ။ ထို့ကြောင့် သူ၏ ဖခင်သည် ကာကျူကို ကို တာကာဆာကီမြို့သို့ ခိုးပြေးသွားခဲ့ခြင်း ဖြစ်ပြီး ထိုမြို့တွင် စားဖိုမှူးအလုပ် ဖြင့် အသက်မွေးနေခဲ့သည်။

များမကြာခင်မှာပင် သူတို့နှစ်ဦးတွင် သားတစ်ယောက် ဖြစ်ထွန်းလာ ခဲ့သော်လည်း သူ့ဖခင်မှာ တရားဝင် ကွာရှင်းခွင့် မရသေးပေ။ သူတို့သည် တရားဝင် လက်ထပ်နိုင်ခြင်း မရှိသော်လည်း တာကာဆာကီတွင် သူတို့ကို သိကျွမ်းသူများ မရှိရကား တရားဝင် လင်မယား ကဲ့သို့သာ ဆက်လက် နေထိုင်ခဲ့ကြသည်။ သို့သော် သူတို့၏ ဘဝမှာ သာယာဖြောင့်ဖြူးခြင်း မရှိခဲ့ပေ။ တစ်နေ့သော အခါတွင် သူ၏ ဖခင် အလုပ်လုပ်သော စားသောက်ဆိုင်တွင် မီးလောင်ကျွမ်း၍ ဖခင်ဖြစ်သူ စားဖိုမှူးမှာ မီးထဲတွင် အသက်ဆုံးရှုံးခဲ့ရသည်။

ငယ်ရွယ်သေးသော မာကျူမီယာနှင့် သူ၏ မိခင်မှာ တစ်နယ် တစ်ကျေး တွင် ဝမ်းရေးအတွက် မည်မျှ ရုန်းကန်ခဲ့ရမည်ကို တွေးကြည့်ရုံဖြင့်ပင် သိနိုင် ပေသည်။ ယခုအချိန်ထိ မာကျူမီယာ၏ မှတ်ဉာဏ်ထဲတွင် ရှိနေသေးသည်မှာ ညဉ့်နက်သန်းခေါင်မှ အိမ်ပြန်ရောက်လာတတ်သော မိခင်၏ ပုံရိပ်များ ဖြစ် သည်။ ပြန်ရောက်လာလျှင်လည်း လူမှန်းသူမှန်း မသိအောင် မူးနေတတ်ပြီး တစ်ခါတစ်ရံ သန့်စင်ခန်းထဲတွင် အော့အန်နေတတ်သည်။

ထိုသို့ ဖြတ်သန်းနေကြရသော သူတို့၏ ဘဝလေးကို တယုတယ ဆယ်မ ကူညီခဲ့သူမှာ ကာဂါ တာကာမာဆာပင် ဖြစ်သည်။ သူ၏ ဦးလေးကပင် သူတို့ သားအမိကို တိုကျိုသို့ ပြန်လာရန် တောင်းဆိုခဲ့သည်။ ချော့မော့ခဲ့သည်။ သူ၏ အနီးအနားတွင် ရှိနေလျှင် အလွယ်တကူ စောင့်ရှောက်ပေးနိုင်မည်ဟု

mgoe.com

mgyoe.com SAMPLE BOOK

အကြောင်းပြ၍ တိုကျိုသို့ ပြန်ခေါ်ခဲ့သည်။ ကာကျူကိုသည် သူ့အစ်ကိုကို ဒုက္ခမပေးလိုသော်ငြားလည်း သားမောင်၏ရေ့ရေးကလည်း ရှိနေသေးသည် မဟုတ်ပါလော။ သို့ဖြင့် သူ့အစ်ကို၏ ကမ်းလှမ်းမှုကို လက်သင့်ခံ၍ တိုကျိုသို့ ပြောင်းလာခဲ့ကြသည်။

တာကာမာဆာသည် သူ့နှမအတွက် နေစရာ အိမ်တင်မကဘဲ အလုပ်တစ်ခုကိုပါ ရှာပေးခဲ့သည်။ ထို့အပြင် လိုအပ်သော ကျန်းမာရေး၊ လူမှုရေး စောင့်ရှောက်မှုများလည်း လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးခဲ့သည်။ မာကျူမိယာသည် ထိုအကြောင်းအရာများကို သိလာရသောအခါ ဦးလေးဖြစ်သူကို အဘယ်မှာ မလေးစားဘဲ ကျေးဇူးမတင်ဘဲ နေနိုင်ပါတော့အံ့နည်း။ သူ ယခုကဲ့သို့ လူတန်းစေ့အောင် လူတစ်လုံး သူတစ်လုံး နေနိုင်သည်မှာ ဦးလေး၏ စောင်မမှုကြောင့်သာ ဖြစ်သည်။ ယခုကဲ့သို့ နှမကို အင်မတန် ချစ်သော အစ်ကိုတစ်ယောက်၊ တူကို အင်မတန် ချစ်သော ဦးလေးတစ်ယောက် ရှိနေခဲ့သောကြောင့်သာ သူ့ဘဝမှာ မျက်နှာ မငယ်ခဲ့ရခြင်း ဖြစ်သည်။

သူ၏ ကျေးဇူးတို့သည် ဆပ်၍ မကုန်တော့ပြီ။ ဤကျေးဇူးများကို ဆပ်နိုင်အောင် ကြိုးစားမည် ဟူသော စိတ်အခံဖြင့်ပင် သူ စာကြိုးစားခဲ့သည်။ တက္ကသိုလ်မှ ဘွဲ့ရအောင် ကြိုးစားခဲ့သည်။ ပညာတတ် ဖြစ်စေလိုသော ဦးလေး၏ ဆန္ဒကို အစွမ်းကုန် ဖြည့်ဆည်းပေးရမည် မဟုတ်ပါလား။

မာကျူမိယာသည် ဘွဲ့ရပြီးသော အခါတွင်လည်း တွေဝေမနေဘဲ ရဲအမှုထမ်းဘဝကို ရွေးချယ်ခဲ့သည်။ သူ့ဘဝတွင် အလေးစားရဆုံး ပုဂ္ဂိုလ်တစ်ဦးကို အားကျ၍ ရဲသားတစ်ယောက် ဖြစ်လာရသည်ဟု ဆိုလျှင်လည်း မမှားချေ။

ယခုအခါ ဦးလေး၏ အသက်အန္တရာယ်ကို ကယ်တင်ရန် မည်သို့မျှ မတတ်နိုင်သည် ရှိစေဦးတော့။ ဤလောကကြီးမှ သူ ခွဲခွာခါနီးတွင် သူ၏ ဆန္ဒဟူသမျှကို ဖြည့်ဆည်းပေးခဲ့လိုသည်။ ဤသည်မှာလည်း မာကျူမိယာအတွက် နောက်ဆုံးအနေဖြင့် ကျေးဇူးဆပ်နိုင်သော တစ်ခုတည်းသော အခွင့်အလမ်း မဟုတ်ပါလား။


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၂ )

အစည်းအဝေးအတွက် လိုအပ်မည့် စာရွက်စာတမ်းများကို ပြင်ဆင်ပြီးနောက် ကွန်ပျူတာပိတ်ရန် ကြံရွယ်နေစဉ် မိမိနှင့် နှစ်ခုံအကွာမှ ယာမာမိုတိုသည် မတ်တတ် ထရပ်လိုက်သည်။ သူ၏ လက်ကိုင်အိတ်ထဲသို့ ပစ္စည်းများ ထည့်သွင်း သိမ်းဆည်း၍ အိမ်ပြန်ရန် ပြင်ဆင်နေလေသည်။

"ဟဲ့ကောင်... မင်း ပြန်တော့မလို့လား"

မိုင်ဟာရာ အာကီအိုက လှမ်းမေးလိုက်သည်။ ယာမာမိုတိုနှင့် သူသည် ဤစက်ရုံသို့ အလုပ်အတူတူ ဝင်ခဲ့ကြသူများ ဖြစ်သည်။ ရာထူးအဆင့်ဆင့် တက်ခဲ့ကြသည့် နှုန်းထားကလည်း မကွာလှပေ။

"အေး... လုပ်စရာ တိုလီမိုလီတွေတော့ ကျန်သေးတယ်။ နောက်တစ်ပတ် ရုံးတက်မှပဲ ဆက်လုပ်တော့မယ်ကွာ၊ မင်းကော... ဒီနေ့ သောကြာနေ့ဟ၊ ဒီလောက် နောက်ကျတဲ့အထိ အလုပ်တွေ ကြိုးစားနေတုန်းလား"

ယာမာမိုတိုသည် သူ၏ လက်ကိုင်အိတ်ကို ဆွဲမ၍ အာကီအိုအနားသို့ လျှောက်လာခဲ့သည်။ သူသည် ကွန်ပျူတာမျက်နှာပြင်ကို တစ်ချက်လှမ်းကြည့်ပြီး အံ့အားသင့်သွားသော အမူအရာဖြင့် –

"မင်းဟာက အထူးအဆန်းပါလား၊ နောက်တစ်ပတ် အစည်းအဝေးကျမှ လိုမယ့် စာရွက်စာတမ်းတွေ မဟုတ်ဘူးလား၊ အခုကတည်းက လုပ်နေပြီလားဟ"

mgyoe.com

mgyone.com SAMPLE BOOK

"မြန်မြန်ပြီးလေ အေးလေပဲ မဟုတ်ဘူးလားကွာ"

"တကယ့်ကောင်ပဲကွာ၊ နောက်အပတ်မှ လိုမယ့် စာတွေကို အချိန်ပို ဆင်းပြီး ဒီလောက် အရေးတကြီး လုပ်နေစရာ မလိုပါဘူးကွာ၊ အိုဗာတိုင်ကြေး ရတာလည်း မဟုတ်ဘဲနဲ့"

"စိတ်ပါတုန်းမို့ အပြီးလုပ်လိုက်တာပါကွာ"

အာကီအိုသည် ပြောနေရင်း ကွန်ပျူတာကို ပိတ်ချလိုက်သည်။

"အဲဒါ ထားပါတော့ဗျာ... ဘယ်လိုလဲ၊ အချိန်ရလား၊ နည်းနည်းပါးပါး လေး သွားမော့ရအောင်လား"

သူသည် လက်မထောင်၍ သူ့ပါးစပ်သို့ ထိုးကာ အရက်သောက်မည့်ပုံ လုပ်ပြလိုက်သည်။

"ဝမ်းနည်းစရာပဲကွာ၊ ဒီနေ့တော့ မဖြစ်သေးဘူး၊ မိန်းမဘက်က အမျိုး တွေ ရောက်နေတယ်၊ ကျုပ်ကို စောစောပြန်ခဲ့တဲ့"

"ဪ ... ဂလိုလား"

"နောက်တစ်ခေါက်ပေါ့ကွာ၊ ခင်ဗျားလည်း အိမ်စောစော ပြန်ဦးဗျ၊ အခုတစ်လော ခင်ဗျားက အားအားရှိ အိုဗာတိုင် ဆင်းနေသလိုပဲ"

"နေ့တိုင်းလည်း မဟုတ်ပါဘူးကွာ"

အာကီအိုသည် ဘာမှ မဖြစ်သလို ပုံဟန်ဖြင့် ခပ်ပြုံးပြုံးလေး ပြန်ဖြေ လိုက်သည်။ သို့သော် သူ့စိတ်ထဲတွင်မူ ဤသို့ စဉ်းစားနေမိ၏။ လူတို့သည် အပေါ်ယံ တွင်သာ မည်သူ့ကိုမျှ အမှုမထားသလို၊ ဂရုမစိုက်သလို နေနေသော်ငြားလည်း တကယ့်လက်တွေ့တွင်မူ အနီးအနားရှိလူများအား စပ်စပ်စုစု မျက်စိဒေါက်ထောက် ပြီး ကြည့်နေယောင်တကား။

"အေးဗျာ... ဘာပဲဖြစ်ဖြစ် နေ့တိုင်း အချိန်ပိုဆင်းပြီး ဒီလောက်လည်း ဒုက္ခ ခံမနေနဲ့ဦးဗျ"

ယာမာမိုတိုသည် သူ့ကို ပြောပြီးပြီးချင်း တစ်ဘက်သို့ လှည့်ထွက်သွား လေတော့သည်။

အာကီအိုသည် စိတ်မပါ့တပါဖြင့် သူ၏ ရုံးခန်းတစ်ခန်းလုံးကို မျက်စိ ဝေ့ဝဲကြည့်နေသည်။ ရုံးခန်းဟု ဆိုသော်လည်း အခန်းအကာအရံ မရှိသော တိုက် အလွှာ တစ်လွှာသာ ဖြစ်သည်။ တစ်ထပ်လုံးတွင် ဝန်ထမ်း ဆယ်ယောက်

mgyone.com

လောက်သာ ကျန်တော့သည်။ ထိုအထဲမှ နှစ်ယောက်မှာ သူ၏လက်အောက်တွင် တာဝန် ထမ်းဆောင်နေရသော ဝန်ထမ်းနှစ်ဦး ဖြစ်သည်။ တစ်ဦးမှာ မနှစ်ကမှ ရောက်လာသော ဝန်ထမ်းအသစ်။ အသစ်ဖြစ်၍လား မသိ။ သူနှင့် စကားပြောရသည်မှာ ယခုအချိန်အထိ အပေါက်အလမ်း မတည့်ချင်သေးပေ။ ကျန်တစ်ယောက်မှာ သူ့အောက် သုံးနှစ် ငယ်သည်။ သူနှင့်တော့ စကားပြောရသည်မှာ လေပေးဖြောင့်သည်။ သို့သော် အရက်မသောက်တတ်။ အာကီအိုသည် အရက်သောက်ဖော် မရှိ၍ မည်သို့ဖြစ်စေ ယနေ့ အိမ်စောစော ပြန်ရတော့မည့် အဖြစ်ကို စဉ်းစားမိကာ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

ထိုစဉ် သူ၏ လက်ကိုင်ဖုန်းမှ အသံမြည်လာသည်။ ဖုန်းတွင် ပေါ်နေသော အိမ်ဖုန်းနံပါတ်ကို မြင်လိုက်သော တစ်ခဏမှာပင် စိတ်ထဲ ထင့်သွားခဲ့သည်။ ယခုအချိန်မျိုး ဖုန်းခေါ်လာခြင်းသည် ဘာအကြောင်းထူး ရှိ၍ပါနည်း။

"ဟယ်လို ယောက်ျားလား"

ဖုန်းထဲမှ ဇနီးသည် ယာအေကို၏ အသံ ထွက်ပေါ်လာသည်။

"အေး... ဘာဖြစ်လို့လဲ"

"အင်း ... ဘယ်လို ပြောရမလဲ၊ ပြဿနာတစ်ခု တက်နေလို့၊ မြန်မြန် ပြန်လာခဲ့ပါလား"

ဇနီးသည်၏ အသံသည် မြန်လွန်း၍ ဗလုံးဗထွေး ဖြစ်နေသည်။ အစိုးရိမ်လွန်နေသော အခါတွင် ယခုကဲ့သို့ စကားပြောမြန်လာသည်မှာ သူ၏ အကျင့်ပင် ဖြစ်သည်။ ဖုန်းသံကြားစဉ်က စိတ်ထဲ ထင့်နေခဲ့သော အာကီအိုသည် သူ့ဇနီး၏ အသံကို ကြားရသောအခါ ပို၍ပင် စိတ်ရှုပ်သွားတော့သည်။

"ဘာကိစ္စလဲ၊ ကို အခု အလုပ်က မပြတ်သေးဘူး"

သူက ကြိုတင် ကာထားလိုက်၏။

"ကြံဖန်ပြီး ပြန်လာလို့ မရဘူးလား၊အိမ်မှာ ပြဿနာတက်နေပြီ"

"ဘာပြဿနာလဲ"

"ဖုန်းထဲမှာ ပြောလို့ မကောင်းဘူးလေ၊ ပြီးတော့ ကျွန်မလည်း ဘယ်လို ပြောရမှန်း မသိဘူး၊ အခု ပြန်လာခဲ့ပါရှင်"

အာကီအိုသည် သူ့ဇနီးသည်၏ သက်ပြင်းချသံကို ဖုန်းထဲမှ ကြားလိုက်ရသည်။ သူ တော်တော်လေး စိတ်လှုပ်ရှားနေပုံ ပေါ်သည်။

mgyoe.com

m g y o e . c o m


"ပြဿနာက ဘာနဲ့ ပတ်သက်နေတာလဲ၊ အဲဒါလောက်တော့ ပြောလို့ရတယ် မဟုတ်လား"

"အဲ…ကျွန်မ ဘယ်လိုပြောရမလဲ၊ …..ပြဿနာ အကြီးကြီးကို တက်နေတာရှင့်"

"မင်း အဲဒီလောက်လေး ပြောရုံနဲ့ ကိုက ဘယ်သိနိုင်မှာလဲ၊ ခပ်ရှင်းရှင်း ပြောစမ်းပါကွာ"

ယာအေကိုဘက်မှ ဘာအဖြေမှ မရ။ အာကီအိုသည် စိတ်မရှည်စွာ ထပ်မေးတော့မည် အပြုတွင် သူ၏နားထဲသို့ ရှိုက်သံများ တိုးဝင်လာတော့သည်။ ထိုခဏတွင် သူ၏ နှလုံးခုန်သံများလည်း မြန်ဆန်လာလေပြီ။

"ကောင်းပြီလေ၊ ကို အခုပဲ ပြန်ခဲ့မယ်"

ထိုသို့ပြော၍ ဖုန်းချတော့မည်ဟု စိတ်ကူးနေစဉ် ယာအေကိုထံမှ "ခဏလေး" ဟူသော အသံကို ကြားလိုက်ရသည်။

"ဘာရှိသေးလို့လဲ"

"ဒီည ဟာရုမိကို မလာစေချင်ဘူး"

"သူ လာရင် အဆင်မပြေလို့လား"

ယာအေကိုက သိပ်သေချာကြောင်း ပြန်ဖြေသည်။

"သူ့ကို အိမ်မလာဖို့ ကိုက ဘယ်လို အကြောင်းပြရမှာလဲ"

"ကျွန်မ သဘောက ….."

ဆက်မပြောတော့ဘဲ ငြိမ်သက်သွား၏။ သူ စိတ်လှုပ်ရှားနေလွန်းသောကြောင့် ဖြစ်မည်။ ခေါင်းထဲတွင် ဘာမျှ စဉ်းစား၍ မရနိုင်တော့သည့်အလား ဘာမျှ ဆက်မပြောတော့ပေ။

"ဒါဆို ကိုပဲ သူ့ဆီ ဖုန်းဆက်လိုက်ပါမယ်၊ အဆင်ပြေမယ့် အကြောင်းပြချက် တစ်ခုကို စဉ်းစားကြည့်တာပေါ့။ အိုကေတယ်မလား"

"အင်း… မြန်မြန် ပြန်လာခဲ့"

"အေးပါ" ဟု ပြော၍ အာကီအိုသည် ဖုန်းကို ချလိုက်သည်။

သူ့အောက် သုံးနှစ်ငယ်သည် ဆိုသော သူ့လက်အောက် ဝန်ထမ်းသည် ဖုန်းပြောသံများကို တစ်စွန်းတစ်စ ကြားလိုက်ရ၍ ခေါင်းထောင်လာကာ လှမ်းမေးလိုက်၏။

"အိမ်မှာ ဘာပြဿနာ တက်နေတာလဲဗျ"

mgyoe.com

mgyoe.com SAMPLE BOOK

"ငါလည်း အသေအချာ မသိဘူး၊ စောစောပြန်လာဖို့ပဲ မှာနေတာ။ ဒါကြောင့် ငါ အခု ပြန်လိုက်တော့မယ်"

"ဟုတ်... ဟုတ်... လမ်းမှာ ဂရုစိုက်ဦး"

လုပ်စရာလည်း မရှိပါဘဲနှင့် ရုံးမှာ ပေကတ်နေနေသည်က သာ၍ ထူးဆန်းသေးသည်။ သူ့လက်အောက်ငယ်သား ဝန်ထမ်း၏ မျက်နှာပေးက ထိုကဲ့သို့ တွေးနေသည့်နှယ်။

အာကီအို အလုပ်လုပ်နေသော ကုမ္ပဏီသည် လျှပ်စစ်ပစ္စည်း ထုတ်လုပ်သော လုပ်ငန်းတစ်ခု ဖြစ်ပြီး ရုံးချုပ်မှာ မြို့လယ်ကောင်ရှိ ကာယာဘာချို ရပ်ကွက်တွင် တည်ရှိသည်။ မြေအောက်ဘူတာသို့ လျှောက်သွားနေစဉ် သူသည် လက်ကိုင်ဖုန်းဖြင့် ဟာရုမိထံသို့ ဖုန်းခေါ်လိုက်သည်။ ဟာရုမိသည် အာကီအို၏ နှမဖြစ်ပြီး သူ့အောက် လေးနှစ် ငယ်သည်။ သူ့ခင်ပွန်း၏ မျိုးရိုးအမည်မှာ တာဂျိမ ဖြစ်သည်။

ဟာရုမိသည် ဖုန်းကို ကောက်ကိုင်ပြီး အာကီအို၏ အသံကို ကြားလိုက်ရသည်နှင့် စိုးရိမ်စိတ် ဖြစ်ပေါ်လာပြီး ခပ်သွက်သွက် ပြန်မေးလိုက်သည်။

"အမေ ဘာဖြစ်လို့လဲ"

"မ... မဟုတ်ပါဘူး၊ ဘာမှ မဖြစ်ပါဘူး။ ခုနက ယာအေကို ဖုန်းဆက်လာတယ်၊ အမေ အိပ်သွားပြီတဲ့။ ဒါကြောင့် သူ အိပ်ပါစေတော့ ဆိုပြီး ဒီအတိုင်းပဲ ထားလိုက်ရင် ကောင်းမလားလို့"

"ဒါဆို ကျွန်မက..."

"အင်း... နင် ဒီနေ့ မလာနဲ့တော့လေ၊ မနက်ဖြန်မှပေါ့"

"ဩော်... မနက်ဖြန်ကျမှ ပုံမှန်အချိန် လာရမယ်လား"

"ဟုတ်တယ်၊ အဲဒီလို ပြောချင်တာ"

"ကောင်းပြီလေ၊ ကျွန်မ ဒီဘက်မှာလည်း လုပ်စရာအလုပ် ရှိနေတာနဲ့ အတော်ပါပဲ"

'ကုန်ပစ္စည်းတွေ ပို့ဖို့ အလုပ်ရှုပ်နေတာ ဖြစ်ပါလိမ့်မယ်' ဟု အာကီအိုက တွေးနေမိသည်။ ဟာရုမိတို့ လင်မယားသည် ကားမှတ်တိုင်နှင့် မျက်နှာချင်းဆိုင်တွင် အထည်ဆိုင်လေး တစ်ဆိုင် ဖွင့်ထားကြသည်။

"နင်လည်း ကိုယ့်အလုပ်နဲ့ ကိုယ် ရှုပ်နေမယ် ဆိုတာ အစ်ကို သိပါတယ်၊ နင့်အတွက်လည်း ဝန်ပိုတွေ ပိနေပြီ"

"ရပါတယ်"

mgyoe.com

mgyoe.com

SAMPLE BOOK


ဟာရုမိက ခပ်တိုးတိုး ပြန်ဖြေလိုက်သည်။ ထိုကဲ့သို့ ဝတ်ကျေတမ်းကျေ ပြောသော စကားမျိုးကို နားရည်ဝနေပြီ ဖြစ်ကြောင်း သူ၏ လေသံက ဖော်ပြနေသည်။

"ဒါဆိုလည်း မနက်ဖြန်မှ တွေ့မယ်လေ"

အာကီအို ဖုန်းကို ချလိုက်သည်။

ကုမ္ပဏီမှ ထွက်လာခဲ့၍ နှစ်ဘလောက်ကျော် လမ်းလျှောက်ပြီးကာမှ ရုံးခန်းထဲတွင် ထီး မေ့ကျန်နေခဲ့ကြောင်း သူ သတိရတော့သည်။ မနက်က ရုံးသို့ လာစဉ် မိုးသည်းထန်စွာ ရွာနေခဲ့သည်။ မည်သည့်အချိန်က မိုးတိတ်သွားသည် ကိုပင် သတိမထားမိ။ သူသည် တစ်နေကုန်လုံး ရုံးခန်းထဲမှာပင် အလုပ်ရှုပ်နေခဲ့သည်။ လမ်းပေါ် ရောက်မှ စက်ရုံသို့ နောက်လှည့်ပြန်၍လည်း မယူချင်တော့။ ဒီလိုဆိုလျှင် ရုံးခန်းတွင် သူ မေ့ကျန်နေခဲ့သော ထီးမှာ သုံးချောင်းပင် ရှိနေပြီ။ မတတ်နိုင်။ ဘူတာရုံသို့ ခပ်သွက်သွက် လျှောက်သွားခဲ့သည်။

ကာယာဘာချိမှ အိကေဘူကူရိုသို့ မြေအောက်ရထား စီးပြီးနောက် လျှပ်စစ်ရထား ပြောင်းစီးရပြန်သည်။ လျှပ်စစ်ရထားထဲတွင်လည်း လူများဖြင့် ပြည့်ကျပ် ညပ်နေသည်။ ခန္ဓာကိုယ်ကို အနည်းငယ် လှည့်လိုက်လျှင်ပင် ဘေးမှ ရပ်နေသောသူအား တံတောင်ဖြင့် တွက်မိတော့မည်။ ဆောင်းကုန်ခါစ ဖြစ်သော် လည်း လျှပ်စစ်ရထားပေါ်တွင် အားလုံးက ချွေးတလုံးလုံးနှင့် ဖြစ်နေကြပြီ။ ကံကောင်းထောက်မစွာ ခေါင်းပေါ်ရှိ တန်းမှ လက်ကိုင်ကွင်း တစ်ခုမှာ လွတ်နေသည်။ လူတွေ ကြိတ်ကြိတ်တိုးနေသောကြောင့် လက်ကိုင်ကွင်းကို မြဲမြဲကိုင်ထားမှသာ လူက ဟန်ချက်ထိန်းနိုင်တော့မည်။ ရှေ့တည့်တည့်ရှိ ပြတင်းပေါက်မှန်မှ မိမိ၏ မျက်နှာပုံရိပ်ကို မြင်နေရသည်။ မှန်ထဲတွင် မြင်နေရသော အသက် ၅၀ ကျော် ယောကျ်ားတစ်ယောက်။ အလုပ်ပင်ပန်းအားအင်ချည့်နဲ့၍ မျက်နှာပြင်ပေါ် မှ ကြွက်သားများပင် လျော့ကျချင်နေသလိုလို။ အပူအပင်များကြောင့် ခေါင်းပေါ် မှ ဆံပင်များပင် သိပ်မကျန်တော့။ အသားအရေက ညှိုမည်းမည်း၊ မျက်ပျဉ်းများ ကျလျက်။ မိမိကိုယ်မိမိ ပြန်မြင်နေရသည်ကပင် စိတ်မချမ်းမြေ့စရာ။ ထို့ကြောင့် အာကီအို သည် သူ့မျက်လုံးများကို တင်းတင်း မှိတ်ထားလိုက်တော့သည်။

အတွေးထဲသို့ သူ့ဇနီးသည်၏ အသံများက ပြန်ဝင်လာသည်။ အိမ်မှာ ဘာတွေ ဖြစ်ပျက်နေကြပြီလဲ မသိ။ ပထမဆုံး သတိရမိသည်မှာ သူ၏ မိခင်။

mgyoe.com

mgyoe.com  SAMPLE BOOK 

အိုမင်းနေပြီ ဖြစ်သော သူ့မိခင်သည် တစ်ခုခု ဖြစ်လေသလော။ ဒီလိုလည်း မဖြစ်နိုင်။ သူ့ဇနီးသည် ယာအေကို၏ လေသံများက တစ်မျိုး ဖြစ်နေသည်။ တော်တော်လေး စိတ်လှုပ်ရှားနေပုံ၊ စိတ်ဆင်းရဲနေပုံ ရသည်။ သူ့နှမ ဟာရုမိကို ယနေ့ည အိမ်မလာဖို့ ပြောနေသောကြောင့် ယခုကိစ္စသည် သူ့အမေနှင့် မည်သို့မျှ မပတ်သက်နိုင်။

'ဒီမိန်းမ ဘာပြဿနာများ ရှာဦးမလို့လဲ' ဟု တွေးမိ၍ သူ၏ နှုတ်ခမ်းကို ခပ်တင်းတင်း စေ့ထားမိသည်။ စိတ်ထဲမှာလည်း တင်းကျပ်သွားသည်။ ယခုတစ်လော ဒီလို အခြေအနေမျိုးက မကြုံချင်မှ အဆုံး။ သူ အလုပ်မှ အိမ်သို့ ပြန်ရောက်တိုင်း သူ့မိန်းမ၏ ညည်းတွားသံက အမြဲ ကြိုဆိုနေကျ။ ဒီလို ဒုက္ခမျိုးကို ဆက်ပြီး သည်းမခံနိုင်တော့ကြောင်း သူ ပြောခဲ့သည်ကလည်း အခါခါ။ အာကီအိုအတွက် လုပ်နိုင်သည်မှာလည်း ဘာအသံမျှ မထွက်ဘဲ သူ ပြောသမျှကို ကြိုက်ကြိုက်၊ မကြိုက်ကြိုက် နားထောင်နေရုံသာ။ အနည်းဆုံး နားထောင်ချင်ယောင်ဆောင်နေရုံ။ မည်သို့မျှ ကန့်ကွက်လို့ မဖြစ်။ ဝေဖန်လို့ မရ။ သူ့အား ဆန့်ကျင်နေသည်ဟု မြင်လာလျှင် အခြေအနေမှာ ပို၍သာ ဆိုးရွားလာနိုင်သည်။

လုပ်စရာ မည်မည်ရရ မရှိသော်ငြားလည်း ကုမ္ပဏီတွင် အချိန်ပို ဆင်းနေခဲ့သည်။ သူ အိမ်သို့ စောစော မပြန်ချင်။ အိမ်ပြန်ရောက်လျှင်လည်း နားရမည် မဟုတ်။ ခန္ဓာကိုယ်က သက်သောင့်သက်သာ အနားရလျှင်တောင်မှ စိတ်က နားရတော့မည် မဟုတ်။ စိတ်ပင်ပန်းလျှင် လူလည်း မည်သို့ အနားယူနိုင်တော့မည်နည်း။

အိမ်တွင် အမေအို ခေါ်ထားမိသည့်အတွက် တစ်ခါတစ်ခါတော့လည်း နောင်တရမိသည်။ သို့သော် မည်သို့ တတ်နိုင်ဦးမည်နည်း။ အမေအိုကို မိမိနှင့် အတူနေရန် ခေါ်ထားရုံမှအပ တခြား ရွေးချယ်စရာ နည်းလမ်းလည်း မရှိခဲ့။ တစ်ဦးတည်းသော သားတစ်ယောက်အတွက် ထိုသို့မှ မလုပ်လျှင်လည်း မဖြစ်။ သားအမိတွေပဲ မဟုတ်ပါလား။

ကံဇာတ်ဆရာကလည်း ကျီစားလွန်းလှသည်။ ယနေ့ ဤသို့သော အခြေအနေမျိုး အထိတော့ ဖြစ်လာခဲ့ဖို့ မကောင်း။ မည်သူ့ကို အပြစ်တင်ရမည်နည်း။ နောက်ဆုံးတော့ ကံကို ယိုးမယ်ဖွဲ့ရုံသာ ရှိတော့သည်။

၁

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၃ )

အာကီအိုနှင့် ယာအေကိုတို့ အိမ်ထောင်ပြုခဲ့ကြသည်မှာ ၁၈ နှစ် ရှိခဲ့ပြီ။ ကုမ္ပဏီမှ လုပ်ဖော်ကိုင်ဖက်တို့၏ မိတ်ဆက်ပေးမှုကြောင့် သူတို့ တွေ့ဆုံခဲ့ကြပြီးနောက် တစ်နှစ်အကြာတွင် လက်ထပ်ခဲ့ကြခြင်း ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်ခဲ့ကြသောကြောင့် မဟုတ်ဘဲ လုပ်ဆောင်ရမည့် လူ့ဘဝ၏ တာဝန်တစ်ခုကို ကိုယ်စီထမ်းဆောင်ခဲ့ကြသလိုသာ ခံယူခဲ့ကြသည်။ နှစ်ဦးစလုံးမှာလည်း လက်ရှိ အခြေအနေထက် သာလွန်သော ရွေးချယ်စရာ မရှိကြသည်က တစ်ကြောင်း၊ ငြင်းပယ်နိုင်လောက်သော ချွတ်ယွင်းချက်များ မတွေ့ခဲ့ကြသည်ကလည်း တစ်ကြောင်းကြောင့် အိမ်ထောင်တစ်ခု တည်ဆောက်ရန် နှစ်ဦးသဘောတူ လက်ခံခဲ့ကြခြင်း ဖြစ်သည်။ ထို့ပြင် ယာအေကိုအနေဖြင့် ဒီထက် ပိုရွေးနေလျှင်လည်း အရွယ်လွန်တော့မည် ဖြစ်ရာ အာကီအိုကိုသာ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

အာကီအိုသည် လူပျိုဘဝက တစ်ဦးတည်း သီးသန့် နေထိုင်ခဲ့ရာ အိမ်ထောင်ပြုသည့် အခါတွင် မည်သို့ နေထိုင်ကြမည်ကို ဇနီးသည်နှင့် တိုင်ပင်ခဲ့ကြသည်။ ထို့နောက် သူ့ဇနီး၏ဆန္ဒအရ လူပျိုဘဝက နေထိုင်ခဲ့သောတိုက်ခန်းကိုပင် ဆက်လက်ငှားရမ်းကာ နှစ်ဦးသား နေထိုင်ခဲ့ကြသည်။ သို့သော် အာကီအို အနေဖြင့် အသက်ကြီးရင့်ကြပြီ ဖြစ်သော မိဘနှစ်ပါးလည်း ရှိကြသေးရာ လိုအပ်လာ

mgyoe.com

သော တစ်နေ့တွင် သူတို့အား စောင့်ရှောက်ရန် မိဘအိမ်သို့ ပြန်နေကြရမည်သာ ဖြစ်သည်။ ယခုတော့ တတ်နိုင်သေးသရွေ့ လင်မယားနှစ်ယောက် လွတ်လွတ်လပ်လပ် နေနိုင်ရန်နှင့် ပြဿနာ နည်းနိုင်သမျှ နည်းစေရန်အတွက် သီးခြားခွဲနေရန်သာ ဆုံးဖြတ်ထားခဲ့သည်။

အိမ်ထောင်ပြုပြီး သုံးနှစ်အကြာတွင် သူတို့မှာ သားဦးလေး တစ်ယောက် ဖွားမြင်ခဲ့သည်။ ယာအေကိုက နာအိုမီဟု အမည်မှည့်ခေါ်ခဲ့သည်။ ကလေးကိုကိုယ်ဝန်လွယ်စဉ်ကပင် စဉ်းစားထားသော နာမည်ဟု ဆို၏။

နာအိုမီကို မွေးဖွားပြီး နောက်ပိုင်းတွင် သူတို့၏အိမ်ထောင်ရေးဘဝမှာ မသိမသာ ပြောင်းလဲလာတော့သည်။ သားငယ်အား စောင့်ရှောက်ပြုစုရေးကို ဦးစားပေးသည်ဟု အကြောင်းပြကာ တခြား အိမ်မှုကိစ္စ အားလုံးတွင် လစ်ဟင်းလာတော့သည်။ ယခင်က သန့်ရှင်း သပ်ရပ်ခဲ့သော အခန်းများမှာလည်း ယခုအခါ မသိမ်းမဆည်းဘဲ ရှုပ်ပွနေလေပြီ။ ညစာအတွက် ဆိုလျှင်လည်း ယခင်ကကဲ့သို့ ချက်ပြုတ် စီမံထားခြင်းမျိုး မရှိတော့ဘဲ အလွယ်တကူ ပြီးစီးနိုင်သော အသင့်စား အစားအစာများကိုသာ သူ့အတွက် ပြင်ဆင်ပေးတော့သည်။

ထိုကဲ့သို့ အိမ်ထောင်မှု ကိစ္စများ လစ်ဟင်းလာသည်ကို အာကီအိုက နည်းနည်းလေးမျှကြည့်လို့ မရ။ သို့သော်လည်း ဘာမျှ မတတ်နိုင်။ တစ်ခါတလေ မည်သို့မျှ မအောင့်အည်းနိုင်တော့၍ ပြောမိပြန်လျှင်လည်း သူကပင် ဦးအောင် ဝုန်းဒိုင်းကြဲပြတော့သည်။ စူးစူးရဲရဲ ကြည့်၍ ရန်ထောင်ခံရသည်။

"ကလေးတစ်ယောက် ထိန်းရတယ် ဆိုတာ လွယ်လွယ်လေးများ ရှင်အောက်မေ့နေသလား။ အခန်းထဲ နည်းနည်းလေး ရှုပ်ပွ ညစ်ပေနေတော့ကော ဘာအရေးကြီးလဲ။ အမြင်မတော်ဘူး ဆိုရင်လည်း ရှင့်ဘာသာ ထပြီး လုပ်ပါတော့လား"

ကလေးငယ်အား ပြုစုသည့်အပိုင်းတွင် သူ့ဘက်က ဘာမျှ လုပ်မပေးနိုင်ခဲ့သည်ကို အာကီအို သိသည်။ ထို့ကြောင့် အထက်ပါအတိုင်း ပြောလာသော သူ့ဇနီးသည်၏ စကားများအား ပြန်လည် ချေပရန်လည်း သူ့မှာ စကားလုံး မရှိခဲ့။ ကလေးတစ်ယောက် လူလားမြောက်အောင် ပြုစုရန်မှာ ပင်ပန်းကြောင်း သူလည်း သဘောပေါက်သည်။ ယခုလို ကလေးအပေါ် လိုလေသေးမရှိအောင် စိတ်ရှည်လက်ရှည် ပြုစုစောင့်ရှောက်နေသည်ကိုပင် သူ့အား ကျိတ်၍ ချီးကျူးမိသေးသည်။

mgyoe.com

m g y o e . c o m

SAMPLE BOOK


မြေးဦးလေး ရသည့်အတွက်ကြောင့် အာကီအို၏ မိဘများကလည်း ပျော်၍ မဆုံးခဲ့ကြ။ ထို့ကြောင့် မိအို၊ ဘအိုများ အိမ်သို့ တစ်လ တစ်ကြိမ်တော့ သူတို့မိသားစုသုံးယောက် အလည်ရောက်သွားတတ်ကြသည်။ အစပိုင်းမှာတော့ ယာအေကိုအတွက် ပြဿနာ မရှိခဲ့ပေ။ သို့သော် တစ်နေ့တွင် ယောက္ခမဖြစ်သူ မာဆာအေ၏ စကားတစ်ခွန်းကြောင့် အကြီးအကျယ် ဒေါပွခဲ့ရသည်။ ကလေးအား နို့ဖြတ်ရန် ကိစ္စနှင့် ပတ်သက်၍ ယောက္ခမ၏ အကြံပေးချက်သည် သူ့သဘောထားနှင့် မတိုင်ဆိုင်သောကြောင့် အကြီးအကျယ် စကားများခဲ့ကြသည်။ ထို့နောက် ယာအေကိုသည် ကလေးကို ပိုက်ကာ အိမ်ထဲမှ ထွက်ချသွားပြီး တက္ကစီ ငှားကာ အိမ်ပြန်သွားလေတော့သည်။ ခင်ပွန်းဖြစ်သူ အိမ်ပြန်ရောက်သောအခါ ယာအေကိုသည် ဤသို့ ကြေညာလိုက်လေသည်။

"ဒီနေ့ကစပြီး နောက် ဘယ်တော့မှ အဲဒီအိမ် မသွားတော့ဘူး"

ကလေးကို ထိန်းကျောင်းရခြင်းနှင့် အိမ်ထောင်မှု ပြုလုပ်ရခြင်း၊ ထိုနှစ်ခုကို သူတစ်ယောက်တည်း နေ့ညမပြတ် လုပ်နေရသည်မှာ မည်မျှ စိတ်ပန်းကိုယ်ပန်း ဖြစ်ကြောင်း ငိုယို၍ မြည်တမ်းနေခဲ့သည်။ ထိုဝန်များကို သူတစ်ယောက်တည်း ကြိုးစား၍ ရုန်းကန်နေရသည်ကို မထောက်ထားဘဲ ဟိုပြော ဒီပြော ဝေဖန်နေခြင်းမှာ သူ့ကို ကိုယ်ချင်းမစာနာရာ ရောက်ကြောင်း၊ ထိုသို့ သူ့ကို အပြစ်ရှာဖို့ မကောင်းကြောင်း ညည်းတွားနေတော့သည်။ အာကီအိုသည် သူ့ကို မည်သို့မျှ ချော့၍ မရ။ သူ့အမေဘက်မှ ကူပြီး ပြောပေးသမျှကို ဘာတစ်ခုမျှ လက်သင့်မခံနိုင်ခဲ့။

မတတ်နိုင်သည့် အဆုံးတွင် သူ့ဇနီးသည်၏ ဆန္ဒအတိုင်း မိဘအိမ်သို့ မသွားရန် သဘောတူခဲ့ရသည်။ ယခုကိစ္စကို ယာယီသဘောမျှသာဟု သူ ထင်နေခဲ့သည်။ နောက်ပိုင်း ဒေါသများ ပြေလျော့သွားသော အခါတွင် ယခင်အတိုင်း ပြန်သွားရန် သဘောတူလာလိမ့်မည်ဟုသာ ခပ်ပေါ့ပေါ့ တွေးထားခဲ့၏။ တကယ့်လက်တွေ့မှာကား ထိုသို့ မဟုတ်ခဲ့။ သူ့ဇနီးသည်၏ အခဲမကျေသော အာဃာတသည် ပျောက်ကွယ်သွားသည် မရှိတော့ပေ။

ယောက္ခမနှင့် ချွေးမတို့ ရန်ဖြစ်ကြပြီးသည့် နေ့မှစ၍ မိအို၊ ဘအိုတို့မှာလည်း သူတို့၏မြေးကလေးအား မတွေ့ရတော့ပေ။ အကြောင်း တစ်စုံတစ်ရာ ရှိ၍ မိဘအိမ်သို့ သွားရသည် ဆိုဦးတော့ အာကီအို တစ်ယောက်တည်းသာ

m g y o e . c o m

mgyoe.com SAMPLE BOOK

ရောက်ဖြစ်တော့သည်။ မိဘများကတော့ သူတို့၏ မြေးကလေးကို အတူ ခေါ်လာခဲ့ရန် တတွတ်တွတ် မှာကြရှာသည်။

"လောကမှာ ယောက္ခမနဲ့ ချွေးမ တည့်တယ် ဆိုတာ ဘယ်မှာမှ မရှိမှန်း အမေလည်း သိပါတယ်အေ။ ယောက္ခမတိုင်းကို ပစိပစပ် များတယ်လို့ ချွေးမတိုင်းက ထင်ကြတာ မဟုတ်လား။ ယာအေကို ကိုတော့ ထားလိုက်ပါ၊ နားလည်ပါတယ်။ ဒါပေမဲ့ သူ မလာလည်း မြေးလေးကိုတော့ ခေါ်လာလို့ ရတာပဲဟာ။ နင့်အဖေလည်း သူ့မြေးကို သိပ်တွေ့ချင်နေရှာတာ"

သူ့မိခင်၏ ပြောစကားကို ကြားသောအခါ သူ့မှာလည်း စိတ်မကောင်း။ သားအချစ် မြေးအနှစ် မဟုတ်လား။ အဖေ၊ အမေတို့၏ ဆန္ဒကိုလည်း နားလည်ပါ၏။ သို့သော် သူ့ဇနီးကတော့ သဘောတူလိမ့်မည် မထင်။ သို့မဟုတ် သူ့ဇနီးအား မေးကြည့်ရန်ပင် သူ့မှာ ခွန်အား မရှိခဲ့။ နာအိုမိ တစ်ယောက်တည်းအား သူ့မိဘဆီသို့ ခေါ်သွားမည်ဟု သူ့ကို ပြောမိလျှင် မိုးမီးလောင်သွားနိုင်သည်။ ထို့ကြောင့် သူတို့မြေးလေးအား ခေါ်လာခဲ့ပါမည့် အကြောင်း နှစ်သိမ့်ပြောကြားခဲ့သော်လည်း ထိုအကြောင်းကို ယာအေကိုအား တစ်ခါမျှ မဟာခဲ့ပေ။

ထိုသို့ဖြင့် ၇ နှစ်တာ ကုန်ဆုံးသွားခဲ့သည်။ တစ်နေ့သောအခါ မိခင်ထံမှ ဖုန်းဝင်လာသည်။ သူ၏ ဖခင်သည် ဦးနှောက်ထဲ သွေးယိုစီးမှုကြောင့် ဆေးရုံတက်နေရသည်ဟု ဆိုသည်။ အတိတ်မေ့သကဲ့သို့ ဘာတစ်ခုကိုမျှ မမှတ်မိတော့။

ထိုသို့သော အခြေအနေရောက်မှသာ အာကီအိုသည် မိဘများဆီသို့ အတူသွားရန် သူ၏ ဇနီးသည်ကို ချော့မော့ ပြောမိတော့သည်။ ဖခင် မကွယ်လွန်ခင် နောက်ဆုံးအနေဖြင့် သွားရောက် ကြည့်ရှုသင့်သည် ဟူသော အကြောင်းပြချက်ဖြင့် စည်းရုံးရသည်။ ယောက္ခမကြီးကို ကွယ်လွန်သွားချိန်အထိ တစ်ချက်ကလေးတောင် ကြည့်ဖော်မရဟု လူတွေ ဝိုင်းပြောကြမည်ကိုလည်း ယာအေကိုက မလိုလားပေ။ ထို့ကြောင့် အာကီအို၏ တောင်းဆိုချက်ကို မငြင်းဆန်ခဲ့ချေ။

အာကီအိုသည် မယားနှင့် သားကို ခေါ်၍ ဆေးရုံသို့ ရောက်သွားသောအချိန်တွင် ခွဲစိတ်ခန်းမ၏ အပြင်ဘက်တွင် မျက်နှာညှိုးရော်စွာ ထိုင်နေသော မိခင် မာဆာအေကို တွေ့ကြရ၏။ သူ့ဖခင်၏ ဦးခေါင်းထဲမှ သွေးခဲများကို ခွဲစိတ်ဖယ်ရှားနေဆဲအချိန် ဖြစ်သည်။

"ရေချိုးပြီးလို့ ရေချိုးခန်းထဲက ဆေးလိပ်ဖွာရင်း ထွက်လာတုန်း ဝုန်းခနဲ ကြမ်းပြင်ပေါ် လဲကျသွားတာပဲ" ဟု မာဆာအေက ငိုယို၍ ပြောနေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဆေးလိပ်ဖြတ်ဖို့ မပြောဘူးလား အမေရာ"

"အဲဒါကို သူက တမ်းတမ်းစွဲ ဖြစ်နေတာကိုးကွယ်"

မာဆာအေသည် စိတ်ဆင်းရဲနေသော အမူအရာဖြင့် ပြန်ဖြေလိုက်ပြီး ယာအေကိုဘက်သို့ လှည့်ကြည့်သည်။

"မတွေ့ရတာ ကြာပြီနော်၊ နေကောင်းတယ် မဟုတ်လား။ တကူးတက လာခိုင်းရသလို ဖြစ်နေပြီ"

"ရပါတယ်၊ အဖေ အမေတို့နဲ့ မတွေ့ရတာတောင် အတော်ကြာသွားပြီ"

အားနာပါးနာ အမူအရာမျိုးဖြင့် ယာအေကိုက ပြန်ပြောလိုက်သည်။

"ကိစ္စမရှိပါဘူးလေ၊ သမီးလည်း အားတာမှ မဟုတ်ဘဲ"

မာဆာအေသည် သူ၏ အကြည့်များကို ယာအေကိုထံမှ ဖဲခွာကာ မိခင်နောက်တွင် ကွယ်၍ ရပ်နေသော နာအိုမိကို ပြုံးပြလိုက်သည်။

"အတော်တောင် ထွားလာပြီပဲ၊ မှတ်မိသေးလား၊ ဘွားဘွားလေ"

"ဘွားဘွားကို ခေါ်လိုက်ဦးလေ၊ သား"

အာကီအိုသည် သူ့သားကို လှမ်းပြောလိုက်သည်။ သို့သော် နာအိုမိသည် ဘာမျှ မပြောဘဲ ခေါင်းငုံ့သွားသည်။

နမနှင့် ယောက်ဖတို့လည်း မကြာခင် ဆေးရုံသို့ ရောက်လာကြသည်။ သူတို့ တစ်ခဏတာ စကားပြောကြပြီးနောက် ဟာရုမိသည် သူ၏ မိခင်ထံသို့ သွားကာ နှစ်သိမ့်စကား ပြောနေလေ၏။ သူ၏ ယောက်မကိုတော့ တစ်ချက်ကလေးမျှ မကြည့်။ သူ၏ မိဘများအား ချွေးမတစ်ယောက်အနေဖြင့် ဤသို့ ဤပုံ ဆက်ဆံနေသည်ကို လုံးဝ မကျေနပ်ကြောင်း ပြသနေသည့်နှယ်။

ထိုသို့သော အတွင်းကျိတ် အပူမီးများကြားတွင် အာကီအိုသည် ခွဲစိတ်မှု မြန်မြန် ပြီးဆုံးပါစေဟုသာ ဆုတောင်းနေရသည်။ သားတစ်ယောက်အနေဖြင့် အောင်အောင်မြင်မြင်သာ ပြီးဆုံးစေချင်သည်။ သို့သော် တခြားတစ်ဖက်မှလည်း ပြဿနာတစ်ခုကို စဉ်းစားနေမိသည်။ ဤသို့သာ ဖခင် ဆုံးပါးသွားခဲ့လျှင် မည်သို့ လုပ်ရမည်နည်း။ ဘယ်သူတွေကို အကြောင်းကြားရဦးမည်နည်း။ နာရေးကို မည်သို့ စီစဉ်ရမည်နည်း။ ရုံးကို မည်သို့ ခွင့်တိုင်ရမည်နည်း... စသည် စသည်ဖြင့် သူ့ဦးနှောက်ထဲတွင် အစီအရီ ပေါ်ထွက်လာနေကြသည်။

ထိုအရာများမှာ ဖြေရှင်းရလွယ်သော ကိစ္စများသာ။ နာရေးပြီး နောက်ပိုင်း ဆက်လက် ရင်ဆိုင်ရမည့် ကိစ္စများကို စဉ်းစားမိသောအခါတွင်မှ ပိုစိတ်ရှုပ်

mgyoe.com

mgyoe.com


ရတော့သည်။ တစ်ယောက်တည်း ကျန်ရစ်ခဲ့မည် ဖြစ်သော မိခင်အား မည်သို့ စီစဉ်ပေးရမည်နည်း။ အမယ်အိုတစ်ယောက်တည်း သီးခြားနေဖို့ရာမှာ ကာလတို ဆိုလျှင် သိပ်ပြဿနာ မရှိ။ ဤသို့ တစ်ယောက်ထီးတည်း အချိန်အကြာကြီး ပစ်ထား၍လည်း မဖြစ်။ တစ်ဦးတည်းသော သားတစ်ယောက် အနေဖြင့် အမယ်အိုအား ပြုစုစောင့်ရှောက်ရမည့် တာဝန်ရှိကြောင်း သူ သဘောပေါက်သည်။ သို့သော် ...

ယာအေကိုနှင့် နာအိုမိတို့သည် ခပ်လှမ်းလှမ်းမှ ထိုင်ခုံများတွင် မျက်နှာသေဖြင့် ထိုင်နေကြသည်။ နာအိုမိသည် ငယ်ရွယ်သေးသောကြောင့် ဘာတွေဖြစ်နေမှန်းပင် သဘောပေါက်ပုံ မရ။ ထို့ကြောင့် ဒီအတိုင်း ထိုင်နေရသည်မှာ သူ့အတွက် အတော် ပျင်းစရာကောင်းနေသည်။

မိခင်နှင့် အတူ နေထိုင်ရန်မှာ မည်သို့မျှ အဆင်ပြေမည့် ကိစ္စမဟုတ်။ ယခုလို သီးခြားစီ နေထိုင်ကြပြီး ရံဖန်ရံခါသာ တွေ့ကြရသည်ပင် သူတို့မှာ ပြဿနာ တက်နေကြသည်။ အိမ်တစ်လုံးထဲတွင် အတူတူ နေနေကြမည် ဆိုလျှင် မည်မျှ အခြေအနေ ဆိုးလာလိမ့်မည်ကို သူ တွေးပင် မတွေးရဲ။ နေ့စဉ် ကမ္ဘာပျက် မတတ် ဖြစ်နေနိုင်သည်။

ဖခင် ပြန်ကျန်းမာလာဖို့သာ ဆုတောင်းနေရတော့မည်။ တစ်နေ့ မဟုတ် တစ်နေ့တွင် မဖြစ်မနေ ရင်ဆိုင်ရမည့် ပြဿနာမှန်း သိနေသော်လည်း တတ်နိုင် သလောက် အချိန်ဆွဲထားချင်သေးသည်။

ကံကောင်းထောက်မစွာ ဖခင်မှာ ပြန်လည် သတိရလာခဲ့သည်။ ခန္ဓာကိုယ် ဘယ်ဘက်အခြမ်းမှာ အနည်းငယ် ထုံနေ ဖြစ်နေသော်လည်း သွားလာ လှုပ်ရှားမှုအတွက် အနှောင့်အယှက် မဖြစ်ခဲ့။ ဆေးရုံမှာ အတန်ကြာ နေပြီးနောက် အိမ်ပြန်ရောက်သွားသောအခါတွင်လည်း အာကီအိုသည် သူ့မိဘအိမ်သို့ မကြာခဏ ဖုန်းဆက်၍ သာကြောင်းမာကြောင်း မေးတတ်သည်။

တစ်နေ့တွင် ယာအေကိုသည် အာကီအိုအား မေးခွန်းတစ်ခု မေးလာသည်။

"တကယ်လို့သာ အဲဒီနေ့က ရှင့်အဖေ ဆုံးသွားခဲ့ရင် ရှင့်အမေအတွက် ဘယ်လို စီစဉ်ပေးမယ်လို့ စိတ်ကူးခဲ့သလဲ"

အတော်ပင် ဖြေရကျပ်သည့် မေးခွန်း။

mgyoe.com

m g y o e . c o m

SAMPLE BOOK


"ဘာမှ မစဉ်းစားရသေးပါဘူးကွာ" ဟုသာ ခပ်လွယ်လွယ် ဖြေလိုက်သည်။

"အမေ့ကို ရှင်နဲ့အတူ ခေါ်နေဖို့ လုံးလုံး စိတ်မကူးမိဘူးပေါ့"

"အဲဒီလောက် ဝေးဝေးလံလံ စဉ်းစားမနေနိုင်ပါဘူးကွာ၊ အခုမှ ဘာစိတ်ကူးပေါက်ပြီး အဲဒီ မေးခွန်းကို လာမေးနေရတာလဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မ အဲဒီတုန်းက စဉ်းစားနေခဲ့တယ်။ ရှင် အဲဒီလို ပြောလာခဲ့ရင် ကျွန်မ ဘယ်လို လုပ်ရပါ့မလဲလို့"

ယာအေကိုသည် သူ ယောက္ခမနှင့် အတူ မနေလိုကြောင်းကို အာကီအို အား သွယ်ဝိုက်သောနည်းဖြင့် ပြောပြလိုက်ခြင်း ဖြစ်သည်။

"ရှင့်အမေနဲ့ အတူတူ အဆင်ပြေပြေ နေနိုင်လိမ့်မယ်လို့ ကျွန်မတော့ မထင်ဘူး။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူ့ကို စောင့်ရှောက်ဖို့ လိုအပ်လာပြီ ဆိုရင်တောင်မှ အတူတူ နေဖို့ ကိစ္စကိုတော့ လုံးဝ ထည့်မတွက်ပါနဲ့"

ဇနီးသည်က ယခုလောက် ပြတ်ပြတ်သားသား ပြောလာပြီ ဆိုမှ သူ့အနေဖြင့်လည်း ဘာမျှ ပြန်ဖြေစရာ မရှိတော့ပြီ။ သူ သဘောပေါက်ကြောင်းသာ ခပ်တိုတို ဖြေလိုက်ရသည်။ အမေ မာဆာအေ အလျှင် သေသွားခဲ့ခြင်းသည်ပင် အားလုံးအတွက် ပိုကောင်းလေမလားဟု စဉ်းစားမိသေးသည်။ ယာအေကိုသည် သူ့အဖေကိုတော့ ထိုမျှ အမြင်ကတ်နေလိမ့်မည်ဟု သူ မထင်။ သို့သော် အဖြစ်မှန်သည် သူ မျှော်လင့်ထားသလို ဖြစ်မလာခဲ့။

လအနည်းငယ် ကြာပြီးနောက် တစ်နေ့တွင် မိခင် မာဆာအေထံမှ ဖုန်းရသည်။ စိုးရိမ်အားငယ်နေသော လေသံဖြင့် သူ့ယောက်ျားသည် အနည်းငယ် ထူးခြားနေကြောင်း ပြောလာ၏။

"ထူးခြားနေတယ်... ဘယ်လိုပုံစံမျိုး ထူးနေတာလဲ အမေ"

"သူလား၊ အခုဆိုရင် စကားတစ်ခွန်းကို ပြောပြီးရင်လည်း ထပ်ခါ ထပ်ခါ ပြောနေတော့တာပဲ။ အမေ ပြောလိုက်တဲ့ စကားကိုလည်း ခဏလေးနေရင် မမှတ်မိတော့ဘူး"

သူသည် အသံကို နှိမ့်ချလိုက်ပြီး–

"သူငယ်များ ပြန်နေပြီလား မသိဘူး"

"မဟုတ်နိုင်ပါဘူး အမေရာ"

m g y o e . c o m

mgyoe.com  SAMPLE BOOK 

အာကီအိုအတွက်တော့ လက်မခံနိုင်သေး။ သူ့အဖေသည် ခန္ဓာကိုယ် တုတ်ခိုင်ခြင်း မရှိသော်လည်း အတော်ပင် ကျန်းမာသန်စွမ်းသည့် သူ ဖြစ်သည်။ မနက်တိုင်း ခပ်စောစော လမ်းလျှောက်ထွက်တတ်ပြီး ပြန်ရောက်လျှင်လည်း သတင်းစာများကို ထိုင်ဖတ်နေတတ်သည်မှာ သူ၏ နိစ္စဓူဝ အလုပ်ပင် ဖြစ်သည်။ ထိုကဲ့သို့သော ယောကျ်ားကြီး တစ်ယောက်သည် တစ်နေ့တွင် သူငယ်ပြန်သွား လိမ့်မည်ဟု သူ ဘယ်တုန်းကမျှ မျှော်လင့်မထားခဲ့။ အသက်အိုမင်းလာသည့် မည်သူမဆို တစ်နေ့နေ့ သူငယ်ပြန်သွားနိုင်သည်ဟု သူ သိထားသော်လည်း ထိုသူများထဲတွင် သူ့မိဘများ မပါဝင်နိုင်။ သူက ဤသို့သာ အပြည့်အဝ ယုံကြည် နေသည်။

"ဘာပဲဖြစ်ဖြစ် နင့်အဖေကို အရင် လာကြည့်ပါဦးလား"

ထိုသို့ပြောပြီး ဖုန်းချသွားသည်။

ထိုအဖြစ်အပျက်ကို ယာအေကိုအား ပြောပြလိုက်သည်။ ထိုသို့ ကြား သောအခါ ယာအေကိုသည် သူ့ယောကျ်ား မျက်နှာကို စေ့စေ့ကြည့်လျက်–

"အဲဒီတော့ သူက ဘာဖြစ်စေချင်တာတဲ့လဲ"

"ဘာတွေ ဖြစ်ပျက်နေသလဲ ဆိုတာတော့ အကျိုးအကြောင်း သိရအောင် အရင် သွားကြည့်ပါရစေဦးလား"

"ရှင့်အဖေ တကယ်ပဲ သူငယ်ပြန်နေပြီ ဆိုရင်ကော ဘယ်လို လုပ်မလဲ"

"အဲဒါ.... ကို ဘာမှ မစဉ်းစားရသေးပါဘူးကွာ"

"လွယ်လွယ်နဲ့ ကတိတွေ လျှောက်ပေးမနေနဲ့ဦး"

"ကတိ...."

"ရှင်က သားတစ်ယောက်အနေနဲ့ စောင့်ရှောက်ရမယ့် တာဝန်ရှိတယ် ဆိုတာ ကျွန်မ နားလည်ပါတယ်။ ကိုယ့်မိသားစုနဲ့ ကိုယ် ရှန်းကန်နေရတဲ့ ဘဝ တစ်ခု ရှိနေသေးတယ် ဆိုတာကိုလည်း မမေ့နဲ့ဦး။ နာအိုမိကလည်း ငယ်သေး တယ် မဟုတ်လား"

အခုမှ ယာအေကို၏ဆိုလိုရင်းအနက်ကို သူ သဘောပေါက်သွားသည်။ သူငယ်ပြန်နေသော အဘိုးအိုတစ်ယောက်အား ပြုစုရမည့် တာဝန်များ သူ့ထံ ဝိလာမည်ကို ကြောက်ရွံ့နေခြင်း ဖြစ်သည်။

"မင်းကို တာဝန်မဝိစေရပါဘူး၊ မပြောလည်း ကို နားလည်ပါတယ်"

mgyoe.com

m g y o e . c o m


"အဲဒါဆို အကောင်းဆုံးပေါ့"

ယာအေကို၏ ပါးစပ်မှ ထိုသို့ ပြောလိုက်သော်လည်း သူ၏ သံသယ အကြည့်များက အငွေ့မပြယ်သေး။

နောက်တစ်နေ့ ရုံးဆင်းသောအခါ အာကီအိုသည် သူ့မိဘ အိမ်သို့ သွားခဲ့သည်။ သူ့အဖေ သူငယ်ပြန်၍ မည်မျှ ပြောင်းလဲနေမည်နည်း။ ထိုသို့သော အံ့ဩသည့် စိတ်၊ စိုးရိမ်သည့် စိတ်ဖြင့် အိမ်တံခါးကို ဖွင့်၍ ဝင်သွားခဲ့သည်။ သို့သော် သူ့အတွက် မထင်မှတ်ထားသည်မှာ သူ့အဖေက သူ့အား အပြင်ထွက်၍ လာကြိုနေသည်။

"ဟေ... ဒီနေ့ ဘယ်လေ တိုက်လို့ ဒီ ရောက်လာတာလဲ"

ဖခင်နှင့် ပျော်ပျော်ရွှင်ရွှင် စကားလက်ဆုံ ကျနေခဲ့သည်။ သူ၏ အလုပ်ကိစ္စ အကြောင်းများပင် မေးမြန်းလျက်။ ယခု အခြေအနေအတိုင်း ဆိုရင် သူငယ်ပြန်နေသူနှင့် နည်းနည်းမျှ မတူ။ ဘာလက္ခဏာမျှ မတွေ့ရ။

တစ်ခဏအကြာတွင် အပြင်သွားနေခဲ့သော မာဆာအေ အိမ်ပြန်ရောက်လာ၍ သူ၏ အမြင်ကို ဖွင့်ပြောဖြစ်သည်။ မိခင်ဖြစ်သူကတော့ မအီမသာ စိုးရိမ်သော မျက်နှာပေးဖြင့် ပြန်ပြောသည်။

"တစ်ခါတလေတော့ အခုလို မှုမှန်နေတာပဲ။ အမေတို့ နှစ်ယောက်တည်း ကျန်နေတော့တဲ့ အချိန်ဆိုရင် သူ့အမူအရာတွေက ကိုးရိုးကားရား ဖြစ်လာရော"

"ကျွန်တော် နောက်နေ့တွေလည်း လာခဲ့ပါဦးမယ်။ ဘာဖြစ်ဖြစ် အခုလို ကျန်းကျန်းမာမာ တွေ့ရတော့ စိတ်ချရတာပေါ့"

ထိုစကားပြောပြီး မကြာခင် သူလည်း နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

ထိုကဲ့သို့ နောက်တစ်ကြိမ် နှစ်ကြိမ် သွားလည်သည့် အခါတိုင်း သူ့ဖခင်တွင် ထူးခြားသော အမူအရာကို မတွေ့ခဲ့ရပေ။ သို့သော် မာဆာအေကတော့ သူ့ယောကျ်ား သူငယ်ပြန်နေပြီဟု အခိုင်အမာ ယုံကြည်နေသည်။

"အမေ ပြောခဲ့တဲ့ စကားတွေကို သူ တစ်လုံးမှ မမှတ်မိတော့ဘူး။ သူ့ကို ဘာဝယ်ကျွေးထားတယ် ဆိုတာတောင် သတိမရတော့ဘူး။ သား အဖေကို ဆေးရုံမှာ ဆေးသွားစစ်ဖို့ ပြောကြည့်ပါဦးလား။ အမေ ပြောရင်တော့ သူ ဘာမှ မဖြစ်လို့ မသွားဘူး ဆိုပြီး ပြန်ပြန် ဟောက်နေတော့တာ"

m g y o e . c o m

mgyoe.com

SAMPLE BOOK


မိခင်၏ တောင်းဆိုမှုကြောင့် အဖေဖြစ်သူအား ချော့မော့၍ ဆေးရုံသို့ ခေါ်သွားခဲ့ရသည်။ ယခင်က ခွဲစိတ်ထားခဲ့ခြင်းအတွက် ပြန်လည်စစ်ဆေးရန် လိုအပ်သောကြောင့်ဟု အကြောင်းပြ၍ ခေါ်မှ ဖခင်ကလည်း ဆေးရုံသွားဖို့ အသာတကြည် သဘောတူခဲ့သည်။

ဦးနှောက်ကို CT Scan ရိုက်ကြည့်သောအခါတွင် ဦးနှောက်သည် အရင်ကထက် အလျင်အမြန် ကျုံ့လာနေကြောင်း တွေ့ကြရသည်။ ထို့ကြောင့်လည်း သူငယ်ပြန်သော လက္ခဏာများ မကြာခဏ ဆိုသလို ဖြစ်ပေါ်လာနေခြင်း ဖြစ်သည်။

ဆေးရုံမှ ပြန်ရောက်သောအခါ မာဆာအေသည် သူ့သားအား နေရေးထိုင်ရေး အဆင်မပြေမှုများကို ညည်းတွားနေသည်။ မည်သို့ မည်ပုံ ဖြေရှင်းရမည်ဟုလည်း အာကီအိုက အဖြေမပေးတတ်။ သူလည်း တတ်နိုင်သလောက် ကူညီပါ့မည်ဟုသာ အကြမ်းဖျင်း ကတိပေးနိုင်သည်။ လက်ရှိ အခြေအနေကလည်း သိပ်ဆိုးဆိုးရွားရွားကြီးလည်း မဟုတ်သေး။ ထို့ပြင် လွယ်လွယ်နှင့် တာဝန်မခံခဲ့ရန်လည်း သူ့မိန်းမကို ကတိပေးထားခဲ့သည် မဟုတ်ပါလား။

သူ့ဖခင်၏ အခြေအနေမှာ တစ်နေ့ထက်တစ်နေ့ ပို၍ ပို၍သာ ဆိုးရွားလာခဲ့သည်။ နောက်ဆုံး အခြေအနေကို သူ့ထံ ဖုန်းဆက်ပြောခဲ့သူမှာ သူ့နှမ ဟာရုမိ။

"အစ်ကို၊ အဖေ့ကို သွားကြည့်ပါဦးလား၊ အစ်ကို မြင်ရင် လန့်တောင်သွားဦးမယ်"

သူ့နှမ၏ စကားကြောင့် သူ့စိတ်ထဲ ထင့်သွားခဲ့သည်။

"လန့်သွားမယ်... ဘာကို လန့်ရမှာလဲ"

"အဖေ့ဆီ သွားသာ ကြည့်လိုက်စမ်းပါ"

ဟာရုမိသည် ထိုမျှသာ ပြော၍ ဖုန်းချသွားသည်။

ရက်အနည်းငယ် ကြာသောအခါ အာကီအိုသည် သူ့ မိဘအိမ်သို့ နောက်တစ်ခေါက် ရောက်ခဲ့ပြန်သည်။ ထိုအခါကျမှ သူ့နှမ ပြောသော စကားတို့၏အဓိပ္ပာယ်ကို ကောင်းကောင်းသဘောပေါက်သွားတော့သည်။ သူ့အဖေမှာ ယခုအခါ လူရုပ် မပေါ်တော့။ ပိန်လှီသေးကွေးသော ခန္ဓာကိုယ်အပြင် မျက်လုံးများကလည်း ဟောက်ပက်ဝင်လျက်။ အထူးခြားဆုံးမှာ အာကီအိုကို မြင်သည်နှင့် ထွက်ပြေးနေခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"အဖေ၊ ဘယ်လို ဖြစ်တာလဲ၊ ဘာဖြစ်လို့ ရှောင်ပြေးနေရတာလဲ"

အာကီအိုသည် အရေခွံများ တွန့်လိပ်နေပြီ ဖြစ်သော သူ့ဖခင်၏ လက်မောင်းလေးကို ဖမ်းဆုပ်၍ မေးလိုက်သည်။

သူ့ဖခင်မှာ ကလေးတစ်ယောက်လို ကျုံ့အော်လိုက်ပြီး အတင်း ရုန်းထွက်ရန် ကြိုးစားနေတော့သည်။

"သူ နင့်ကို မမှတ်မိတော့ဘူး၊ ကြည့်ရတာ နင့်ကို သူစိမ်း ဦးလေးကြီး တစ်ယောက်လို့ မြင်နေပုံ ရတယ်"

မာဆာအေက သူ့သားကို ရှင်းပြသည်။

"အမေ့ကိုကော... သူ မှတ်မိသေးလား"

"တစ်ခါတလေတော့ မှတ်မိတယ်၊ တစ်ခါတလေမှာ မမှတ်မိဘူး၊ တစ်ခါတလေကျပြန်တော့ ငါ့ကို သူ့အမေလို့ ထင်နေတတ်တာ။ ..... ဟိုရှေ့တစ်ခေါက်က ဆိုရင် နင့်နှမကို သူ့မိန်းမလို့ ထင်နေသေးတာ"

သူတို့ ယခုလို စကားပြောနေကြစဉ် အဘိုးကြီးသည် အပြင်ဘက် မြက်ခင်းပြင်တွင် ထိုင်လျက် ကောင်းကင်ကြီးအား မော့ကြည့်နေသည်။ သူတို့ ဘာပြောနေကြသည်ကို လုံးဝ စိတ်မဝင်စားသည့်နှယ်။ အဘိုးကြီး၏ လက်ချောင်းများ နီရဲနေကြသည်ကို အာကီအို သတိထားမိသွားသည်။ အကြောင်းအရင်းကို မေးကြည့်သောအခါ မာဆာအေထံမှ အဖြေကို ထိုသို့ ကြားရ၏။

"သူက အလှပြင်တမ်း ကစားနေတာ"

"အလှပြင်တမ်း..."

"ပြောရရင်တော့ဟာ အမေ့ရဲ့ အလှကုန်ပစ္စည်းတွေကို ယူဆော့တာပေါ့။ သူ့လက်မှာ ပေနေတာတွေက အမေ့ရဲ့ နှုတ်ခမ်းနီဘူးကို ယူဆော့ထားလို့လေ။ ကလေးလေးလိုပါပဲ"

အဘိုးကြီးသည် တစ်ခါတလေတော့ ကလေးလေး တစ်ယောက်လို ဆော့လိုက်၊ တစ်ခါတလေတော့ လူကြီးတစ်ယောက်လို ဖြစ်လိုက်နှင့် မှုမမှန်ချင်။ အသေချာဆုံးမှာ တစ်နေ့တခြား မှတ်ဉာဏ်များ ပျက်ယွင်းလာခြင်း ဖြစ်သည်။ သူ ဘာတွေ လုပ်ခဲ့သည်ကိုပင် သူ့ကိုယ်သူ လုံးဝ မမှတ်မိတော့။

ထိုသို့သော လူတစ်ယောက်နှင့် တစ်နေကုန် အတူတကွ နေထိုင်ရသည်မှာ မည်မျှ ပင်ပန်းခက်ခဲမည် ဖြစ်ကြောင်းကို အာကီအိုအနေဖြင့် မတွေး

mgyoe.com

mgyoe.com
SAMPLE BOOK


တတ်။ သို့သော် သေချာသည်မှာ သူ၏ မိခင် မာဆာအေမှာ ယခုအခါ အတော်ပင် ပင်ပန်းနေလေပြီ။

"ဒီကိစ္စက 'ပင်ပန်းတယ်' တစ်လုံးတည်းနဲ့ ရှင်းပြလို့ ရတဲ့ ကိစ္စမျိုး မဟုတ်ဘူး"

ဟာရုမိနှင့် သူ၊ နှစ်ဦးတည်း ဆုံဖြစ်သောအခါ ဟာရုမိက သူ့အား မျက်နှာထား တင်းတင်းဖြင့် ပြောခဲ့သည်။

"ရှေ့တစ်ခေါက် ကျွန်မ သူတို့ကို သွားတွေ့တုန်းက အဖေ ဂျီကျနေတာ များ အစ်ကို့ကို မြင်စေချင်တယ်။ အမေ့ကို ပြဿနာ ရှာနေတာလေ။ အခန်း တစ်ခန်းလုံးလည်း ရှုပ်ပွလို့၊ မီးဖိုခန်းထဲက ပစ္စည်းတွေလည်း အကုန်လုံး မွှေနှောက် ထားလိုက်တာ ကြမ်းပြင်ပေါ်မှာ ပြန့်ကျဲနေတာပဲ။ အဖေက ပြောတယ်။ သူ သိမ်းထားတဲ့ လက်ပတ်နာရီ ရှာမတွေ့တော့ဘူးတဲ့။ အမေ ခိုးထားတာပဲ ဖြစ်မယ် တဲ့။ အမေ့ကို အဲဒီလို ပြဿနာ ရှာနေတာ"

"လက်ပတ်နာရီ..."

"ပျောက်သွားတာ ကြာပေါ့ အစ်ကိုရာ။ အဖေကိုယ်တိုင်ပဲ လွှင့်ပစ်ခဲ့တာ လေ။ အဲဒီလို ရှင်းပြတော့လည်း သူက နားမထောင်ဘူး။ အဲဒီ လက်ပတ်နာရီ မရှိရင် သူ ဘယ်လိုလုပ်ပြီး အပြင်ထွက်ရပါ့မလဲ ဆိုပြီး အမေ့ကို ဂျီကျနေတော့ တာ"

"အပြင်သွားမလို့..."

"ကျောင်းသွားမလို့လို့ ပြောတာပဲ၊ ကျွန်မလည်း နားမလည်ဘူး။ အဲဒီ လို အခြေအနေမျိုးမှာ သူ့ကို သွားပြီး အတင်းအကျပ် လုပ်နေလို့ မရဘူးလေ။ သူ့ကို နာရီ ကူရှာပေးပါ့မယ်လို့ ချော့မော့ ပြောလိုက်မှ ငြိမ်ကျသွားတယ်။ ကျောင်း ကို မနက်ဖြန်မှ သွားကြတာပေါ့ လို့လည်း ချော့ထားရသေးတယ်"

အာကီအိုသည် အတွေးများနှင့် ချာချာလည်လျက်။ ထိုကဲ့သို့သော အနေအထားမျိုး၊ အဖြစ်မျိုးကို သူ့ဖခင်ထံတွင် တွေ့ကြုံလာရလိမ့်မည်ဟု ယခုထိ မယုံချင်သေး။

သူတို့၏ စကားများက နောက်နောင် မည်သို့ဆက်လုပ်ကြမည့် အကြောင်း ဘက်သို့ ရောက်လာသည်။ ဟာရုမိသည် သူ၏ ယောက္ခမများနှင့် အတူ နေနေ သည်။ သို့သော် အားလျှင် အားသလို သူ့မိခင်ထံသို့ သွား၍ ကူညီပေးတတ်သည်။

mgyoe.com

m g y o e . c o m

SAMPLE BOOK


"နင် တစ်ယောက်တည်း ဒါတွေ ဝိုင်းကူလုပ်ပေးနေရတာ ငါ စိတ်မကောင်းပါဘူး"

"ဒါပေမဲ့ အစ်ကိုဘက်ကလည်း အဆင်မပြေဘူး မဟုတ်လား"

ယာအေကိုထံမှ ဘာအကူအညီမျှ ရမည် မဟုတ်သည်ကို သဘောပေါက်ကြောင်း အသိပေးလိုက်ခြင်း ဖြစ်သည်။ အမှန် ဖြစ်နေသောကြောင့် အာကီအိုဘက်ကလည်း ဘာမျှ ပြောစရာ မရှိ။

သူ့အဖေ၏ လက်ရှိဖြစ်ပျက်နေသော အခြေအနေ အားလုံးကို ယာအေကိုအား အသေးစိတ် ရှင်းပြပြီးသောအခါတွင် သူ ထင်ထားသည့်အတိုင်း ယာအေကို၏ အမူအရာမှာ အေးတိအေးစက်ပင်။ သူနှင့် နည်းနည်းမျှ မသက်ဆိုင်သလို အမူအရာမျိုးဖြင့် မာဆာအေကို သနားပါသည်ဟုသာ တုံ့ပြန်လေသည်။ အာကီအိုသည် ထိုကဲ့သို့သော ဖနီးသည်ကို အကူအညီ တောင်းရန်လည်း အမှန်စင်စစ် လုံးဝ သတ္တိမရှိခဲ့ပေ။

များမကြာမီ အာကီအိုသည် မိဘအိမ်သို့ နောက်တစ်ကြိမ် ရောက်ခဲ့ပြန်သည်။ အိမ်ဝင်းထဲသို့ စဝင်ဝင်ချင်း အနံ့ဆိုးတစ်ခုက သူ့ကို ကြိုဆိုနေလေသည်။ အိမ်သာပျက်နေသောကြောင့် အိမ်သာမှ အနံ့အသက်များ အိမ်ဝင်းထဲ လျှံကျနေသည်ဟု အစက သူ ထင်ခဲ့မိ၏။ အိမ်ခန်းထဲ ဝင်သွားသော အခါမှသာ အနံ့၏ အရင်းမူလကို သိရတော့သည်။ မာဆာအေသည် သူ့ယောက်ျား၏ လက်များအား သန့်စင်ပေးနေသည်။ သူ့ဖခင်သည် ကလေးတစ်ယောက်ကဲ့သို့ မျက်လုံးများက ကြမ်းပြင်ကို စိုက်ကြည့်ကာ ငူငူကြီး ထိုင်နေသည်။

အဖြစ်မှန် သိနိုင်ရန် မိခင်ကို မေးကြည့်ရသည်။ သူ့ဖခင်သည် သူ၏ သေးခံအဝတ် ဒိုင်ပါထဲမှ မစင်များကို နှိုက်ယူ၍ ကလေးတစ်ယောက်ကဲ့သို့ ဆော့နေခဲ့ခြင်းကြောင့် ဖြစ်သည်။ မာဆာအေသည် တည်ငြိမ်အေးဆေးစွာပင် သူ့ယောက်ျားကို သုတ်သင် သန့်စင်ပေးနေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဤသို့ သန့်ရှင်းရေး ပြုလုပ်ပေးနေရခြင်းသည် သူ့အတွက် နိစ္စဓူဝ အလုပ်တစ်ခုကို လုပ်ကိုင်နေရသည့်နှယ်။

မိခင်၏ စိတ်ပျက် ညှိုးရော်နေသော မျက်နှာထားမှာ သိသာနေသည်။ ယခင်က ပြည့်ဖောင်းနေခဲ့ဖူးသော သူ၏ မျက်နှာပြင်မှာလည်း ယခုအခါ နက်ရှိုင်းသော အရေးအကြောင်းများ၊ လျော့ရဲနေသော အရေပြားများနှင့် ညှိမည်းသော မျက်တွင်းချိုင့်ခွက် များဖြင့်သာ ပြည့်နှက်နေတော့သည်။

m g y o e . c o m

mgyoe.com  SAMPLE BOOK 

အာကီအိုသည် သူ့ဖခင်အား လူအိုရုံသို့ ပို့ထားရန် အကြံပြု၏။ ကုန်ကျမည့် စရိတ်ကို သူကပင် ကျခံပါမည်ဟု ပြောဆိုခဲ့သည်။ ထိုစဉ် အနီးတွင် ထိုင်နေသော ဟာရုမိက လှောင်ပြုံးပြုံး၍–

"အစ်ကိုက ဘာမှ မသိဘဲကိုး။ ကျွန်မတို့ အဲဒီအကြံကို အစောကြီးကတည်းက ရခဲ့ပြီးသား။ လူအိုရုံတွေဆီလည်း ဆက်သွယ် မေးမြန်းခဲ့ပြီးပြီ။ အလကားပါပဲ။ ဘယ်အဖွဲ့ကမှ အဖေ့ကို လက်မခံချင်ကြဘူး။ ဒါကြောင့်လည်း အမေက အဖေ့ကို အခုချိန်ထိ မဖြစ်မနေ စောင့်ရှောက်နေရတာပေါ့"

"သူတို့က ဘာဖြစ်လို့ လက်မခံရတာလဲ"

"အဖေက အခုချိန်ထိ အားကောင်းမောင်းသန် ရှိတုန်းလေ။ ကလေးဆိုးကြီးလိုပဲ။ ဆူဆူပူပူ လုပ်တတ်တဲ့အပြင် တစ်ခါတလေ အနားမှာ ရှိတဲ့ ပစ္စည်းတွေကို ဟိုလွှင့်ပစ် ဒီလွှင့်ပစ်နဲ့။ တကယ့် ကလေးတစ်ယောက်လို ဆိုလည်း တစ်နေကုန် အိပ်နေရင် တော်သေးရဲ့။ ညဉ့်နက်သန်းခေါင်တောင် ထပြီး ပြဿနာရှာချင် ရှာနေတော့တာ။ ဒီလို လူအိုတစ်ယောက်ကို လက်ခံလိုက်ရင် သူ့အတွက် ၂၄ နာရီပတ်လုံး စောင့်ကြည့်ဖို့ လူပိုတစ်ယောက်က ထားပေးရဦးမှာ။ ပြီးတော့ တခြားလူကြီးတွေကိုလည်း အနှောင့်အယှက် ဖြစ်မှာ သေချာတယ်။ ဒီတော့ လူအိုရုံတွေက လက်မခံကြတာ ဘာဆန်းသေးလို့လဲ"

"ဒီလောက်မှ လက်မခံချင်ရင် လူအိုရုံက ဘာလုပ်ဖို့ ထားထားတာလဲ"

"ကျွန်မကို လာမေးလို့ ဘာအသုံးကျမှာလဲ။ ဘာပဲဖြစ်ဖြစ် အခုချိန်ထိ သူ့ကို လက်ခံနိုင်မယ့် လူအိုရုံ ရှိ၊ မရှိ စုံစမ်းနေသေးတယ်။ အခုဟာက စောင့်ရှောက်ရေး ဂေဟာတွေကတောင် လက်မခံချင်ကြဘူး"

"စောင့်ရှောက်ရေးဂေဟာ..."

'ဒါလေးတောင် မသိပါလား' ဟူသော အကြည့်မျိုးဖြင့် ဟာရုမိသည် သူ့အစ်ကိုအား တစ်ချက် မော့ကြည့်လိုက်သည်။

"နေ့ခင်းဘက်မှာပဲ လူအိုတွေကို စောင့်ရှောက်ပေးတဲ့ ဂေဟာတွေပေါ့။ သူတို့ရဲ့ ဝန်ထမ်းတွေက အဖေ့ကို ရေချိုးပေးမလို့ ပြင်ဆင်နေကြတုန်း အဖေက ဒေါပွပြီး ရမ်းတော့တာပဲ။ တခြား လူအိုတွေရဲ့ ထိုင်ခုံတွေကို ကန်ကျောက်ပစ်တယ်လေ။ တော်သေးတာပေါ့။ တခြားလူကြီးတွေ မထိခိုက်ကြလို့"

ထိုသို့ကြမ်းရမ်းနေသော သူ့အဖေ၏ ပုံပန်းသဏ္ဌာန်သည် အာကီအို၏ စိတ်ကူးအာရုံထဲ ပုံပေါ်လာသောကြောင့် သူ အတော်လေး စိတ်ရှုပ်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"အခုချိန်မှာ သူ့ကို ပို့လို့ရတဲ့ နေရာ တစ်နေရာတော့ ရှိသေးတယ်။ ဆေးရုံကိုပဲ။ ရိုးရိုးဆေးရုံတော့ မဟုတ်ဘူး။ စိတ်ကျန်းမာရေး ဆေးရုံမှ ရမယ်"

"စိတ်ကျန်းမာရေးဆေးရုံ..."

"အစ်ကို မသိဘူး မဟုတ်လား၊ အခုဆိုရင် တစ်ပတ်ကို နှစ်ကြိမ် အဲဒီမှာ သွားပြနေရတယ်။ ဆရာဝန်ရဲ့ ဆေးက တည့်လို့ ထင်တယ်။ အခုဆိုရင် အရင်ကလောက် မသောင်းကျန်းတော့ဘူး။ အဲဒီ ဆေးရုံကတော့ အဖေ့ကို လက်ခံနိုင်လောက်တယ်"

ဤအကြောင်းကို သူ ပထမဆုံးအကြိမ် ကြားဖူးခြင်း ဖြစ်သည်။ သူ တကယ်ကို သူစိမ်းပြင်ပြင် ဖြစ်နေပါပြီကော။ မိမိ၏ ဖခင် ဘာတွေ ဖြစ်လို့၊ ဘယ်လို နေရသည်၊ ဘယ်ဆရာဝန်နှင့် ကုသနေရသည်ကိုပင် သူတစ်ခုမျှ ဂဃနဏ မသိ။ သူ့မိခင်နှင့် နှမတို့ကလည်း သူ့ကို သူစိမ်းတစ်ယောက်အဖြစ်သာ သတ်မှတ်ထားခဲ့ကြပြီ။ အားကိုးလို့ မရ။

"ဒါဆိုလည်း အဲဒီ ဆေးရုံမှာ တက်ဖို့ စီစဉ်လိုက်လေ။ ပိုက်ဆံကို ငါ..."

ဟာရုမိသည် ချက်ချင်းပင် ခေါင်းခါလိုက်သည်။

"ကာလတိုလောက် နေတာ ကိစ္စမရှိဘူး၊ လချီပြီးတော့ နေလို့ မရဘူး"

"ဘာဖြစ်လို့လဲ"

"ဆေးရုံရဲ့ စည်းကမ်းအရ အိမ်မှာ မပြုစုနိုင်တဲ့ လူနာကိုပဲ ကာလရှည် ဆေးရုံတက်ခွင့် ပေးတာ။ အဖေရဲ့ လက်ရှိ အခြေအနေက အိမ်မှာ စောင့်ရှောက်နေလို့ ရနေသေးတယ်။ အခု တကယ်လည်း အမေက စောင့်ရှောက်နေတာပဲလေ။ တခြားဆေးရုံတွေလည်း ထပ် စုံစမ်းကြည့်ပါဦးမယ်"

"ထားလိုက်ပါတော့"

မာဆာအေက ကြားဖြတ် ဝင်ပြော၏။

"နေရာတကာက ငြင်းတာကို ခံနေရတော့ အမေလည်း စိတ်ကုန်နေပြီ။ ဆက်မမေးချင်တော့ဘူး။ ဒီအိမ်ကြီး သာတောင့်သာယာ ဖြစ်ဖို့အတွက် နင်တို့အဖေက တစ်သက်လုံး ကုန်းရုန်း ကြိုးစားခဲ့ရတာ။ အမေ သူ့ကို ဒီအိမ်ထဲမှာပဲ ပြုစုစောင့်ရှောက်ချင်တယ်"

"ဒါပေမဲ့ ဒီလိုသာ ဆက်သွားရင် အမေရဲ့ ခန္ဓာကိုယ်ကလည်း ခံနိုင်မှာ မဟုတ်တော့ဘူး"

mgyoe.com

mgyoe.com

"အစ်ကိုသာ အဲဒီလို စိုးရိမ်မိတာ၊ အမှန်ဆိုရင် အမေ့ကို ကူဖို့ တစ်ခုခု စီစဉ်ဦး"

ဟာရုမိသည် သူ့အစ်ကိုကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

"ဒါပေမဲ့ အစ်ကို ဘာမှ မတတ်နိုင်ဘူး မဟုတ်လား"

"ငါ့မိတ်ဆွေတွေဆီ စုံစမ်းကြည့်ပါဦးမယ်၊ သူတို့ အဆက်အသွယ်နဲ့ အဖေ့ကို လက်ခံမယ့် လူအိုရုံ ရှိလို ရှိငြားပေါ့"

ဟာရုမိသည် သက်ပြင်းချကာ သူ မေးလို့ရသမျှ အကုန်လုံးကို မေးပြီးပြီ ဖြစ်ကြောင်း ပြန်ပြော၏။

သူ့အမေအတွက် ကူညီပေးချင်စိတ် ရှိသော်လည်း သူ ဘာမျှ မလုပ်တတ်။ ဤကဲ့သို့ပင် အချိန်များ တစ်ရက်ပြီး တစ်ရက် ကုန်လွန်လာခဲ့သည်။ မာဆာအေရော ဟာရုမိပါ သူ့ထံတွင် သူ့အဖေအကြောင်း မြည်တမ်းနေခြင်း မရှိကြတော့။ သူ့ကို လုံးဝ မမျှော်လင့်တော့တာလည်း ဖြစ်မည်။ ထိုသို့ မဆက်သွယ်ကြတော့သည်ကိုလည်း သူကတော့ အရေးမကြီးသလိုသာ သဘောထားလိုက်သည်။ သူနှင့် မဆိုင်သလို ဘာမျှလည်း မမေးမမြန်းတော့။ အလုပ်မှာသာ အချိန်များများ ဖြုန်းနေတော့သည်။ အရာအားလုံးထက် သူ့အလုပ်ကသာ ပိုပြီး အရေးကြီးနေသလို။ မိမိကိုယ်ကိုယ် အပြစ်မတင်နိုင်ရန် အလုပ်ကို အကြောင်းပြနေခဲ့သည်။ သူ့မိဘများကိုလည်း ဆက်သွယ် မေးမြန်းခြင်း မပြုတော့။

ထိုကဲ့သို့ ပုန်းရှောင်နေရင်း လအနည်းငယ် ကြာသောအခါ သူ့ဖခင်သည် ကုတင်ပေါ်မှ လုံးဝ မထနိုင်တော့ကြောင်း သူ့နှမထံမှ သိခဲ့ရသည်။ လူရုပ် မပေါ်တော့သည့်အပြင် စကားကိုပင် ပီသအောင် မပြောနိုင်တော့ပြီ။

"ကြည့်ရတာ အဖေလည်း သိပ်ခံတော့မယ် မထင်ဘူး။ နောက်ဆုံး အနေနဲ့တော့ သွားကြည့်ဖို့ ကောင်းတယ်"

ဟာရုမိက အေးတိအေးစက် လေသံဖြင့် ပြောသည်။

မိဘအိမ်သို့ အာကီအို ရောက်သွားသောအခါ ခုတင်ပေါ်တွင် လဲလျောင်းနေသော သူ့ဖခင်ကို မြင်ရသည်။ တစ်နေကုန်လုံး လဲလျောင်းလျက် သတိမရှိတော့သော လူတစ်ယောက်ကဲ့သို့။ မာဆာအေက သေးခံအဝတ်ကို လဲပေးသည့် အခါတွင်မှ သူ့မျက်လုံးများ ပွင့်လာကြသည်။ ထိုသို့ မျက်လုံး ဖွင့်ကြည့်သည် မှာလည်း တစ်ခုခုကို မှတ်မိသောကြောင့် မဟုတ်။ သူ၏ အကြည့်များက အဝေး တစ်နေရာသို့သာ။

mgyoe.com

SAMPLE BOOK

အာကီအိုသည် သူ့မိခင်နှင့်အတူ ကူညီ၍ သေးခံအဝတ်ကို လဲပေးခဲ့သည်။ ထိုအခါကျမှ လုံးဝ မလှုပ်ရှားနိုင်သော လူတစ်ယောက်သည် ခုတင်ပေါ်တွင် မည်မျှ လေးလံကြောင်း ကိုယ်တွေ့ နားလည်လိုက်ရသည်။ အမေအိုတစ်ယောက်တည်း နေ့စဉ်နှင့်အမျှ ထိုကဲ့သို့ လေးလံသော ခန္ဓာကိုယ် အောက်ပိုင်းကို မ,ချီ၍ သေးခံဒိုင်ပါ လဲပေးနေရသည်မှာ မည်မျှ ပင်ပန်းနိုင်ကြောင်း ကိုယ်ချင်းစာမိတော့သည်။

"အမေ၊ ဒီလိုပဲ နေ့တိုင်း လုပ်ပေးနေရတာလား"

သူက စိတ်မသက်မသာဖြင့် မေးသည်။

"အင်း... အမေပဲ လုပ်ရတာပေါ့။ ဒါပေမဲ့ သူ အခုလို ခုတင်ပေါ်မှာ မလှုပ်မယှက် နေနေတော့ အရင်ကထက် သက်သာရာ ရတာပေါ့။ အရင်လို ပြဿနာ မရှာနိုင်တော့ဘူးလေ"

အရှေ့တစ်ခေါက်ကထက် ပိုမို ချောင်ကျသွားသော မျက်နှာမှ မချိပြုံးပြုံးလျက် မာဆာအေက ပြန်ဖြေသည်။

ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ခုတင်ပေါ်တွင် လဲလျောင်းနေသော သူ့ဖခင်ကို ကြည့်ပြီး ခပ်မြန်မြန် သေသွားသည်ကမှ ပို၍ ကောင်းဦးမည်ဟု ပထမဆုံးအကြိမ် တွေးလိုက်မိသည်။ ထိုသို့ ဖွင့်ပြောရန် မသင့်သော သူ၏ ဆန္ဒသည် နောက်နှစ်ဝက်အကြာတွင် ဖြစ်မြောက်လာတော့သည်။ ထုံးစံအတိုင်း ထိုသတင်းကို သူ့ထံ ဆောင်ယူလာသူမှာ ဟာရုမိပင် ဖြစ်သည်။

အာကီအိုတို့မိသားစုသုံးယောက်သည် မိဘအိမ်သို့အပြေးရောက်သွားခဲ့သည်။ နာအိုမိအတွက်တော့ အရာရာသည် အထူးအဆန်းများလို သူစိမ်းဆန်ဆန်ဖြစ်နေသည်။ နို့စို့အရွယ်လောက်ကသာ ရောက်ခဲ့ဖူးသော ထိုအိမ်ကို သူ့အနေဖြင့် မည်သို့မျှ မှတ်မိစရာ အကြောင်းမရှိပေ။ အဘိုးအရင်း၏ ရုပ်ပုံသည်ပင် သူ့မှတ်ဉာဏ်ထဲတွင် မရှိ။ လုံးလုံးပင် မမှတ်မိတော့။ ထို့ကြောင့် ထိုအဘိုး ကွယ်လွန်သွားပြီ ဖြစ်ကြောင်း သိရသောအခါ၊ မြင်ရသောအခါတွင်လည်း သူ့အတွက် ဝမ်းနည်းစရာ မမြင်။ စိတ်မကောင်းပင် ဖြစ်စရာ မလိုခဲ့။

အဘိုးအိုသည် ညအချိန်တွင် သူ၏ နောက်ဆုံး ထွက်သက်ကို မှုတ်ထုတ်သွားသည်ဟု ဆိုသည်။ ထို့ကြောင့် သူ ဒီလောကမှ ထွက်ခွာသွားကြောင်းကို သူ၏ မယားကပင် သတိမထားမိခဲ့ချေ။ ဟုတ်သည်လေ။ တစ်ခန်းတည်း အတူတူ

mgyee.com

mgyoe.com

SAMPLE BOOK


ရှိနေသည်ပဲ ထားဦး။ အဘိုးအိုကို စောင့်ကြည့်နေသူကပင် သူ့အား အိပ်နေသည်ဟုသာ ထင်စရာ အကြောင်းရှိ၏။

မိမိတွင် အပြစ်ရှိသည်ဟု အနည်းငယ်မျှ မခံစားရသော ယောက်မဖြစ်သူအား လုံးဝ မကျေမနပ် ဖြစ်နေသူမှာ ဟာရုမိ။ ယာအေကိုအနေဖြင့် ယောက္ခမကြီးနာမကျန်းဖြစ်စဉ်ကာလတစ်လျှောက်လုံးမပြုစုမစောင့်ရှောက်ခဲ့မိသည့်အတွက် အနည်းဆုံးတော့ တောင်းပန်စကား ပြောကြားလိမ့်မည်ဟု သူ ထင်ထားခဲ့သည်။ နောက်ဆုံး စိတ်ထဲ မပါတောင် ဟန်ဆောင် ပန်ဆောင်ဖြင့် တောင်းပန်သင့်သည်ဟု ဟာရုမိက သူ့အစ်ကိုအား ပြောခဲ့သည်။

"အဖေ သေမှပဲ ပေါ်တော်မူတော့တယ်။ အတော် ရယ်စရာ ကောင်းတာပဲ။ ကျွန်မတို့အိမ်ကို ဒီလောက် အမြင်ကတ်နေရင် အခုလည်း လာမနေပါနဲ့တော့လား"

အာကီအိုသည် အားနာသော မျက်လုံးများဖြင့် "ငါ သူ့ကို ပြောလိုက်ပါမယ်" ဟု တိုးလျှိုးတောင်းပန်၏။

"နေပါစေ၊ သွားပြောမနေပါနဲ့။ အစ်ကိုကလည်း ကျွန်မရှေ့မှာမို့ ပြီးပြီးရော ပြောတာပဲ နေမှာပါ"

သူ့နှမ၏ စကားများက သူ့ချက်ကောင်းကို ထိသွားသောကြောင့် သူ ခေါင်းငုံ့သွားခဲ့သည်။

ဖခင်၏ ကွယ်လွန်ခြင်းသည် အနည်းဆုံး သူ့မိခင်အတွက်တော့ သက်သာရာ တစ်ခု ဖြစ်သွားသည်ဟု သူ ယူဆသည်။ သူ့အတွက် နှစ်ရှည်လများ ဖိစီးခဲ့သော ဖိအားမှာလည်း လျော့ကျသွားသည်ဟု သူ ခံစားရသည်။ သူ့အတွက် စိတ်ရှုပ်စရာ ကိစ္စတစ်ခု ပြီးပြတ်သွားလေပြီ။

သို့သော် တည်ငြိမ် အေးဆေးသော အချိန်တို့သည် ကြာကြာ မခံလိုက်။ သူ့ဖခင် ဆုံးပြီး သုံးနှစ်လောက်အကြာတွင် မာဆာအေ ဆေးရုံတက်ခဲ့ရသည်။ တံမြက်စည်း လှည်းရင်း ချော်လဲရာမှ ခြေချင်းဝတ်အရိုး ကျိုးသွားခဲ့ခြင်း ဖြစ်သည်။

သူ၏ အသက်အရွယ်ကလည်း ကြီးရင့်နေပြီ။ အရိုးများကလည်း အနည်းငယ် ပွနေပြီ ဖြစ်သောကြောင့် ခွဲစိတ်ကုသပြီးလျှင်လည်း အရင်ကကဲ့သို့ ပုံမှန်အနေအထားသွားလာလှုပ်ရှားနိုင်ကြတော့မည် မဟုတ်ပေ။ဘယ်သွားသွား

mgyoe.com

m gyoe.com SAMPLE BOOK

တုတ်ကောက် ဆောင်ရတော့မည်။ လှေကားများပေါ်သို့လည်း တက်နိုင်တော့မည် မဟုတ်ချေ။

ထိုကဲ့သို့သော အခြေအနေမျိုးနှင့်ကြုံတွေ့နေရသော မိခင်ကိုတစ်ယောက်တည်း ပစ်ထားရန် မည်သို့မျှ မဖြစ်နိုင်တော့ပြီ။ ထို့ကြောင့် မိခင်ကို သူတို့နှင့်အတူ ခေါ်ထားရန် အာကီအို ဆုံးဖြတ်လိုက်သည်။ ထိုကိစ္စကို ယာအေကိုက မည်သို့မျှ ကြည်ဖြူနိုင်စရာ အကြောင်း မရှိ။

"ကျွန်မကို ဒုက္ခမပေးပါဘူးလို့ ရှင် တစ်ခါက ကတိပေးခဲ့ဖူးတယ်နော်"

"အတူတူ နေရုံပဲဟာ၊ ဘာဒုက္ခ ပေးနိုင်မှာမို့လဲ"

"ကျွန်မက ဘယ်လိုလုပ်ပြီး ယုံရမှာလဲ"

"အမေက ခြေထောက်ပဲ မကောင်းတာလေ။ ကျန်တာ အကုန်လုံး သူ့ဘာသာသူ စောင့်ရှောက်နိုင်နေသေးတာပဲ။ နောက်ဆုံး သူနဲ့ ငါတို့ တစ်အိုးစီခွဲစားလည်း ရတာပဲ။ ဒီလို ခြေထောက်မသန်တဲ့ အမေကို တစ်ယောက်တည်း ပစ်ထားရင် လူတွေက ငါ့ကို ဘယ်လို ပြောကြတော့မလဲ၊ နင်ပဲ စဉ်းစားကြည့်"

နာရီများစွာ ချော့မော့စည်းရုံးပြီး အဆုံးတွင် ယာအေကိုထံမှ သဘောတူညီမှု ရခဲ့တော့သည်။ အမယ်အိုကို စာနာထောက်ထားလာ၍တော့ မဟုတ်။ မိခင်၏ ခြံဝင်းထဲသို့ သူတို့အားလုံး ပြောင်းနေကြကာ ထိုခြံဝင်းကို မောင်ပိုင်စီးနိုင်တော့မည်ဟု သဘောပေါက်လိုက်သောကြောင့် ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးကလည်း အခြေအနေ မကောင်း။ လင်တော်မောင်၏ လစာကလည်း မတက်ဘဲ တန့်နေသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့လေပြီ။ ထို့ကြောင့် ကိုယ်ပိုင် အိမ်ဝင်း၊ ခြံဝင်းဖြင့် နေလိုသော ယာအေကို၏ အိပ်မက်များမှာ သူ့လင်သား၏ လုပ်စာဖြင့်တော့ အကောင်အထည်ပေါ်ဖို့ လမ်းမမြင်နိုင်ပြီ။

"အတူနေတယ်ပဲ ထား၊ ကျွန်မကတော့ အရင်ကအတိုင်း နေတတ်သလို နေမှာပဲ။ ဘာမှ ပြောင်းလဲပေးစရာ အကြောင်းမရှိဘူးနော်"

ထိုသို့သော တောင်းဆိုချက်ဖြင့် ယောက္ခမဖြစ်သူ မာဆာအေနှင့် အတူနေရန် သဘောတူခဲ့သည်။

လွန်ခဲ့သော သုံးနှစ်က သူတို့အားလုံး မိခင်အိမ်သို့ ပြောင်းလာခဲ့ကြခြင်း ဖြစ်သည်။ ထိုအိမ်သို့ မပြောင်းခင် အခန်းတွင်း ပြင်ဆင်မှုတချို့ ပြုလုပ်ခဲ့ကြသေးသည်။ အိမ်တွင်း အပြင်အဆင်များအားလုံး အသစ်ကဲ့သို့ဖြစ်အောင် ပြောင်းလဲ

mgyoe.com

mgyoe.com  SAMPLE BOOK 

ပစ်ခဲ့ပြီးနောက် ယာအေကိုက ကျေနပ်နေသော လေသံဖြင့် "အိမ်ကြီးကြီးနဲ့ နေရတာ တယ်ကောင်းတာပဲ" ဟု ရေရွတ်ခဲ့၏။ လုံးဝ ထင်မှတ်မထားသော အချက်မှာ ယောက္ခမဖြစ်သူ မာဆာအေကို တရိုတသေဖြင့် "အမေ လိုတာရှိရင် ပြောနော်" ဟု ဆိုလိုက်သေးသည်။

တောင်ဝှေးတစ်ချောင်းကို လက်ဖြင့် ထောက်ထားလျက် မာဆာအေကလည်း အပြုံးများနှင့် ကျေနပ်နေလေသည်။ ချွေးမအား အိမ်ခြံဝင်းအနှံ့ လိုက်ပြပြီး လုပ်ဖွယ်ဆောင်တာတို့ကို အသားကျအောင် လိုက်လံရှင်းပြနေလေသည်။ ထိုသို့ လိုက်လံရှင်းပြနေစဉ် သူ၏ လက်သုံးတောင်ဝှေးမှ ချူသံတို့သည် တချွင်ချွင် မြည်လျက်။

ထိုမြင်ကွင်းများကို ကြည့်လျက် အကြည်နူးကြီး ကြည်နူးနေသူမှာ အာကီအို။ ထိုသို့ ယှဉ်တွဲ နေနိုင်သွားလျှင် သူ့အတွက် ရှေ့လျှောက် ပူစရာ မရှိတော့။ သူ၏ ရင်တွင်းမှ လေပူများကို ခံတွင်းမှ မှုတ်ထုတ်လိုက်မိသည်။

သူ့အတွက် လောကရှိပြဿနာများ အားလုံး ပြေလည်သွားသည့်နှယ်။ နောက်နောင် စိတ်ပူစရာ မလိုတော့ပြီဟု သူ ယူဆလိုက်သည်။ သို့သော် .....

ဘဝဇာတ်ဆရာက ဘဝကြီး တည်ငြိမ်နေသည်ကို ကြိုက်ဟန် မတူ။ ထိုနေ့မှစကာ သူ့အတွက် စိတ်ပူပန်စရာတို့သည် အရိပ်သဖွယ် စက္ကန့်မလပ် သူ့နောက်မှ တကောက်ကောက် လိုက်လာပြန်တော့သည်။

၀

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၄ )

နောက်ရပ်မည့် မှတ်တိုင်၏ အမည်ကို အော်သံကြားလိုက်အခါတွင် အာကီအို သည် အတိတ်အိပ်မက်ထဲမှ လန့်နိုးလာသည်။ ယခုရပ်မည့် မှတ်တိုင်တွင် သူ ဆင်းရမည်။ ထို့ကြောင့် လူများကို တိုးဝှေ့ကာ တံခါးအနားသို့ ထွက်လာခဲ့သည်။

ဘတ်စ်ကား နောက်တစ်ဆင့် ထပ်စီးရဦးမည်။ ဘတ်စ်ကား မှတ်တိုင် မှာလည်း ကားစောင့်သည့် လူများဖြင့် ပြည့်နှက်နေသည်။ သူ မျှော်သော ဘတ်စ်ကားက လာနိုင်သေးမည် မဟုတ်ကြောင်း သိသောကြောင့် လူအုပ်ကြား ထဲတွင် မနေတော့ဘဲ လူရှင်းရာ လမ်းဘေးသို့ ထွက်လာခဲ့သည်။ ထိုစဉ် လမ်း ဘေးတွင် ရောင်းနေသော မုန့်ဆိုင်တန်းလေးဆီမှ မုန့်နံ့များ သူ့နှာခေါင်းထဲသို့ ဝင်လာကြသည်။ သူ့အမေ ကြိုက်တတ်သော ဖက်ထုပ်ပေါင်း။

"ယူဦးမလား ဦးလေး"

သူစိုက်ကြည့်နေသည်ကိုသတိထားမိသော အရောင်းဝန်ထမ်း မိန်းကလေး က အပြုံးဖြင့် လှမ်းမေးလိုက်သည်။

သူသည် သူ၏ ဘောင်းဘီအိတ်ကပ်ထဲသို့ လက်နှိုက်လိုက်သောအခါ ပိုက်ဆံအိတ်ကို စမ်းမိသည်။ ထိုစဉ်မှာပင် သူ၏ စိတ်အာရုံထဲတွင် စူပုပ်နေသော ယာအေကို၏ မျက်နှာက ရုတ်တရက် ထင်လာ၏။ အိမ်တွင် ဘာပြဿနာ ဖြစ် နေသည်ကို သူ မသိရသေးပေ။ အကယ်၍ သူ့အမေ ကြိုက်သော ဖက်ထုပ်ပေါင်း

mgyoe.com

mgyoe.com

များကို ဝယ်သွားမိလျှင် အခန့်မသင့်ပါက မီးလောင်ရာ လေပင့်လိုက်သလို ဖြစ်သွားနိုင်သည် မဟုတ်ပါလား။

"တော်.... တော်ပြီ၊ မယူတော့ပါဘူး"

စိတ်မကောင်းစွာ သူ မျက်နှာလွှဲလိုက်သည်။

ထိုစဉ်အသက် ၃၀ ပတ်ချာလည်လောက် ရှိမည့် ယောကျာ်းတစ်ယောက်သည် မုန့်ဆိုင်တန်းဆီသို့ ဦးတည်ပြီး ခပ်သုတ်သုတ် လျှောက်လာသည်။

"ကျေးဇူးပြုပြီး ပန်းရောင် ဖာအကျႌနဲ့ ကလေးမလေး တစ်ယောက်ကို တွေ့မိလား မသိဘူး ခင်ဗျ။ ခုနစ်နှစ် အရွယ်လောက်ပါ"

အသံကြားရာဘက်သို့ အာကီအို လှည့်ကြည့်မိသည်။ ထိုအမျိုးသားသည် ဓာတ်ပုံပြ၍ အရောင်းဝန်ထမ်းများကို မေးမြန်းနေခြင်း ဖြစ်သည်။

"ဒီလောက်လောက် မြင့်တယ်ခင်ဗျ၊ ဆံပင်က ကုပ်ဝဲနဲ့"

အရောင်းဝန်ထမ်း မိန်းကလေးက တစ်ခဏ စဉ်းစားနေပြီး–

"သူက တစ်ယောက်တည်းလား"

"ဟုတ်လောက်မယ်"

"ဒါဆိုရင်တော့ မတွေ့မိဘူးရှင့်"

ထိုအမျိုးသားမှာ စိတ်ပျက်သွားသည့် ပုံ။ ထို့နောက် တခြားဆိုင်များသို့ ကူးသွားကာ တစ်ဆိုင်ဝင်၊ တစ်ဆိုင်ထွက် ဓာတ်ပုံပြ၍ ထိုမေးခွန်းကိုသာ ထပ်ခါထပ်ခါ မေးနေလေတော့သည်။

ကလေးပျောက်နေတာပဲ ဖြစ်မည်ဟု အာကီအို တွေးလိုက်သည်။ ယခုလို ညအချိန်မတော်တွင် ၇ နှစ် သမီးတစ်ယောက် အိမ်ပြန်မရောက်သေးသောကြောင့် လူကြီးများ စိတ်ပူပြီး လိုက်လံမေးမြန်း စုံစမ်းတတ်သည်မှာ ဓမ္မတာပင်။ ထိုအမျိုးသားမှာ ဤအနီးနားဝန်းကျင်တွင် နေသောသူ ဖြစ်ရပေမည်။

သူ စီးမည့် ဘတ်စ်ကား ရောက်လာသောအခါ တခြားလူများ နည်းတူ ကားပေါ်သို့ တိုးတက်သွားခဲ့သည်။ ဤကားသည်လည်း လူများနှင့် ပြည့်သိပ်ကျပ်ညပ်လျက်။ ခေါင်းပေါ်မှ တန်းကို လှမ်းကိုင်လိုက်သောအခါတွင် စောစောက အမျိုးသားကို သူ လုံးဝ မေ့ပျောက်သွားလေပြီ။

ဆယ်မိနစ်သာသာ ကားစီးပြီးသောအခါ မှတ်တိုင်၌ ဆင်းရပြန်သည်။ မှတ်တိုင်မှ နောက်ထပ် ၅ မိနစ်ခန့် လမ်းလျှောက်လိုက်သောအခါ တစ်လမ်းသွား

mgyoe.com

mgyoe.com
SAMPLE BOOK


ကတ္တရာ လမ်းငယ်များနှင့် အကွက်ချ ပုံဖော်ထားသော လူနေရပ်ကွက်ထဲသို့ ရောက်ရှိလာသည်။ မြေဈေးများ ကောင်းစဉ်အခါက သူတို့အိမ်ကဲ့သို့ ၁၀၀ စတုရန်းမီတာ အကျယ်ရှိသော မြေကွက် တစ်ကွက်လျှင် ယန်းငွေ သိန်း ၁၀၀၀ အထိ ဈေးပေါက်ခဲ့ဖူးသည်။ ထိုစဉ်က အိမ်ကို ရောင်းပစ်ရန် သူ့မိဘများအား မတိုက်တွန်းခဲ့မိသည်ကို နောင်တရနေသည်။ သိန်း ၁၀၀၀ သာ ရမည် ဆိုလျှင် မိဘနှစ်ပါးကို အခပေး လူအို စောင့်ရှောက်ရေး ဂေဟာတွင် အပ်နှံထားနိုင်မည် ဖြစ်သည်။ ထို့နောက် လက်ကျန်ငွေဖြင့် ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းတစ်ခု လုပ်ခဲ့မည် ဆိုပါက ယခုအခါတွင် မိမိတို့ အနှစ်နှစ် အလလက တောင့်တမျှော်မှန်းခဲ့ရသော ကိုယ်ပိုင်အိမ် တစ်လုံးကိုလည်း ပိုင်ဆိုင်ကောင်း ပိုင်ဆိုင်နေပေလိမ့်မည်။ ထိုသို့ဆိုလျှင် ယခု ရင်ဆိုင်နေရသော အကျပ်အတည်းများမှလည်း အလိုအလျောက် ရှောင်ဖယ်ပြီးသား ဖြစ်သွားနိုင်သည် မဟုတ်ပါလား။ ဘာမျှ ပြန်ပြင်၍ မရသော အတိတ်မှန်း သိပါလျက်နှင့်ပင် သတိရတိုင်း နောင်တရနေမိတော့သည်။

အာကီအို ရောင်းထုတ်ပစ်ချင်ခဲ့သော အိမ်ရှေ့သို့ ရောက်သောအခါ တစ်ခြံလုံး မှောင်မည်းနေ၏။ အိမ်ဝင်းထဲသို့ ဝင်ရန် ခြံဝင်းတံခါးအား တွန်းဖွင့်လိုက်သောအခါ သော့ခတ်ထားသည်ကို တွေ့ရသည်။ 'ဒီနေ့ တယ် ထူးဆန်းနေပါလား' ဟု တွေးရင်း သူ့တွင်ပါသော သော့ဖြင့် တံခါးဖွင့်လိုက်သည်။ ယခင်က ဤခြံဝင်း တံခါးကို သော့ခတ်ထားရန် ယာအေကိုကို မကြာခဏ သတိပေးခဲ့ရသည်။ ယခင်က သူ ပြန်ရောက်တိုင်း ခတ်ထားလေ့ မရှိခဲ့။

အိမ်တွင်းမှာလည်း မှောင်မည်းနေပြီး အိမ်အပြင် လမ်းမီးလည်း ပိတ်ထားသည်။ အာကီအိုက ကြည့်ရင်း နားမလည်နိုင်အောင် ဖြစ်နေသည်။ လူတစ်ယောက်မျှ မနေတော့သော အိမ်ဝင်း တစ်ဝင်းထဲသို့ ဝင်သွားရသကဲ့သို့ ခံစားနေရသည်။

အိမ်ထဲ ဝင်ရန် ဖိနပ်ချွတ်နေစဉ် အိမ်တံခါးမကြီးမှာ ရုတ်တရက် ကျွီခနဲ ပွင့်သွား၍ သူ ထိတ်လန့်သွားသည်။ ယာအေကိုသည် ခြေသံဖွဖွဖြင့် အပြင်ထွက်လာသည်။ အိမ်နေရင်း ဝတ်သော အနက်ရောင် ပွင့်ရိုက် ချည်အင်္ကျီ လက်ပြတ်နှင့် ဘောင်းဘီရှည်ကို ဝတ်ထားသည်။ အိမ်တွင် နေနေလျှင် သူ စကတ်ဝတ်လေ့ မရှိပေ။

mgyoe.com

mgyoe.com
SAMPLE BOOK


"ပြန်လာတာ အရမ်း နောက်ကျတာပဲ"

စိတ်ဆင်းရဲနေသော လေသံဖြင့် သူက မေးလိုက်သည်။

"နင်နဲ့ ဖုန်းပြောပြီးပြီးချင်း ပြန်လာ ....."

ယာအေကို၏ မျက်နှာကိုမြင်လိုက်ရသောကြောင့် ပြောနေရင်း တန်းလန်း ဆက်မပြောတော့ဘဲ ရပ်တန့်သွားသည်။ သူ၏ မျက်နှာက ဖြူဖပ်ဖြူရော်၊ မျက်လုံးများက နီရဲလျက်။ မျက်စိအောက်နားမှ မျက်ကွင်းညိုညိုများကြောင့် နေ့ချင်းညချင်း အိုစာသွားသလို ထင်ရသည်။

"ဘာဖြစ်တာလဲ"

ယာအေကိုက ချက်ချင်း အဖြေမပေးသေးဘဲ သက်ပြင်းသာ ချနေသည်။ ရှုပ်ပွနေသော သူ့ခေါင်းကို တဗျင်းဗျင်းမြည်အောင် ကုတ်လိုက်ပြီး ခေါင်းကိုက်သော သူကဲ့သို့ သူ့ခေါင်းကို နှိပ်နေတော့သည်။ တစ်ခဏ ကြာသောအခါမှ ထမင်းစားခန်းဘက် လက်ညှိုးထိုးပြ၏။

"ဟိုဘက်မှာ"

"ဘာ ဟိုဘက်မှာလဲ"

ယာအေကိုသည် ထမင်းစားခန်း တံခါးကို ဖွင့်လိုက်သည်။ အခန်းထဲမှာလည်း မှောင်နှင့်မည်းမည်း။ ထမင်းစားခန်းထဲမှ အနံ့ဆိုးတစ်ခု အပေါက်ဝသို့ တွန်းကန် ထွက်လာသည်။ အမှိုက်တောင်းကို သေချာ ပိတ်မထားသောကြောင့် ထွက်ပေါ်လာသော အနံ့ဆိုးပေလော။ အနံ့ဆိုး လာရာကို လိုက်ရှာနိုင်ရန် အာကီအိုသည် အခန်းနံရံမှ မီးခလုတ်ရှိရာသို့ လက်ဖြင့် စမ်းရှာနေသည်။

"မီးမဖွင့်နဲ့"

အသံတိုးသော်လည်း မာထန်သော လေသံဖြင့် ယာအေကိုက ပြောလိုက်သည်။ သူ့အသံကြောင့် အာကီအို၏ လက်မှာ အလိုလို ရပ်သွားခဲ့သည်။

"ဘာဖြစ်လို့လဲ"

"ရှင် .... ရှင် ပန်းခြံထဲ ကြည့်ကြည့်ပါလား"

"ပန်းခြံထဲ..."

အာကီအိုသည် ကုလားထိုင်ဘေးတွင် သူ၏ လက်ဆွဲအိတ်ကို ချထားပြီး ပန်းခြံဘက်ဆီ လှမ်းကြည့်နိုင်သော ပြတင်းပေါက်နားသို့ လျှောက်သွားသည်။ စေ့နေအောင် ပိတ်ထားသော ပြတင်းပေါက် လိုက်ကာကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ပန်းခြံဟု ဆိုရသော်လည်း ဟန်ပြသက်သက်သာ ဖြစ်သည်။ မြက်ခင်းပြင်ကို ကျကျနန စိုက်ပျိုးထားသော်လည်း ခြောက်စတုရန်းမီတာ ကျော်သာ ကျယ်ဝန်းသည်။ အိမ်အနောက်ဘက်တွင်တော့ ထို့ထက် ကျယ်ဝန်းသော မြေကွက်လပ် ရှိသည်။

အာကီအိုသည် အမှောင်ထဲသို့ ကြိုးစားပြီး လိုက်ကြည့်နေသည်။ အုတ်နံရံ အနားတွင် အမဲရောင် ပလတ်စတစ်အိတ်လိုလို အိတ်ကြီးတစ်လုံးကို လှမ်းမြင်နေရသည်။ သူက အူတိအူကြောင်ဖြင့် စိုက်ကြည့်နေဆဲ။ အမှိုက်ထည့်ပြီး လွှင့်ပစ်ရန် အသုံးပြုသော အနက်ရောင်အိတ်မျိုး ဖြစ်မှန်း သိသော်လည်း ယခု မြင်နေရသော အထုပ်မှာ တော်တော်ကြီးသည်။ အမှိုက်အိတ်တော့ မဖြစ်နိုင်။

"အဲဒီ ပလတ်စတစ်အိတ်က ဘယ်လို ဖြစ်ရတာလဲ"

အာကီအိုသည် ဤသို့ မေးမြန်းလိုက်သောအခါ ယာအေကိုသည် မည်သို့မျှ ပြန်မဖြေဘဲ သူ့လက်ထဲသို့ ပစ္စည်းတစ်ခု ထည့်ပေးလိုက်၏။ လက်နှိပ်ဓာတ်မီး တစ်လက်။

အာကီအိုသည် ယာအေကိုကို တစ်ချက် စိုက်ကြည့်လိုက်သည်။ ယာအေကိုကတော့ အကြည့်ကို ရင်မဆိုင်ရဲသည့်နှယ် မျက်နှာကို လွှဲဖယ်လိုက်သည်။ သူ အပြင်တံခါးသို့ လျှောက်သွားနေစဉ်မှာပင် လက်နှိပ်ဓာတ်မီး ခလုတ်ကို ဖွင့်လိုက်သည်။ သူ ထိုအနီးသို့ ရောက်၍ ဓာတ်မီးဖြင့် သေချာထိုးကြည့်သည်။ ထိုအခါမှ ပလတ်စတစ်အိတ်၏ အပြင်ဘက်သို့ ထိုးထွက်နေသော တစ်စုံတစ်ရာကို သတိထားမိတော့သည်။ သူသည် ခါးကိုင်း၍ ပလတ်စတစ်အိတ်အောက်မှ ထို တစ်စုံတစ်ရာကို စူးစမ်းကြည့်နေသည်။ သူ မြင်လိုက်ရသည်က ခြေအိတ်အဖြူ စွပ်ထားသော ခြေထောက်သေးသေးလေး တစ်ဖက်။ နောက်တစ်ဖက်မှာတော့ ခြေနင်း ဝတ်ထားသည်။

အာကီအို၏ မျက်လုံးများ ပြာနှမ်းသွားပြီး ခေါင်းထဲ ဟာလာဟင်းလင်း ဖြစ်သွားလေသည်။ စက္ကန့်အနည်းငယ် ကြာသည်။ မဟုတ်သေး။ ထို့မျှပင် မကြာလိုက်။ သူ့ကိုယ်သူပင် နားမလည်နိုင်အောင် ဖြစ်နေသည်။ အဘယ်ကြောင့် ဤကဲ့သို့သော မြင်ကွင်းမျိုးကို သူ့အိမ်ခြံဝင်းထဲမှ ပန်းခြံထဲတွင် တွေ့မြင်နေရပါသနည်း။ သူ မြင်နေရသော ထိုခြေထောက် သေးသေးလေးများသည် လူတစ်ယောက်၏ ခြေထောက်များ ဖြစ်ပါသည်ဟုလည်း သူ တပ်အပ်မပြောနိုင်။

mgyoe.com

mgyoe.com

SAMPLE BOOK


အာကီအိုသည် ခေါင်းကို လှည့်လိုက်ပြီး သူ့ဇနီး၏ မျက်လုံးများကို တည့်တည့် စိုက်ကြည့်ကာ–

"အဲ... အဲဒါက ဘာလဲ"

သူ့အသံက တုန်ယင်လျက်။

ယာအေကိုသည် သူ့နှုတ်ခမ်းကို တစ်ချက် သပ်လိုက်သည်။ သူ့နှုတ်ခမ်းနီများပင် မကျန်ချင်တော့။

"ဘယ်... ဘယ်... ဘယ်အိမ်က ကလေးမလဲ မသိဘူး"

"မမြင်ဖူးဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့ ငါတို့ခြံထဲ ရောက်နေရတာလဲ"

ယာအေကိုသည် ခေါင်းကိုသာ ငုံ့လျက်။ ဘာမျှ ပြန်မဖြေ။

လက်တွေ့ကျသော မေးခွန်းတစ်ခုကို သူ မဖြစ်မနေ မေးရတော့မည်။

"သူ အသက်ရှိသေးလား"

ယာအေကို ခေါင်းညိတ်ပြလိမ့်မည်ဟု သူ မျှော်လင့်နေခဲ့သည်။ သို့သော် ကျောက်ရုပ် တစ်ရုပ်ကဲ့သို့ တုတ်တုတ်မျှ မလှုပ်။

အာကီအို၏တစ်ကိုယ်လုံး ထူပူသွားသည်။သူ့ ခြေဖဝါး၊လက်ဖဝါးများ ကတော့ အေးစက်လျက်။

"ဘယ်လို ဖြစ်ရတာလဲ"

"ကျွန်မလည်း မသိဘူး၊ ကျွန်မ ပြန်ရောက်လာတော့ သူက ပန်းခြံထဲမှာ လဲနေပြီ။ နောက်တော့ သူများတွေ မမြင်အောင် ဆိုပြီး ကျွန်မ ........"

"ပလတ်စတစ်အိတ်နဲ့ ထည့်ထားလိုက်တယ် ဆိုပါတော့"

"ဟုတ်တယ်"

"ရဲကို မတိုင်ဘူးလား"

"ဖြစ်မလား"

အပြင်းအထန် ကန့်ကွက်လိုသည့် ပုံစံဖြင့် အာကီအိုကို စူးစူးရဲရဲ ကြည့်နေသည်။

"ဒီကလေးက သေနေပြီလေ"

"ဒါကြောင့် ပိုပြီး ......."

mgyoe.com

mgyoe.com
SAMPLE BOOK


ယာအေကိုသည် သူ့နှုတ်ခမ်းကို တင်းတင်း ဖိကိုက်ထားသည်။ စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ ကြောက်လန့်ခြင်းတို့သည် သူ့မျက်နှာပေါ်တွင် အထင်းသား။

တစ်ခဏနေတော့ အာကီအိုသဘောပေါက်သွားသည်။ အလောင်းအား လူအများ မြင်မည်ကို စိုးရိမ်နေမှုနှင့် သူ့ဇနီးသည်၏ ပူပင်သောကများသည် ထို့ကြောင့်သာလျှင် ဖြစ်ရပေတော့မည်။

"နာအိုမိရော...."

အာကီအိုက မေးသည်။

"အဲဒီအကောင် အခု ဘယ်မှာလဲ"

"သူ့အခန်းထဲမှာ"

"သူ့ကို သွားခေါ်လိုက်"

"သူက ထွက်မလာချင်ဘူးတဲ့လေ"

အာကီအို၏ ခေါင်းကို မိုးကြိုးပစ်လိုက်သလို ခံစားလိုက်ရ၏။ လက်စသတ်တော့ ဤကလေးမလေး၏ အလောင်းသည် သူ့သားနှင့် ပတ်သက်နေပါပြီကော။

"သူ နင့်ကို ဘာပြောသေးလဲ"

"ကျွန်မ အခန်းပြင်ကနေ လှမ်းမေးကြည့်တော့ ....."

"ဘာဖြစ်လို့ အခန်းထဲ ဝင်မမေးရတာလဲ"

"ဒါပေမဲ့ ......."

ယာအေကိုသည် စိတ်ပျက် အားငယ်သော မျက်နှာဖြင့် အာကီအိုကို ကြည့်နေသည်။ သောက အပူလှိုင်းများဖြင့် မျက်နှာမှာ ရဲရဲနီလျက်။

"ထားပါတော့၊ သူ့ကို ဘယ်လို မေးလိုက်တာလဲ"

"အဲဒီ ကလေးမလေးက ဘယ်လို ဖြစ်တာလဲလို့ သူ့ကို မေးကြည့်တာပေါ့"

"အဲတော့... သူက ဘာပြန်ဖြေသလဲ"

"ကျွန်မကို အလုပ်တအား ရှုပ်တာပဲတဲ့လေ၊ ဟိုမေး ဒီမေးနဲ့ တအားလျှာရှည်တာပဲ တဲ့"

နာအိုမိ အဲဒီလို တကယ်ပြောခဲ့တာပဲ ဖြစ်ရမည်။ ထိုကဲ့သို့ မိဘကို မောက်မောက်မာမာ ပြန်ပြောတတ်သော အသံနေ အသံထားကိုပင် ကြုံတွင်

mgyoe.com

မှန်းဆ၍ရနိုင်သည်။ သို့သော် ကမ္ဘာပျက်မတတ် ဖြစ်နေသော ဤအခြေအနေမျိုးတွင် ယခုလို ပြောခဲ့သူမှာ သူ့သား ဖြစ်နေကြောင်းကိုမူ သူ မယုံကြည်လို။

"အေးလိုက်တာ... အထဲမှာ ပြောရအောင်လား"

သူတို့သည် အထဲသို့ ဝင်၍ မှန်တံခါးများကို ပိတ်လိုက်သည်။ ယာအေကိုသည် အပြင်မှ အိတ်မည်းမည်းဘက်သို့ မျက်နှာမမူရဲဘဲ ခေါင်းငုံ့ကာ တံခါးပိတ်နေတော့သည်။

"အဲဒီကလေးက တကယ် သေသွားပြီလား"

ယာအေကိုသည် ဘာမျှ ပြန်မပြောဘဲ ခေါင်းညိတ်ပြသည်။

"နင် သေချာလား၊ မေ့မြောနေတာကော မဖြစ်နိုင်ဘူးလား"

"ဒီလောက် နာရီပေါင်းများစွာ ကြာခဲ့ပြီကော"

"ဒါပေမဲ့......."

"ကျွန်မလည်း အသက်ရှင်လျက် ရှိပါစေလို့ မျှော်လင့်ခဲ့မိတာပဲ"

ယာအေကိုက ပြတ်သားသော လေသံဖြင့် ဆက်ပြောသည်။

"မြင်ရုံနဲ့ သိသာနေတာပဲဟာ၊ ရှင် မြင်ရင်လည်း အဲဒီလိုပဲ ထင်မှာ"

"ဘယ်လို မြင်ရလို့လဲ"

"ဘယ်လို မြင်ရတာလဲ ဟုတ်လား"

ယာအေကိုသည် သူ့လက်နှစ်ဘက်ကို ခေါင်းပေါ် ဖိချထားပြီး ကြမ်းပြင်ကို ငိုက်စိုက်ကြည့်ရင်း ဆက်ပြောသည်။

"ကြမ်းပြင်မှာလည်း သွေးတွေကို အိုင်လို့၊ အဲဒီ ကလေးမဟာပဲ နေမှာပေါ့။ ကောင်မလေးရဲ့ ပြူးကျယ် ........"

သူ မြင်ခဲ့ရသည်များကို ဆက်လက် ပုံဖော်ပြရန် မစွမ်းနိုင်တော့ဘဲ အသံ တိမ်ဝင်သွားပြီး သူ၏ တံတွေးမျိုချသံကိုသာ ကြားလိုက်ရတော့သည်။

အခုမှ အနံ့ဆိုး၏ ရင်းမြစ်ကို အာကီအို နားလည်သွားတော့သည်။ ထိုသို့ဆိုလျှင် ကောင်မလေးသည် ဤအခန်းထဲတွင် သေသွားခဲ့ခြင်း ဖြစ်ရမည်။

"သွေးမထွက်ဘူးလား"

ယာအေကိုက ခေါင်းခါပြသည်။

"ကျွန်မတော့ မထင်ဘူး"

"တကယ်လား၊ သွေးမထွက်ဘူး ဆိုရင်တောင် ဒဏ်ရာတော့ ရှိရဦးမှာလေ။ ဥပမာ– ခေါင်းနဲ့ နံရံ ဆောင့်မိတာတို့ ဘာတို့ပေါ့"

m g y o e . c o m

mgyoe.com
SAMPLE BOOK


သူက မတော်တဆ ခိုက်မိတာမျိုး ဖြစ်ပါစေဟု စိတ်ထဲမှ ကျိတ်ဆုတောင်း နေမိသည်။ သို့သော် ယာအေကိုက နောက်ထပ်တစ်ခါ ခေါင်းခါပြပြန်သည်။

"အဲဒါတော့ ကျွန်မလည်း သတိမထားမိဘူး၊ ဒါပေမဲ့ လည်ပင်းညှစ်ခံ ရလို့ သေသွားတာပဲ ဖြစ်ရမယ်"

ရင်ဘတ်မှ တစ်ချက် စူးအောင့်သွားကာ သူ၏ နှလုံးခုန်သံများလည်း ပိုမြန်လာကြ၏။ တံတွေးမျိုချရန် ဟန်ပြင်ကာမှ သူ၏ ခံတွင်းတစ်ခုလုံး ခြောက် သွေ့နေသည်ကို သတိထားမိတော့သည်။ လည်ပင်းညှစ် ခံခဲ့ရသည်။ မည်သူက ညှစ်ခဲ့သနည်း။

"နင်က ဘယ်လိုလုပ်ပြီး သိတာလဲ"

"အဲဒီလိုလို့ပဲ ထင်တာပဲ၊ လည်ပင်း အညှစ်သတ်ခံရတဲ့ သူက အဲဒီလိုပဲ သေးတွေ ဘာတွေ ထွက်ကျတတ်တယ်လို့ ကြားဖူးနေတာပဲလေ"

ဤသည်ကို အာကီအိုလည်း ကြားဖူး၏။ စုံထောက်ဝတ္ထုများ၊ ရုပ်ရှင် ဇာတ်လမ်းများမှ သိထားခြင်း ဖြစ်ပေလိမ့်မည်။ လက်နှိပ်ဓာတ်မီးကို ပိတ်ရန် မေ့နေခဲ့သည်။ ဓာတ်မီးကို ပိတ်လိုက်ပြီး စားပွဲပေါ် ကောက်တင်ကာ တံခါးဘက် သို့ ထွက်လာခဲ့သည်။

"ရှင် ဘယ်သွားမလို့လဲ"

"အပေါ်ထပ်"

နှစ်ပရိစ္ဆေဒ ကြာညောင်းပြီ ဖြစ်သော လှေကားပေါ်သို့ တက်လာခဲ့ သည်။ လှေကားမီးလုံးမှာ ပိတ်ထားသော်လည်း အာကီအိုသည် မီးခလုတ် ဖွင့် လိုက်ရန် သူ့မှာ ဆန္ဒမရှိတော့။ အမှောင်ထဲတွင် သူ၏ အသက်ရှူသံကို ပြန်ကြား ရသည်ကိုပင် ချောက်ချားနေမိသည်။ ထိုအခါမှ ယာအေကို အဘယ်ကြောင့် မီး မဖွင့်လိုဘဲ မှောင်ထဲမည်းမည်း နေနေရသည်ကို ကိုယ်ချင်းစာလာခဲ့သည်။

အပေါ်ထပ် ရောက်ရောက်ချင်း ဘယ်ဘက်အခန်းမှာ နာအိုမီ၏ အခန်း ဖြစ်သည်။ အခန်းထဲမှ မီးအလင်းရောင်များသည် တံခါးကြားမှ ဖြာထွက်နေကြ သည်။ အနားသို့ ကပ်၍ နားထောင်ကြည့်သောအခါ အထဲမှ ဆူညံသံမျိုးစုံကို သဲ့သဲ့ကလေး ကြားနေရသည်။ အာကီအိုသည် တံခါးရွက်ကို ခေါက်၍ အသံပြု လိုက်သည်။ ဘာမျှ တုံ့ပြန်ခြင်း မရှိ။ တစ်ခဏမျှ တွေဝေသွားပြီး သူသည် အခန်း တံခါးကို ဆွဲဖွင့်လိုက်သည်။

mgyoe.com

mgyoe.com

SAMPLE BOOK


နာအိုမီသည် အခန်း၏အလယ်ကောင်တွင် ခြေဆင်းထိုင်လျက် လက်ထဲတွင် ဂိမ်းလက်ကိုင်ခလုတ်ကို ကိုင်ကာ တစ်မီတာ အကွာလောက်မှ တီဗွီ ဖန်သားပြင်ကိုသာ စူးစိုက်ကြည့်နေသည်။ ဖခင် အခန်းထဲသို့ ဝင်လာသည်ကို လုံးဝ မသိမကြားသလိုသာ ထိုင်နေခဲ့သည်။

"ဟေ့"

အလယ်တန်း တတိယနှစ် တက်နေပြီ ဖြစ်သော သူ့သားကို ခေါင်းငုံ့ကြည့်လျက် လှမ်းခေါ်လိုက်သည်။

သို့သော် နာအိုမီက ဘာမျှ တုံ့ပြန်ခြင်း မပြု။ သူ့ဂိမ်းကိုသာ ဆက်ကစားနေသည်။ တီဗွီ မျက်နှာပြင်မှာတော့ လူရုပ်များ ပြေးလွှားလှုပ်ရှားနေပြီး တဒက်ဒက်နှင့် ပစ်ခတ်နေကြသည်။

"နာအိုမီ..."

အာကီအိုသည် နောက်တစ်ကြိမ် လေသံမာမာဖြင့် ထပ်အော်ခေါ်လိုက်သည်။ ဤတစ်ကြိမ်တွင်တော့ သူ့ခေါင်းမှာ အနည်းငယ် လှုပ်ယမ်းလာပြီး ပါးစပ်မှ ပွစိပွစိဖြင့် တစ်ခုခုကို ပြောနေသည်။ "သောက်လုပ်ရှုပ်တာ" ဟု ပြောနေခြင်း ဖြစ်မည်။

"ဟိုကောင်မလေးက ဘယ်လို ဖြစ်ရတာလဲ"

ဘာမျှ တုံ့ပြန်သံ မကြားရ။ ဂိမ်းခလုတ်များကိုသာ အရင်ကထက် ခပ်ကြမ်းကြမ်း ဖိနှိပ်နေတော့သည်။

"မင်း သတ်ပစ်လိုက်တာလား"

နာအိုမီ၏ ပါးစပ်က ယခုမှ မရဲတရဲဖြင့် လှုပ်လာသည်။

"ကျွန်တော် တမင်သက်သက် လုပ်တာမှ မဟုတ်ဘဲ"

"သောက်ရေး မပါတာ၊ ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲ"

"ရှုပ်တာဗျာ၊ ကျွန်တော် မသိဘူး"

"ဘယ်လိုလုပ်ပြီးမင်းမသိဘဲနေမလဲ၊ဟဲ့ကောင်...ငါ့ကိုကောင်းကောင်းဖြေစမ်း။ အဲဒီကလေးက ဘယ်ကလဲ၊ မင်း ဘယ်ကနေ အိမ်ထဲ ခေါ်လာတာလဲ"

နာအိုမီ၏ အသက်ရှူသံများ ရှုပ်ထွေးလာသည်။ သို့သော် သူ့ဖခင်၏ မေးခွန်းများကို တစ်ခုမျှ ပြန်မဖြေ။ သူ၏ မျက်လုံးများကို ပြူးထားလျက် လက်တွေ့ဘဝထဲမှ ရှောင်ထွက်နိုင်ရန်အတွက် သူ ကစားနေသော တီဗွီဂိမ်းထဲ၌သာ စိတ်နှစ်ထားဖို့ ကြိုးစားနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


အာကီအိုသည် ရပ်နေသော နေရာတွင် တုတ်တုတ်မျှ မလှုပ်ဘဲ သူ့ တစ်ဦးတည်းသော သား၏ ခေါင်းမှဆေးဆိုးထားသော ငွေရောင်ဆံပင်များကိုသာ စိုက်ကြည့်နေမိသည်။ တီဗွီထဲမှ တေးသံတချို့နှင့် အထဲမှ လူရုပ်များ၏ အော်ဟစ်သံ၊ သေနတ်ပစ်သံများသာ အခန်းထဲတွင် ပျံ့နှံ့နေကြသည်။

သူ့သား၏ လက်ထဲမှ ဂိမ်းခလုတ်ကို လုယူ၍ တီဗွီကို ပိတ်ပစ်ရန် သူ စဉ်းစားလိုက်မိသည်။ စဉ်းစားသာ စဉ်းစားကြည့်မိသည်။ တကယ်တော့ သူ ဤသို့ မလုပ်ရဲ။ ယခင်တစ်ကြိမ်က ထိုသို့ လုပ်လိုက်သောကြောင့် နာအိုမိသည် သောင်းကျန်းကာ အိမ်ထဲမှ တွေ့သမျှ ပစ္စည်းများကို ရိုက်ခွဲပစ်ခဲ့သည်။ ထိုသို့ သောင်းကျန်းနေသော သားကို ဖမ်းချုပ်ဖို့ ကြိုးစားစဉ် သူ့သားက ဘီယာပုလင်းဖြင့် သူ့ခေါင်းကို သွက်လက်စွာ ရိုက်ချခဲ့ဖူးသည်။ ကံကောင်းထောက်မ၍ ခေါင်းကို မထိဘဲ သူ့ပုခုံးကိုသာ ရိုက်မိခဲ့သည်။ သို့သော် ထိုဒဏ်ရာကြောင့် နှစ်ပတ်ကျော် ကြာအောင် သူ၏ ဘယ်ဘက်လက်ဖြင့် ဘာအလုပ်မျှ မလုပ်နိုင်တော့ပေ။

ထိုစဉ် အနောက်ဘက်မှ အသံကြား၍ လှည့်ကြည့်လိုက်ရာ ယာအေကိုလည်း အခန်းအပြင်သို့ ရောက်နေသည်ကို တွေ့ရသည်။

"သား ... မေမေ တောင်းပန်ပါတယ် သားရယ်၊ ဖေဖေ မေမေတို့ကို ပြောပြစမ်းပါဦး၊ ဘယ်လို ဖြစ်ရတာလဲလို့"

ဘယ်အခြေအနေမျိုးမှာမဆို သားအပေါ် ဤကဲ့သို့ အလျှော့ပေး၍ ချော့မော့ ပြောဆိုနေတတ်သော ယာအေကို၏ အမူအကျင့်ကို ကြည့်ကာ အာကီအိုက နည်းနည်းမျှ စိတ်မရှည်ချင်။

"လိမ္မာပါတယ် သားရယ်... ဘယ်က ဘယ်လို ဖြစ်ကြတာလဲ၊ အကျိုးအကြောင်းလေးတော့ ရှင်းပြမှပေါ့၊ ဂိမ်းက နောက်မှ ကစားပါလား"

ယာအေကိုက သူ့သား၏ ပခုံးကို လှုပ်၍ ပြောနေသည်။ ထိုစဉ် တီဗွီမျက်နှာပြင်မှာ သွေးရောင်ကဲ့သို့ နီရဲသွားပြီး စာတန်း တစ်ကြောင်း ထွက်ပေါ်လာသည်။ နာအိုမိက 'အား' ဟု တစ်ချက် ထအော်လိုက်သည်။ ကြည့်ရသည်မှာ သူ ကစားနေသော ဂိမ်းက ရှုံးသွားလေပြီ။

"ဘာတွေ ဖြစ်နေကြတာလဲ ဗျာ"

"နာအိုမိ၊ ရှုးကြောင်ကြောင် လာလုပ်မနေနဲ့။ အခု မင်း လုပ်ထားတာ ပေါ့သေးသေးများ ထင်နေသလား"

mgyoe.com

mgyoe.com


အာကီအိုက ဤသို့ဆူငေါက်၍အပြစ်တင်နေသည်ကိုကြားသောအခါ နာအိုမီသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ကြမ်းပြင်ပေါ် ထောက်ထားရင်း နှုတ်ခမ်းကို ရွဲ့ကာ သူ့အဖေအား မျက်စောင်းထိုး၍ စိုက်ကြည့်နေတော့သည်။

"အား... နာအိုမီ၊ အဲဒီလို မလုပ်ရဘူးလေ။ အစ်ကိုကလည်း တကယ်ပဲ... သားကို အဲဒီလို အော်ကြီးဟစ်ကျယ် မပြောပါနဲ့"

ယာအေကိုသည် သူ့သား၏ ပခုံးကို အသာအယာ ဖိ၍ နှစ်သိမ့်နေပြီး တစ်ချိန်တည်းမှာပင် အာကီအိုကို မော့ကြည့်၍ ပြောနေသည်။

"ငါက မင်းကို သေသေချာချာ ရှင်းပြခိုင်းနေတာ။ အခုလို ပြဿနာ တစ်ခုကို မသိချင်ယောင် ဆောင်နေရုံနဲ့ ပြဿနာက သူ့ဘာသာသူ ပြေလည်သွားမယ်လို့ မင်း ထင်နေတာလား"

"ရှုပ်တာဗျာ၊ ကျွန်တော်နဲ့ ဘာဆိုင်လဲ"

ဤကဲ့သို့သောအရည်မရအဖတ်မရစကားမျိုးကိုသာပြောတတ်သည့် သူ့သားကို ကြည့်၍ အာကီအိုသည် အတော် စိတ်ပျက်ပြီး ဒေါသထွက်နေသည်။ မိမိတွင် ထိုကဲ့သို့ စိုးစဉ်းမျှ အသုံးမကျသော သားတစ်ယောက် ရှိနေပါပေါ့လား ဟုလည်း တွေးနေမိသည်။

"ကောင်းပြီလေ၊ မင်း ငါ့ကို ဘာမှ မပြောနဲ့တော့၊ ငါတို့ အခု ရဲစခန်း သွားမယ်"

ထိုစကားကို ကြားရသောအခါ သားအမိ နှစ်ယောက်စလုံး လန့်ဖျပ်သွားကြသည်။

"အစ်ကို ...."

ယာအေကိုသည် မျက်လုံးများ ပြူးလျက်။

"ငါ ဘာတတ်နိုင်ဦးမှာလဲ"

"ဘာတွေ လာပြောနေတာလဲ"

နာအိုမီက သောင်းကျန်းလာတော့သည်။

"မသွားဘူး၊ ဘာဖြစ်လို့ ရဲစခန်း သွားရမှာလဲ၊ ကျွန်တော် အဲဒီလိုနေရာမျိုး တစ်သက်လုံး မသွားဘူး"

သူ့အနားတွင်ရှိနေသော တီဗွီအဝေးထိန်းခလုတ်ကို ကောက်ယူလိုက်ပြီး အာကီအို ရှိရာသို့ လှမ်းပစ်လိုက်သည်။ အာကီအိုက ရှောင်လိုက်သောကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK


ရမုခလုတ်သည် နံရံနှင့် တိုက်မိကာ ကြမ်းပြင်ပေါ်သို့ ကျသွားသည်။ အထဲမှ ဓာတ်ခဲများ ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲလျက်။

"သား၊ သားရယ်… နာအိုမိ၊ စိတ်ထိန်းပါ သားရယ်။ အမေ တောင်းပန်ပါတယ်"

ယာအေကိုသည် သူ့သားကို တင်းတင်း ဖက်ထားပြီး–

"အမေတို့ ရဲစခန်း မသွားဘူး၊ မသွားဘူးနော်"

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ။ မသွားလို့ ဘယ်ဖြစ်မလဲ။ အခုလို ကိုယ့်လုပ်ရပ်ကို တာဝန်မယူတဲ့ စကားမျိုးတွေ ပြောပြီး နှစ်သိမ့်နေလည်း အပိုပဲ။ အနေးနဲ့ အမြန်တော့ …..”

"တော်ပါတော့၊ မပြောပါနဲ့တော့"

ယာအေကိုက လှမ်းအော်သည်။

"ရှင် အရင် ထွက်သွားရင် ကောင်းမယ်။ ကျွန်မ သူ့ကို မေးလိုက်မယ်။ အေးအေးဆေးဆေး မေးကြည့်မယ်"

"ကျွန်တော်က အရွယ်မရောက်သေးတဲ့ ကလေးပဲ ရှိသေးတာ။ ကလေးတစ်ယောက် လုပ်သမျှကို မိဘက တာဝန်ယူရမှာပဲ။ ကျွန်တော်နဲ့ ဘာမှ မဆိုင်ဘူး"

နာအိုမိသည် မိခင်၏ ရင်ခွင်ထဲမှ နေ၍ အာကီအိုကို စိုက်ကြည့်ကာ အော်ပြောနေခဲ့သည်။ သူ၏ အမူအရာက နည်းနည်းကလေးမျှ နောင်တရပုံ မပေါ်။ မိမိအပြစ် ဟုလည်း ထင်ပုံ မရ။ ကလေးတစ်ယောက် ဘာလုပ်လုပ် ဘယ်တော့မျှ အမှားဟု မဆိုနိုင်။ မှားလုပ်မိသည်ဟု ဆိုစေ၊ ထိုအမှားသည် မိဘများ၏ တာဝန်သာ ဖြစ်သည်။ မည်သည့် အခြေအနေမျိုးတွင်မဆို သူ့အတွက် အမှားသည် မရှိ။ ထိုလုပ်ရပ်အတွက် တာဝန်ရှိလာလျှင်လည်း ထိုတာဝန်သည် သူနှင့် နည်းနည်းမျှ မသက်ဆိုင်။ ထိုသို့ ယူဆထားသော ကလေးတစ်ယောက်ကို ဘာပဲ ပြောနေ ပြောနေ နားဝင်တော့မည် မဟုတ်ပေ။

"ဒါဆို မင်းပဲ ဂဃနဏ သိအောင် မေးခဲ့တော့"

အာကီအိုသည် စိတ်ပျက်လက်ပျက်ဖြင့် ထိုစကားကို ပြောပြီး အခန်းထဲမှ ထွက်လာခဲ့တော့သည်။

၀

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၅ )

အာကီအိုသည် အောက်ထပ်သို့ ဆင်းလာပြီးနောက် ထမင်းစားခန်းထဲ မဝင်တော့ဘဲ တခြား ဘေးတစ်ဘက်ရှိ ဧည့်ခန်းထဲသို့ ဝင်သွားခဲ့သည်။ သူ ပြန်လာစဉ်အခါက ယာအေကိုသည် ထိုအခန်းထဲမှ ထွက်လာခဲ့ခြင်း ဖြစ်သည်။ အခန်းထဲတွင် တီဗွီတစ်လုံးနှင့် ဧည့်ခံစားပွဲ ဆက်တီတစ်စုံသာ ရှိသည်။ စားပွဲပေါ်မှာတော့ ရေနွေးကြမ်း ကရားအိုးနှင့် ကြွေခွက်တချို့။ ဧည့်ခန်း၏ အပြင်အဆင်မှာ ရိုးရိုးရှင်းရှင်းသာ။ အာကီအို အတွက်တော့ ယခုအခါ ကွန်းခိုနားနေရာ နေရာလေးတစ်ခု ဖြစ်နေသည်။ သူ အိမ်ပြန်မရောက်ခင်က ယာအေကိုလည်း ဤနေရာမှာပင် စိတ်ရှုပ်ရှုပ်ဖြင့် ထိုင်နေခဲ့မည်မှာ အမှန်ပင်။

အာကီအိုသည် မြက်ဖျာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်လျက် လက်တစ်ဘက်ကို အနီးရှိ ထိုင်ခုံလက်တန်းပေါ်တွင် တင်ထားသည်။ ပန်းခြံထဲတွင် ရှိနေသော အလောင်းကို နောက်တစ်ကြိမ် ထပ်သွားကြည့်သင့်သည်ဟု သူ ယူဆမိသည်။ သို့သော် စိတ်ရော ကိုယ်ပါ လေးလံနေ၍ နည်းနည်းလေးမျှ မလှုပ်ချင်တော့။ သက်ပြင်းချဖို့ပင် သူ့အတွက် ခက်ခဲနေသည်။

အပေါ်ထပ်မှ နာအိုမီ၏ ဆူပူသံများ မကြားရတော့။ ယာအေကိုက ဖြစ်ကြောင်းကုန်စင်ကို သူ့သားထံမှ မေးမြန်းနိုင်ပါ့မလား မဆိုနိုင်။ သူသည် ယခင်ကကဲ့သို့ပင် သူ့သားကို ချော့မော့၍ မေးမြန်းနေမည်မှာ မြေကြီး လက်ခတ်

mgyoe.com

mgyoe.com
SAMPLE BOOK


မလွဲ။ နာအိုမိသည် ငယ်စဉ်ကတည်းက အတော်ဆိုးသည်။ ထို့ကြောင့် ယာအေကို လည်း မသိလိုက် မသိဘာသာဖြင့် သူ့သားကို အောက်ကျို့၍ ချော့မော့ပြောတတ်သော အကျင့်ပင် ရနေလေပြီ။ အာကီအိုအနေဖြင့် ဤသို့သော အမူအကျင့်မျိုးကို နည်းနည်းမျှ ကြည့်မရသော်လည်း ကလေးကို ဆုံးမပြုစုသည့် တာဝန်မှာ ယာအေကို ၏ တာဝန်သာ ဖြစ်သည်ဟု သူ ခံယူထားသောကြောင့် ဝင်မပါခဲ့ချေ။ တစ်လျှောက်လုံး ယာအေကို ကသာလျှင် သူ့သားကို ထိန်းကျောင်းခဲ့သည် မဟုတ်ပါလား။ ထို့ကြောင့် ထိုသို့ ပျော့ညံ့သော ကိုင်တွယ်နည်းကိုလည်း သူ ပြဿနာ ရှာမနေချင်တော့။

သို့သော် ယနေ့ ဖြစ်ပျက်ခဲ့ပြီးသော ပြဿနာသည် မည်သို့ ဖြစ်ခဲ့ရသနည်း။ သူ သိမှ ဖြစ်မည်။

သူ လုံးဝ ခန့်မှန်း၍ မရသည်တော့ မဟုတ်။ နာအိုမိ၏ မူလရည်ရွယ်ချက်ကို သူ အတိုင်းအတာတစ်ခုအထိ ခန့်မှန်းနိုင်သည်။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သော နှစ်လခန့်က ယာအေကိုထံမှ သူ့သားနှင့် ပတ်သက်သော အဖြစ်အပျက် တစ်ခုကို ကြားဖူးထားခြင်းကြောင့် ဖြစ်သည်။

ထိုနေ့ညက ယာအေကို ဈေးဝယ်ရာမှ ပြန်ရောက်လာစဉ် နာအိုမိနှင့် ရပ်ကွက်ထဲမှ ကောင်မလေးတစ်ယောက် ထမင်းစားခန်းရှေ့တွင် အတူထိုင်နေကြသည်ကို အဝေးမှ လှမ်းမြင်ခဲ့ရသည်။ သူ့သား၏ လက်ထဲတွင် ခွက်တစ်ခွက် ကိုင်ထားပြီး ကောင်မလေးကို သောက်ခိုင်းရန် ကြံစည်နေပုံ ရသည်။ သို့သော် နာအိုမိသည် သူ့မိခင်ကို လှမ်းမြင်လိုက်သည်နှင့် ခွက်ထဲမှ အရည်များကို ပန်းခြံဘက်သို့ လှမ်းပက်၍ သွန်ပစ်လိုက်သည်။ ထို့နောက် ကလေးမလေးကို အိမ်ပြန်ခိုင်းခဲ့၏။ ထိုမျှ မြင်ရသလောက်သာ ဆိုလျှင် ဘာမျှ ပြဿနာ မဟုတ်။ သို့သော် ယာအေကိုက သံသယရှိ၍ မီးဖိုချောင်ကို စစ်ဆေးကြည့်ရာ အရက်ပုလင်းမှ အရက်များ လျော့နေသည်ကို တွေ့ရှိသွားသည်။

နာအိုမိသည် ကောင်မလေးကို အရက်မူးအောင် တိုက်၍ မဖွယ်မရာ တစ်ခုခု လုပ်ဖို့ ကြံစည်ထားခြင်းသာ ဖြစ်ရပေတော့မည်။

အာကီအိုသည် သူ့ဇနီးသည်၏ အထင်ကို ရယ်ကာ မောကာ ဟာသ တစ်ခု အနေဖြင့်သာ နားထောင်ခဲ့သည်။ အသက် ငယ်ရွယ်သော ကလေးမလေးတွေကိုမှ ရွေးပြီး စိတ်ဝင်စားတတ်သော လိင်စိတ်ဖောက်ပြန်မှုတစ်မျိုး သူ့သားတွင် ရှိနေပြီဟု ယာအေကိုကတော့ အခိုင်အမာ ယုံကြည်နေသည်။

mgyoe.com

mgyoe.com


"အိမ်ရှေ့ကနေ ကလေးမလေးတွေ ဖြတ်သွားရင် သူက မျက်တောင် မခတ်ဘဲ စိုက်ကြည့်နေတတ်တယ်။ ရှေ့တစ်ခေါက်က နာရေးတစ်ခုမှာ ရှင်လည်း တွေ့တာပဲ။ ကလေးမလေးတစ်ယောက်နဲ့ ပလူးပလဲ လုပ်နေတာ။ အဲဒီကလေးမက အခုမှ မူလတန်း ရှိသေးတာလေ။ ရှင့်အမြင်မှာ နည်းနည်းမှ ထူးဆန်း မနေဘူးလား"

ထိုစကားများကို ကြည့်ခြင်းအားဖြင့် နာအိုမိ၏ ခြေလှမ်းများ ပျက်နေသည်ကို အာကီအို သဘောပေါက်သည်။ သို့သော်လည်း သူ ဘာလုပ်ရမှန်း မသိခဲ့။ သူ လုံးဝ ထင်မှတ်မထားသော အတွေ့အကြုံတစ်ခု၊ တစ်ခါမျှ မကြုံဖူးသော အခြေအနေ တစ်ခုကို ကျိုးကြောင်း ဆီလျော်အောင်လည်း သူ မစဉ်းစားတတ်။ တွေးလေ ရှုပ်လေသာ ရှိခဲ့တော့သည်။ ထို့ကြောင့် သူ့ဇနီး ပြောခဲ့သည့် အကြောင်းအရာများကို ယုတ္တိမတန်သော ယူဆချက်များဟုသာ သဘောထားလိုက်တော့သည်။ ခေါင်းရှုပ်မခံချင်သော သူ့အတွက် ဤသည်မှာ အကောင်းဆုံး ဖြေရှင်းနည်းပင် မဟုတ်ပါလား။

"ကဲပါ... ကိုတို့ ထပ်ပြီး စောင့်ကြည့်ကြသေးတာပေါ့"

ဤသည်မှာ သူ၏ ဝေဖန် သုံးသပ်ချက်မှ နောက်ဆုံး ထွက်ပေါ်လာသော ရလဒ်ပင်။

ယာအေကိုကတော့ ထိုစကားကို နည်းနည်းမျှ ဘဝင်မကျချင်။ သို့သော် သူ့ယောကျ်ားက ဤမျှသာ တတ်နိုင်သည် မဟုတ်ပါလား။ ထိုအမှန်တရားကို လက်သင့်ခံကာ ခပ်မဆိတ်ပင် နေနေခဲ့သည်။

ထို့နောက်တွင် အာကီအိုသည် သူ့သားကို ဂရုတစိုက် အကဲခတ်နေခဲ့သည်။ သူ မြင်သလောက်ဖြင့် နာအိုမိမှာ ဘာမျှ ထူးထူးခြားခြား မရှိ။ သူ့ဇနီး ပြောသကဲ့သို့ ကလေးမလေးများနှင့် ပရောပရည် လုပ်သည်ကို မတွေ့ခဲ့ရ။ တကယ်တမ်း ပြောရလျှင် အာကီအိုသည် သူ့သားကို တစ်နေကုန် စောင့်ကြည့်နိုင်သည် တော့ မဟုတ်။ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ဆုံကြသော အချိန်မှာ အလွန် နည်းလှသည်။ အာကီအို နံနက် အလုပ်သွားချိန်ဆိုလျှင် နာအိုမိသည် ခုတင်ပေါ်တွင် ကွေး၍ ကောင်းနေတုန်း။ ညအချိန် ရုံးမှ ပြန်ရောက်ပြီ ဆိုလျှင်လည်း နာအိုမိသည် သူ့ အခန်းထဲက မထွက်တော့။ တနင်္ဂနွေနေ့လို ရုံးပိတ်၊ ကျောင်းပိတ် ရက်မျိုးမှာသာ ထမင်းစားခန်းထဲတွင် မျက်နှာချင်း ဆိုင်မိကြသည်။ ထိုသို့ တစ်ခန်း

mgyoe.com

mgyoe.com
SAMPLE BOOK


တည်းတွင် နှစ်ယောက်သား အတူတူ ရှိကြသော အခါမှာလည်း နာအိုမီသည် သူ့အဖေနှင့် မျက်လုံးချင်း မဆုံမိအောင် အမြဲ ရှောင်လွှဲနေတတ်သည်။ မဖြစ်မနေ စကားပြောရမည့် အချိန်မျိုး ရောက်နေလျှင်လည်း မေးထူး ခေါ်ပြောလောက်သာ။

ဘယ်အချိန်မှ စပြီး နာအိုမီနှင့် သူ၏ ဆက်ဆံရေးမှာ ထိုသို့ ပြောင်းလဲသွားခဲ့သည်ကို အာကီအိုပင် သတိမထားမိခဲ့ချေ။ မူလတန်းကျောင်း တက်စဉ်အခါက အနည်းငယ် ကတောက်ကဆတ် ရှိခဲ့ဖူးသော်လည်း ထိုအချိန်က မိဘစကားကို ကောင်းကောင်း နားထောင်သေးသည်။ ဆုံးမသည်များကိုလည်း တတ်နိုင်သရွေ့ ပြင်ဆင်ခဲ့သည်။ ထိုစဉ်က လိမ္မာသော ကလေးဟု ဆိုနိုင်သေး၏။ သို့သော် ဘယ်အချိန်မှစကာ သူ့အဖေ အာကီအို၏ ဆိုဆုံးမစကားများကို ကလန်ကဆန် လုပ်တတ်လာခဲ့သနည်းဟု ဖခင်ဖြစ်သူပင် နားမလည်နိုင်ခဲ့။ အမှားတစ်ခုခုကို ပြင်ဆင်ရန် သတိပေး ပြောကြားလိုက်လျှင်လည်း မထုံတက်သေး အမူအရာဖြင့်သာ တုံ့ပြန်တတ်သည်။ ထိုအမူအရာကို ဒေါပွပြီး အာကီအိုက ဆူလား ကြိမ်းလား လုပ်လာလျှင်တော့ နာအိုမီက ပိုမို၍ သောင်းကျန်းပြကာ ရမ်းကားလေသည်။ ထိုအခြေအနေမျိုးတွင် ဖခင်ဖြစ်သူက တတ်နိုင်သလောက် မျက်နှာချင်း မဆိုင်ရအောင် ရှောင်နေရသည်။ နားပူသည့် ဒဏ်များကို သူ မခံလို။ အရာအားလုံး တည်ငြိမ်သွားမည့် အချိန်တစ်ခုကို စောင့်ဆိုင်းနေသော ကလေးငယ် တစ်ယောက်လိုပင် အားလုံးကို ပုန်းရှောင်နေတော့သည်။

ထိုစဉ်အချိန်ကတည်းက သူ၏ တစ်ဦးတည်းသော သားတွင် ရှိနေသည့် စိတ်ဖောက်ပြန်သော လက္ခဏာများကို သိလျက်နှင့်ပင် လျစ်လျူရှုဖို့သာ ကြိုးစားနေခဲ့သည်။ ဖျောင်းဖျ ကုသဖို့ပင် စိတ်ကူးမရခဲ့။ သူ့အနေနှင့် မဆုံရ မကြုံရလျှင် ဘာပြဿနာမှ မရှိဟုသာ သဘောထားခဲ့သည်။ ဆုံခဲ့ ကြုံခဲ့လျှင်လည်း စိတ်ဖောက်ပြန်မှု မဟုတ်ဟု တရားသေ ကိုင်စွဲထားလိုက်ချင်သည်။

ယခုမှ နောင်တရနေလျှင်လည်း ဘာမျှ ထူးခြားလာမည် မဟုတ်တော့ပေ။ သူ့တွင် ထိုသို့သော နောင်တပင် ရှိနေလိမ့်မည် မထင်။ အာကီအို ကိုယ်၌က မည်သို့ ကုစားရမည်ကို မသိခဲ့။ အဆိုးဆုံးမှာ ကုစားပေးရမည်ကိုပင် သဘော မပေါက်ခဲ့ခြင်း။

လှေကားခွင်မှ ခြေနင်းသံများ ပေါ်လာပြီးနောက် ယာအေကို အောက်ထပ်သို့ ရောက်လာသည်။ နှုတ်ခမ်းများကို ဖိ၍ တင်းတင်းစေ့ကာ အာကီအို ရှိရာသို့

mgyoe.com

mgyoe.com
SAMPLE BOOK


လမ်းလျှောက်လာသည်။ မျက်နှာမှာ နီရဲလျက် သူ့အနား ကပ်ထိုင်ချလိုက်ပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

"သူ့ကို သေချာ မေးခဲ့လား"

အာကီအိုက မေးသည်။

အာကီအိုကို စိုက်ကြည့်လျက် ဘာတစ်ခွန်းမျှ မပြောဘဲ ခေါင်းညိတ်ပြသည်။

"အဲတော့ ... သူက ဘာပြန်ပြောသလဲ"

သူ့ကို ပြန်လည် မဖြေကြားခင် ယာအေကိုသည် တံတွေးကို တစ်ချက် မျိုချလိုက်သည်။

"သူက... သူ လည်ပင်းညှစ်လိုက်လို့ သေသွားတာ တဲ့"

အာကီအိုသည် စိတ်ပျက်စွာ မျက်လုံးများကို မှိတ်ချလိုက်သည်။ ကြိုတင် တွက်ဆထားပြီး ဖြစ်သော်လည်း ထိုစကားမှာ သူ ကြားချင်သော စကား မဟုတ်။ သူ ထင်ထားသကဲ့သို့ မဖြစ်ပါစေနှင့် ဟုသာ ဆုတောင်းနေခဲ့မိသည်။ မတော်တဆမှုသာ ဖြစ်ခဲ့လျှင် မည်မျှ ကောင်းလိုက်မည်နည်း။

"ဘယ်က ကလေးမလေးတဲ့လဲ"

ယာအေကိုက ခေါင်းခါပြသည်။

"သူလည်း မသိဘူးလို့ ပြောတယ်"

"ဒါဆို သူ့ကို ဘယ်ကနေ ခေါ်လာခဲ့တာတဲ့လဲ"

"သူ ပြောတာတော့ လမ်းမှာ တွေ့ကြတာတဲ့။ သူက အိမ်ကို ခေါ်ဖို့ စိတ်ကူး မရှိဘူး။ ကောင်မလေးက အတင်း လိုက်ခဲ့ချင်တယ် ဆိုလို့ ...."

"အဓိပ္ပာယ်မရှိတာ၊ ဒီလိုစကားမျိုးလည်း မင်းက ယုံတယ်ပေါ့"

"ယုံတော့ မယုံရဘူးလေ၊ ဒါပေမဲ့ ......."

ယာအေကိုသည် သူ့စကားကို ဆက်မပြောတော့ဘဲ မျိုသိပ်ထားလိုက်သည်။

အာကီအိုသည် သူ့နံဘေးရှိ ထိုင်ခုံကို လက်သီးဖြင့် ထိုးလိုက်သည်။

နာအိုမီသည် လမ်းပေါ် လျှောက်သွား၍ လမ်းသလားနေစဉ် သူ၏ 'သားကောင်' ကို ရှာဖွေနေခဲ့လိမ့်မည်။ တစ်နည်းပြောရလျှင် လမ်းသွားရင်း သူ သဘောကျသော ကောင်မလေးကို တွေ့လိုက်စဉ်မှာပင် သူ၏ ကိုယ်တွင်းမှ

mgyoe.com

mgyoe.com

ဉာဉ်ဆိုးများ နိုးကြွလာကြခြင်း ဖြစ်မည်။ မည်သို့ပင်ဆိုစေ၊ ပထမဆုံး မြှူဆွယ်သူမှာ သူပဲ ဖြစ်ရမည်။ ကလေးငယ်များပင် မကြာခဏ လိင်အကြမ်းဖက် ခံနေရသော သတင်းများ ပျံ့နှံ့နေသည့် ယခုခေတ်မျိုးတွင် မိဘများကလည်း သူတို့၏ သမီးငယ်များကို အထူးပင် ဂရုစိုက်နေကြရသည်။ သူစိမ်းတစ်ယောက်နှင့် စကားမပြောရန်၊ သူစိမ်း ကျွေးသော မုန့်ကို မစားရန်၊ သူစိမ်း ခေါ်သော နေရာသို့ လိုက်မသွားရန် မိဘများက သူတို့၏ သားသမီးများကို နေ့ညမပြတ် မှာကြားနေကြရသည်။ ဤသို့သော ခေတ်အခါမျိုးတွင် သူ၏ သားမှာ ထိုကဲ့သို့သော 'သားလိုက်မုဆိုး' ဖြစ်နေချေပြီ။

မျက်နှာချိုသွေး၍ ပြုံးပြုံးရွှင်ရွှင်ဖြင့် ကောင်မလေးကို စကားပြောနေသည့် နာအိုမိ၏ ရုပ်အသွင်သည် အာကီအို၏ အာရုံတွင် ထင်ပေါ်လာသည်။ သူ သဘောကျသော သူ၏ ရှေ့မှောက်တွင် သို့မဟုတ် တခြားသူထံမှ တစ်ခုခု တောင်းဆိုစရာ ရှိလာပြီဆိုလျှင် နာအိုမိသည် ထိုကဲ့သို့ နှုတ်ချိုချို၊ မျက်နှာချိုချိုဖြင့် သူ လိုချင်သည်ကို မရရအောင် လုပ်တတ်သည်။ သူ့သား၏ ထိုအမူအကျင့်ကိုတော့ အာကီအို အသေအချာ သိသည်။

"သူက ဘာဖြစ်လို့ ကလေးမလေးကို ညှစ်သတ်ရတာလဲ"

"ကလေးမလေးနဲ့ သူ အတူတူ ဆော့ဖို့ ပြောတာကို ကလေးမလေးက စကားနားမထောင်လို့တဲ့။ သူ့ကို ကြောက်သွားအောင် ခြိမ်းခြောက်တဲ့အနေနဲ့ လည်ပင်းညှစ်လိုက်တာ။ သတ်ဖို့ ရည်ရွယ်တာ မဟုတ်ဘူးလို့ သူက ပြောတာပဲ"

"ဆော့တယ်...... အသက် ၁၄ နှစ် ရှိတဲ့ အကောင် တစ်ကောင်က ဒီလောက်ငယ်တဲ့ ကလေးနဲ့ အတူတူ ဘာများ ဆော့စရာ ရှိသေးလို့လဲ"

"ကျွန်မ ဘယ်လိုလုပ် သိမလဲ"

"နင်က မေးမကြည့်ဘူးလား"

ယာအေကိုထံမှ ဘာအသံမျှ ထွက်မလာ။

သူ၏ မျက်နှာပေးက 'အလကား၊ မေးစရာလား' ဟူသော သဘော။

အာကီအိုသည် မည်သို့သော အဖြေကို ကြားရမည်နည်း ဟူသော ဆန္ဒဖြင့် ယာအေကိုကို စိုက်ကြည့်နေသော်လည်း ဘာမျှ မေးနေဖို့ မလိုအပ်ကြောင်းလည်း သူ သဘောပေါက်သည်။ သို့သော် 'ခြိမ်းခြောက်ချင်လို့' ဟူသော စကားလုံးကိုတော့ သူ ဘဝင်မကျ။ ကောင်မလေးက နာအိုမိ၏ မှုမမှန်သော အပြုအမူကို

mgyoe.com

mgyyee.com  SAMPLE BOOK 

သတိထားမိသွားသောကြောင့် ရုန်းကန်ဖို့၊ ရှောင်ထွက်ဖို့ ကြိုးစားခဲ့ခြင်းသာ ဖြစ်မည်။ သူ ဖြစ်ချင်တာ မဖြစ်လာသော အခါတွင်မှ နာအိုမိက လုပ်ကြံခဲ့ခြင်း ဖြစ်မည်။ နောက်ပြန်ဆုတ်ရန် မဖြစ်နိုင်တော့သော အခြေအနေမျိုးတွင် မညှာမတာ ပြုကျင့်ခဲ့၍သာ လူတစ်ယောက်မှာ အသက်ပျောက်ခဲ့ရသည်။

"ဘယ်မှာ သတ်တာတဲ့လဲ"

"ထမင်းစားခန်း"

"ဘယ်လိုလုပ်ပြီး အဲဒီထဲ ရောက်နေတာလဲ"

"သူက ကလေးမလေးကို ဖျော်ရည် တိုက်မလို့ ခေါ်သွားတယ် ပြောတာပဲ"

'ဖျော်ရည်ထဲမှာ အရက်တို့ ဘာတို့ ထည့်ဦးမှာ နေမှာပေါ့' ဟု အာကီအိုက တွေးနေမိသည်။

"သတ်ပြီးတော့ကော ဘာလုပ်သေးလဲ"

"ကလေးမလေးက သွေးတွေနဲ့ ရွှဲနေပြီ ဆိုတော့ ကြမ်းပြင်ပေါ် ပေကုန်မှာစိုးလို့ အလောင်းကို ပန်းခြံထဲ ရွှေ့လိုက်တယ်တဲ့"

"နောက်တော့ကော"

"ဒါပဲ"

"ဒါပဲလား"

"နောက်တော့ သူလည်း ဘာလုပ်ရမှန်း မသိတော့လို့ အခန်းထဲ ဝင်နေလိုက်တယ်တဲ့"

အာကီအို၏ ခေါင်းထဲ ချာချာလည်သွားသည်။ ထိုနေရာမှာပင် မူးမေ့သွားလျှင် ဘယ်လောက် ကောင်းလိုက်လေမည်နည်းဟု သူ တွေးနေခဲ့သည်။ သူ့သားသည် လူတစ်ယောက်ကို သတ်ဖြတ်ပြီးနောက် ပထမဆုံး အရေးတကြီး အလေးထားသော ကိစ္စမှာ ကြမ်းပြင် မညစ်ပတ်ရန်သာ ဖြစ်နေလေသည်။

နာအိုမိ ဘာတွေ စဉ်းစားနေသနည်း ဆိုသည်ကိုမူ အာကီအိုလည်း အတိအကျ နားလည်သည်တော့ မဟုတ်။ သို့သော် နာအိုမိ ဘာတွေ ကြံစည်ခဲ့သနည်း ဆိုသည်ကိုတော့ ဖခင်တစ်ယောက်အနေဖြင့် မှန်းဆ၍ ရခဲ့သည်။ သူ မျှော်လင့်ထားသလို ဖြစ်မလာဘဲ သူ ထင်တာထက် ပြဿနာများ ရှုပ်ထွေးလာသောကြောင့်သာ ရင်မဆိုင်ရဲတော့ဘဲ သူ့အခန်းထဲ ဝင်ပုန်းနေခြင်း ဖြစ်မည်။

mgyyee.com

ရှေ့ဆက် ဘာလုပ်ရမည် ဆိုသည်ကို သူ တွေးပူနေမည် မဟုတ်။ အလောင်းကို အပြင်မှာ ပစ်ထားလိုက်လျှင် ကျန်တာကို မိဘတွေ ကြည့်ရှင်းလိမ့်မည်ဟု သူ ယူဆထားပုံ ရသည်။

အာကီအိုသည် စားပွဲပေါ်တွင် တင်ထားသော ဖုန်းရှိရာသို့ လှည့်ကြည့်ပြီး လှမ်းယူရန် ဟန်ပြင်လိုက်သည်။

"ရှင် ဘာလုပ်မလို့လဲ"

ယာအေကိုက အလန့်တကြား ထအော်သည်။

"ရဲစခန်းကို ဖုန်းဆက်မလို့"

"ရှင် .........."

ဖုန်းကို လှမ်းယူနေသည့် အာကီအို၏ လက်ကို သူက အတင်း လှမ်းဆွဲနေသည်။ အာကီအိုက တွန်းထုတ်လိုက်ပြီး–

"နင်က ဘာလုပ်စေချင်တာလဲ၊ အားလုံး နောက်ကျကုန်ပြီ။ ဘယ်လိုလုပ်လုပ် ဟိုကလေးမလေးက အသက် ပြန်ရှင်လာနိုင်စရာ အကြောင်း မရှိတော့ဘူး"

"ဒါပေမဲ့ နာအိုမိကို ......."

ယာအေကိုသည် ညှိုးငယ်သော အကြည့်များဖြင့် သူ့ယောကျ်ားကို အသနားခံနေသည်။

"ကျွန်မတို့ သားလေးရဲ့ ရှေ့ရေးအတွက် ဘယ်လို လုပ်မလဲ။ လူသတ်သမား ဆိုတဲ့ နာမည်ဆိုးကြီးနဲ့ တစ်သက်လုံး တံဆိပ်ကပ် ခံသွားရတော့မှာလား"

"အဲဒါလည်း ဘယ်တတ်နိုင်မလဲ၊ သူ လုပ်တာ သူ ခံရမှာပေါ့"

"ရှင်က သားလေး ဒီလို ဖြစ်သွားမှာကို ကျေနပ်တယ်ပေါ့"

"ကျေနပ်စရာလား၊ကဲ...မင်းပဲ ပြောကြည့်၊တခြားဘာနည်းလမ်းများ ရှိသေးလို့လဲ။ သူ့ဘာသာသူ လူသတ်မိကြောင်း ဝန်ခံလိုက်မယ်ဆိုရင် အရွယ်မရောက်သေးတဲ့ လူငယ်တစ်ယောက်အတွက် တရားဥပဒေကလည်း သက်သက်ညှာညှာ စဉ်းစား ဆုံးဖြတ်ပေးမှာပဲ။ နောက်ပြီး သူ့နာမည်ကိုလည်း တရားဝင် ထုတ်ပြန်မှာ မဟုတ်ဘူး"

"အဲဒါတွေက အာပလာတွေပဲ"

ဓနီးသည်၏ မျက်လုံးများသည် စားတော့ ဝါးတော့မည့်နှယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"သတင်းစာတို့၊ ဂျာနယ်တို့က သူ့နာမည်ကို မစုံစမ်းဘဲ နေမတဲ့လား။ သိရင် ထည့်မရေးဘဲ နေမတဲ့လား။ အဲဒီလိုသာ ဆိုရင် သူ့တစ်သက်လုံး သွားပြီ။ အပြစ် ဘယ်လောက်ပဲ ပေါ့ပေါ့ နောက်နောင် လူ့လောက အလယ်မှာ ပုံမှန် လူတစ်ယောက်အနေနဲ့ သူ ဘယ်လိုလုပ်ပြီး ဖြတ်သန်းနိုင်ပါတော့မလဲ။ သူ ရှေ့ဆက်ရမယ့် ခရီးက ကြမ်းသထက် ကြမ်း၊ ဆိုးသထက် ဆိုးဖို့ပဲ ရှိတော့တယ်"

ယခုပင်လျှင် မိမိဘဝမှာ အင်မတန် စုတ်ပြတ်ပြီး စိတ်ပျက် နာကြည်းစရာ ကောင်းနေပြီ ဖြစ်ကြောင်း အာကီအို တွေးနေမိသည်။ ထိုစကားကို ထုတ်ပြောလိုက်ဖို့ပင် သူ့မှာ ခွန်အား မရှိတော့။ ရဲစခန်းသို့ ဖုန်းဆက်ရန် နံပါတ်များကို နှိပ်ဖို့သာ တာစူနေသည်။

"အား ... မလုပ်ပါနဲ့"

"စိတ်ကူးယဉ် မနေစမ်းပါနဲ့တော့"

အာကီအိုသည် သူ့ထံသို့အလောတကြီး ကုန်းရုန်းထလာသော ယာအေကိုကို တွန်းထုတ်လိုက်သောကြောင့် ယိုင်လဲသွားပြီး စားပွဲခုံနှင့် သွားဆောင့်မိသည်။

"ဘာမှ ပြင်မရတော့ဘူး"

အာကီအိုက လှမ်းပြောသည်။

ယာအေကိုသည် မျက်ရည်များ ပြည့်နှက်နေသော မျက်ဝန်းအစုံဖြင့် အာကီအိုကို ကြည့်လျက် စားပွဲရှိ အံဆွဲထဲမှ အရာတစ်ခုကို လက်ဖြင့် စမ်း၍ ရှာနေသည်။ အံဆွဲထဲမှ ဆွဲထုတ်လိုက်သော အရာသည် ကတ်ကြေးတစ်လက် ဖြစ်နေမှန်း မြင်လိုက်ရသောအခါ အာကီအို၏ လက်များ တုံ့ရပ်သွားပြီး သူ့မျက်လုံးများလည်း ပြူးကျယ်သွားကြသည်။

"အဲဒါ ဘာလုပ်မလို့လဲ"

ကတ်ကြေးကို မိမိရရ ကိုင်ထားပြီး ကတ်ကြေးအချွန်ကို သူ၏ လည်မျိုတွင် ထောက်လျက်–

"တောင်းပန်ပါတယ်ရှင်၊ ဖုန်းကို ချထားလိုက်ပါလား"

"မဟုတ်တရုတ်တွေ လုပ်မယ် စိတ်ကူးမနေနဲ့၊ မင်း ရူးနေသလား"

ကတ်ကြေးကိုင်ထားသော လက်ကို တင်းတင်း ဆုပ်ကိုင်လျက် သူ၏ ခေါင်းကိုသာ တွင်တွင်ယမ်းနေလေသည်။

"ကျွန်မ ရှင့်ကို အကျပ်ကိုင်နေတယ် မထင်နဲ့၊ ကျွန်မ ဆက်နေဖို့ ခွန်အား မရှိတော့ဘူး။ ရှင်သာ သားကို ရဲလက်ထဲ အပ်လိုက်မယ်ဆိုရင် ကျွန်မ အခုပဲ

mgyoe.com

mgyoe.com

သေပစ်လိုက်တာ ပိုကောင်းလိမ့်မယ်။ ကျန်တာ ရှင့်ဘာသာ ရှင်ပဲ ဆက်လုပ်ပေတော့”

“ဘာတွေ လျှောက်ပြောနေတာလဲ၊ ချစမ်း... ကတ်ကြေးကို ချထားစမ်းပါ”

ယာအေကိုသည် အံကို တင်းတင်းကြိတ်ထားပြီး တစ်ချက်ကလေးပင် မလှုပ်။

သူ အမှန်တကယ် သေချင်သော ဆန္ဒ ရှိမရှိ ဆိုသည်ကို အာကီအိုမသိ။ ဟန်လုပ်ပြ၍ သူ့ကို ခြိမ်းခြောက်နေသည်ဟု ဆိုစေ လက်ရှိအနေအထားမျိုးတွင် အခြေအနေများ ပြေလျော့သွားအောင်သာ လုပ်ရမည် ဖြစ်သည်။ နှစ်ဦးနှစ်ဘက် အလျှော့မပေးဘဲ နေနေလျှင် မရည်ရွယ်ဘဲ လက်လွန်ပြီး မထိခိုက်သင့်တာ ထိခိုက်ကုန်မှာ စိုးရိမ်ရသည်။

“ကဲ ဟုတ်ပြီ၊ ငါ ဖုန်းကို ချထားမယ်။ မင်းလည်း ကတ်ကြေးကို ချလိုက်”

“ဟင့်အင်း... ကျွန်မ ချလိုက်တာနဲ့ ရှင်က ဖုန်းကို ထပ်ဆက်ဦးမှာ”

“ငါ မဆက်တော့ဘူးလို့ ကတိပေးပြီးပြီပဲ”

အာကီအိုသည် ဖုန်းကို စားပွဲပေါ်သို့ ပြန်ချထားလိုက်သည်။

အာကီအိုကို မယုံကြည်နိုင်သေး၍ ဖြစ်မည်။ ယာအေကိုသည် သူ့လက်ထဲမှ ကတ်ကြေးကို ချထားရန် စိတ်ကူး မရှိသေး။ သံသယအပြည့်ဖြင့် သူ့ယောကျ်ား၏ လှုပ်ရှားမှု မှန်သမျှကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။ အာကီအိုသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး မြက်ဖျာပေါ်သို့ ပြန်ထိုင်ချလိုက်သည်။

“ကဲ ... မင်း ဘာဖြစ်ချင်သလဲ ပြော။ ငါတို့ တစ်ခုခုတော့ လုပ်မှ ဖြစ်မယ်”

ယာအေကိုကတော့ ဘာမျှ ပြန်မဖြေ။ ဒီအတိုင်း ဘာမျှ မလုပ်ဘဲ နေလို့ မဖြစ်သည်ကို ယာအေကိုလည်း သဘောပေါက်ပြီးသား ဖြစ်ပေမည်။ ကလေးမလေး၏ အိမ်သားများသည် ယခုအခါတွင် သူ့ကို လိုက်လံ ရှာဖွေနေလောက်ပြီ။ အာကီအိုသည် ထိုအကြောင်းကို စဉ်းစားမိသောအခါ ကားမှတ်တိုင်တွင် တွေ့ခဲ့ရသော အမျိုးသားကို ရုတ်တရက် သတိရမိသွားသည်။

“နင် ကလေးမလေးရဲ့ အကျႌကို ကြည့်လိုက်သေးလား”

အာကီအိုက မေးသည်။

"အင်္ကျီ..."

"သူ ဝတ်ထားက ပန်းရောင် ဇာအင်္ကျီလား"

'အား' ဟုတစ်ချက်အော်လိုက်ပြီး ယာအေကိုသည် ခေါင်းကို ဖြည်းဖြည်း ခါယမ်းနေသည်။

"ဇာအင်္ကျီ ဟုတ် မဟုတ်တော့ မသိဘူး၊ ပန်းရောင်ကတော့ သေချာ တယ်၊ ဘာဖြစ်လို့လဲ"

အာကီအိုသည် သူ့ခေါင်းကို တဖျင်းဖျင်းမြည်အောင် ကုတ်နေသည်။ ထို့နောက်မှ ကားဂိတ်တွင် သူ ကြုံဆုံခဲ့ရသည်များကို ယာအေကိုအား ပြောပြ လိုက်သည်။

"အဲဒါ ဒီကလေးမလေးရဲ့ အဖေပဲ ဖြစ်မယ်။ ဒီအတိုင်းသာဆိုရင် သူတို့ အမြန်ဆုံး ရဲတိုင်ကြတော့မှာပဲ။ ရဲတွေ ရောက်လာလို့ စုံစမ်းကြပြီ ဆိုရင်တော့ ငါတို့ ဘာမှ ဖုံးကွယ်လို့ ရတော့မှာ မဟုတ်ဘူး"

သူက ဆက်ပြောသည်။

"ဩော်...သူ ရှာနေတဲ့ ကလေးမက ငါ့အိမ်မှာ ရှိနေတယ်လို့ ဘယ်ထင် မိမှာလဲ။ ပြီးတော့ ရှိနေတာကလည်း အသေကောင်ကြီး"

ထိုကလေးအဖေကို အနီးကပ် မမြင်လိုက်ရသော်လည်း အရောင်း ဝန်ထမ်း ကောင်မလေးအား မေးမြန်းနေသော လေသံကို နားထောင်ကြည့်ခြင်း အားဖြင့် အင်မတန် စိုးရိမ်နေကြောင်းမှာ ထင်ရှားသည်။ ခြေမွေး မီးမလောင်၊ လက်မွေး မီးမလောင် ဖူးဖူးမှုတ် မွေးမြူထားသော သမီးတစ်ယောက် ဖြစ်ရပေ မည်။

ယာအေကိုသည် လက်နှစ်ဖက်ဖြင့် ကတ်ကြေးကို မြဲမြဲ ဆုပ်ကိုင်ထား ရင်း သူ့ထံမှ အသံတစ်သံ ထွက်ပေါ်လာသည်။ အသံမှာ တိုးလွန်းသောကြောင့် အာကီအိုက သေချာ မကြားလိုက်ရ။

"အမ်... ဘာပြောတယ်"

အာကီအိုက မေးလိုက်သည်။

သူက ခေါင်းထောင်လာပြီး-

"သွားလွှင့်ပစ်လိုက်ပါလား"

"ဘာ....."

mgyoe.com

mgyoe.com SAMPLE BOOK


"အဲဒါကို ..."

ယာအေကိုသည် တံတွေးကို မျိုချလိုက်ပြီး ဆက်ပြောသည်။

"အပြင်ကို လွှင့်ပစ်လိုက်ပါလား၊ ကျွန်မလည်း ကူပါ့မယ်"

သူသည် ခေါင်းငုံ့ချလိုက်ပြီး "တောင်းပန်ပါတယ်ရှင်" ဟူသော စကားဖြင့် အဆုံးသတ်လိုက်သည်။

အာကီအိုသည် သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။

"နင် ... တကယ်ပြောနေတာလား"

ယာအေကို ကတော့ ခေါင်းကို ငုံ့ထားလျက် တစ်ချက်ကလေးမျှ မလှုပ်။ ကြည့်ရသည်မှာ သူ့ယောကျ်ား သဘောမတူမချင်း ထိုပုံစံအတိုင်းသာ ဆက်နေသွားတော့မည်ဟု ဆုံးဖြတ်ထားပုံ ရသည်။

အာကီအိုက စိတ်ပျက်စွာ ရေရွတ်လိုက်သည်။

"မဟုတ်သေးပါဘူးကွာ"

ယာအေကိုသည် တစ်ဖက်သို့ လှည့်သွားသည်။ သူ့ခေါင်းကိုတော့ မော့လိုက်ရန် ဆန္ဒရှိသေးပုံ မရ။

"မဟုတ်သေးပါကွာ"

ထိုစကားကိုပင် အာကီအို နောက်တစ်ခါ ရေရွတ်လိုက်ပြန်သည်။ ထိုသို့ တစ်ယောက်တည်း ရေရွတ်နေရင်း သူလည်း ယာအေကိုနှင့် တစ်သဘောတည်း ရှိနေကြောင်းကို သတိထားမိလိုက်သည်။ အလောင်းကို သွားလွှင့်ပစ်ရန် ဟူသော စိတ်ကူးမှာ သူ့ဦးနှောက်၏ တစ်နေရာရာတွင် နဂိုကတည်းက နေရာယူထားနှင့်ပြီးနေပြီ။ ဖြေရှင်းရမည့် နည်းလမ်းထဲက တစ်ခုပဲ မဟုတ်ပါလား။ သူ့နှုတ်မှ ထုတ်မပြောခဲ့ခြင်းသာ ရှိမည်။ တွေးပင် တွေးမကြည့်ချင်။ ထိုသို့ တွေးမိလျှင်ပင် မိမိ၏ တစ်ကိုယ်ကောင်းဆန်မှုကို ပြန်မြင်နေရသောကြောင့် ကြောက်လန့်ကာ တွေးပင် မတွေးရဲခဲ့။

ထိုသို့ လုပ်၍ မဖြစ်နိုင်။ လုပ်လျှင်လည်း အောင်မြင်မည် မဟုတ်မှန်း သူ သိသည်။ ထိုသို့ဆိုလျှင် သူတို့ပါ တရားခံ၏ အလိုတူ အလိုပါ ဖြစ်ကြရတော့မည်။ သူသည် အတွေးများဖြင့် ဘောင်ဘင်ခတ်လျက်၊ ရှုပ်ထွေးလျက်။

"မဟုတ်လည်း ...."

ယာအေကိုက ခေါင်းကို ငုံ့ထားလျက် ပြောနေသည်။

mgyoe.com

mgyoe.com


"မဟုတ်လည်း ကျွန်မတို့ဘဝက သွားပြီပဲ။ သားကို ရဲစခန်းမှာ ဖြောင့်ချက် ပေးခိုင်းရင်လည်း သူဟာ မူမမှန်တဲ့ ဘဝမျိုးမှာ ပြန်နေထိုင်ဖို့ မဖြစ်နိုင်တော့ဘူး။ မိဘဖြစ်တဲ့ ကျွန်မတို့မှာလည်း ဒီကိစ္စအတွက် ထိုက်သင့်တဲ့ ပြစ်တင်ကဲ့ရဲ့တာတွေ ကြုံရတော့မှာပဲ။ သားကို အဖမ်းခံခိုင်းတော့ကော ကျွန်မတို့ကို ဘယ်သူက ခွင့်လွှတ်ချင်ကြဦးမှာမို့လဲ။ ကျွန်မတို့လည်း ဘဝပျက်ကြရမှာပဲ"

သူ၏ အသံများသည် လေထဲတွင် ဝေ့ဝဲနေသော တစ္ဆေတစ်ကောင်၏ အသံများကဲ့သို့ ဖြစ်နေသည်။ ကြည့်ရသည်မှာ ဘာမျှ ဆက်မခံစားနိုင်လောက်အောင် သူ့ဝေဒနာများက ကမ်းကုန်နေလေပြီ။ သူ့အသံထဲတွင် ဘာခံစားချက်မျှ မပါတော့။ တစ်ခုခုကို ခံစားဖို့ပင် သူ့တွင် အားမရှိတော့သည့်နှယ်။

တကယ့်လက်တွေ့မှာ သူ ပြောသလို ဖြစ်ကောင်း ဖြစ်ပေမည်။ မဟုတ်။ ထိုအတိုင်း တစ်ထေရာတည်းဟု အာကီအိုက တွေးမိသည်။ အကယ်၍ လူသတ်မိကြောင်း နာအိုမိကို ဖြောင့်ချက် ပေးခိုင်းသည်ပဲ ထားဦး၊ သူတို့ကို မည်သူကမျှ ကိုယ်ချင်းစာ ခွင့်လွှတ်ပေးကြလိမ့်မည် မဟုတ်ပေ။ အသတ်ခံရသူမှာ လုံးဝ အပြစ်ကင်းစင်သော ကလေးမလေး တစ်ယောက် ဖြစ်နေသည် မဟုတ်လော။

"ဒါပေမဲ့ လွှင့်ပစ်လို့ မဖြစ်နိုင်ဘူး ထင်တယ်"

အာကီအိုက ပြောလိုက်သည်။ ထိုစကားကို ပြောခြင်းအားဖြင့် ဇနီးသည်၏ စကားကို သဘောတူလိုက်ပြီ ဖြစ်ကြောင်း သူလည်း နားလည်သည်။

'မဖြစ်နိုင်' နှင့် 'မလုပ်နိုင်' ဟူသော စကားနှစ်ခု၏ သဘောသွားမှာ များစွာ ကွာခြားလှသည်။

"ဘာဖြစ်လို့လဲ"

ဇနီးသည်က မေးသည်။

"ဘယ်လို သယ်မှာလဲ၊ ငါတို့ အဝေးကြီး သွားနိုင်မှာ မဟုတ်ဘူး"

အာကီအိုတွင် ယာဉ်မောင်းလိုင်စင် ရှိသော်လည်း သူ့တွင် ကားမရှိ။ အိမ်ဝင်းထဲတွင် ကားထားစရာ နေရာ မရှိသောကြောင့် ကား မဝယ်ခဲ့ကြ။ ထို့ပြင် အာကီအိုအတွက် ကိုယ်ပိုင်ကားတစ်စီး ရှိရန် လိုအပ်သည်ဟုလည်း ယာအေကိုက မယူဆခဲ့။

"ဒါဆို ဝှက်ထားလို့ကော မရဘူးလား"

"ဝှက်မယ် ဟုတ်လား၊ အိမ်ထဲမှာ ဝှက်ထားစရာ နေရာရှိတယ်လို့ ထင်လို့လား"

mgyoe.com

"ယာယီပေါ့၊ နည်းနည်းကြာမှ ရှင်းပစ်ဖို့ စဉ်းစားကြတာပေါ့"

"မဖြစ် ... မဖြစ်ပါဘူးကွာ၊ နာအိုမိနဲ့ အဲဒီကလေးမလေးတို့ အတူတူ ရှိနေတာကို တစ်ယောက်ယောက်က မမြင်ဘူးလို့ မပြောနိုင်ဘူး။ အဲဒီလိုသာ ဆိုရင် ရဲတွေက မကြာခင် ဒီကို ရောက်လာမှာပဲ။ ဒီအိမ်ကို လာပြီး စစ်ဆေးကြဦးမှာ။ တကယ်လို့သာ အလောင်းနဲ့ လက်ပူးလက်ကြပ် မိသွားမယ် ဆိုရင် ငါတို့ ဘာမှ လုပ်လို့ မရတော့ဘူး"

အာကီအိုရဲ့ မျက်လုံးများသည် စားပွဲပေါ်မှ တယ်လီဖုန်းဆီသို့ ရောက်သွားပြန်သည်။ လုံးဝ အဓိပ္ပာယ်မရှိသော စိတ်ကူးတစ်ခုကို တိုင်ပင်ဆွေးနွေး နေကြသည်ဟု သူက ခံစားနေရသည်။ ရဲဌာနမှ လာရောက် စုံစမ်းကြပြီ ဆိုလျှင် အလောင်းကို မည်သည့်နေရာတွင် တွေ့ရသည်ဖြစ်စေ ရလဒ်မှာ ထူးခြားတော့ မည် မဟုတ်ပေ။ ဥပဒေကို မျက်ကွယ်ပြု၍ ဤအခက်အခဲကို ကျော်လွှားနိုင် လိမ့်မည်ဟု သူ့ကိုယ်သူ ယုံကြည်မှု လုံးဝ မရှိ။

"ဒီည ညတွင်းချင်း အလောင်းကို နေရာရွှေ့နိုင်ခဲ့ရင် မျှော်လင့်ချက် ရှိနိုင် တယ်"

ယာအေကိုက လှမ်းပြောသည်။

"ဘယ်လို"

သူက ခေါင်းကို မော့လိုက်သည်။

"အဝေးကြီး သယ်သွားစရာ မလိုဘူး။ တခြား တစ်နေရာကိုသာ ရွှေ့ လိုက်။ ..... အဲဒီနေရာမှာ အသတ်ခံရသလို ပုံစံမျိုးပေါ့"

"တခြားနေရာ..."

"ကျွန်မ ပြောတာက ...."

ယာအေကိုက ဆက်မပြောတော့ဘဲ ခေါင်းငုံ့နေပြန်သည်။

ထိုစဉ် အနောက်ဘက်မှ တရှပ်ရှပ် အသံကြားရ၍ သူ့ရင်ထဲ ထိတ် သွားသည်။

အိမ်အပြင်ဘက် လူသွားလမ်းလေးတွင် အရိပ်လေးတစ်ခု ရွေ့နေသည် ကို သတိထားမိကြသည်။ သူ့အမေ မာဆာအေ အပေါ့အပါး သွားခြင်း ဖြစ်မည်။ ကလေးကဗျာ တစ်ပုဒ်ကို မပီ့တပီ ရွတ်ဆိုလျက်။ အသံကြား၍ အာကီအိုက အာရုံစိုက်ကာ နားထောင်ကြည့်သည်။ သူတို့ငယ်စဉ်က အမေ ရွတ်ပြလေ့ရှိသော

mgyoe.com

ကဗျာတစ်ပုဒ်။ သူတို့အတွက် သားချော့တေးတစ်ပုဒ်။ ကဗျာနာမည်ကိုတော့ သူလည်း စဉ်းစား၍ မရတော့။ ထို့နောက် အိမ်သာတံခါးကို ဖွင့်၍ ဝင်သွားသည့် အသံကို ကြားလိုက်ရသည်။

"ဒီလိုအချိန်ကြီးမှ လာရတယ် လို့"

ယာအေကိုက အပြစ်တင်သလို လေသံမာမာဖြင့် ရေရွတ်နေသည်။

နှစ်ယောက်သား အတန်ကြာမျှ ငြိမ်သက်နေကြသည်။ မကြာခင် အိမ်သာမှ ရေဆွဲသံနှင့် တံခါးဖွင့်သံများကို တစ်ဆက်တည်း ကြားကြရသည်။ ထို့နောက် တရုပ်ရုပ်မြည်သော မာဆာအေ၏ ခြေသံများကို နားထောင်ခြင်းဖြင့် သူ့အခန်းသို့ ပြန်နေကြောင်း သိသာသည်။ ခြေသံများ တိုး၍ တိုး၍ သွားကြသည်။

ရေပိုက်ခေါင်းမှ ရေများ တတောက်တောက် ကျနေသံများကတော့ ပျောက်၍မသွား။ ယာအေကို မတ်တတ်ထရပ်လိုက်သည်။ လျှောက်လမ်းအတိုင်း သွား၍ အိမ်သာတံခါးကို ဆွဲဖွင့်သံ ကြားရသည်။ ထို့နောက်မှ ရေကျသံများ ရပ်သွားတော့သည်။ ရေပိုက်ခေါင်းကို လုံအောင် မာဆာအေ ပိတ်ခဲ့ပုံ မရ။ ထိုသည်မှာလည်း နိစ္စဓူဝ ကြုံတွေ့နေရသော ကိစ္စ ဖြစ်နေပြီ။

'အုန်း' ခနဲ အသံမြည်အောင် အိမ်သာတံခါးကို ဆောင့်ပိတ်ချလိုက်သော အသံကြောင့် အာကီအိုမှာ လန့်ဖျပ်ပြီး မျက်ခုံးများ ပင့်တက်သွားကြသည်။

ယာအေကိုသည် မတ်တတ်ရပ်ရင်း နံရံကို ကျောဖြင့် မှီလျက် လက်ဖဝါး နှစ်ဘက်နှင့် သူ့မျက်နှာကို အုပ်ကာ သက်ပြင်းချလိုက်သည်။

"သိပ်စိတ်ရှုပ်ဖို့ ကောင်းတာပဲ၊ သေသာ သေလိုက်ချင်တော့တယ်"

"ဒါလည်း ငါ့အမှားပဲလား"

သူ နှုတ်ခမ်းဖျားနားအထိ ရောက်လာသော ထိုစကားလုံးများကို အာကီအို မျိုချလိုက်သည်။ သူ့မျက်လုံးများက မွဲခြောက်ကုန်ကြပြီ ဖြစ်သော ထာထားမိ မြက်ဖျာကို စိုက်ကြည့်နေသည်။ တစ်ချိန်ကတော့ ကျောက်စိမ်းရောင်နှင့် တဝင်းဝင်း တပြောင်ပြောင် ရှိခဲ့ဖူးသော ထို မြက်ဖျာကြမ်းခင်းများ။ ဖခင်ဖြစ်သူက နေ့စဉ် ကျွဲရုန်း နွားရုန်း ရုန်း၍ ငွေစုပြီး ဤအိမ်ကို ကြိုးစားဝယ်ခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က သူသည် အထက်တန်းကျောင်း တက်နေတုန်း။ ထိုကဲ့သို့ အဆင့်နိမ့်သော အိမ်မျိုး ဝယ်ရပ့ါမလားဟု သူ့အဖေကို မကျေမနပ် ဖြစ်ခဲ့သေးသည်။

mgyoe.com

mgyoe.com

ယခုတော့ ကိုယ့်ဘာသာကိုယ် ပြန်ဆင်ခြင်မိနေသည်။ ယနေ့ ယခုအချိန်ထိ မိမိ၏ အစွမ်းအစဖြင့် မည်မျှ ခရီးရောက်အောင် လုပ်နိုင်ခဲ့သနည်း။ မိမိ အထင်မကြီးခဲ့သော ဤအိမ်လေးအတွင်းမှာပင် သက်သောင့်သက်သာ နေနေခဲ့ရသော်လည်း အဖြစ်ရှိသော မိသားစုတစ်စုကိုပင် မတည်ဆောက်နိုင်ခဲ့။ ထို့ပြင် တခြားမိသားစုကိုပင် ဒုက္ခရောက်အောင် လုပ်လိုက်သေးသည်။ အမှန်တကယ်တော့ ဤအရာအားလုံး၏ အဓိက တရားခံမှာ သူပင် မဟုတ်ပါလော။

"ပန်းခြံထဲဆိုရင် ဘယ်လိုနေမလဲ"

အာကီအိုက ပြောသည်။

"ပန်းခြံ..."

"ဟိုဘက်လမ်းထိပ်က အိချိုပန်းခြံလေ"

"အလောင်းကို အဲဒီမှာ သွားပစ်မှာလား"

"အေး"

"ကွင်းပြောင်ပြောင်ကြီးထဲမှာ ပစ်မလို့လား"

သူ ခေါင်းခါ၍ ဆက်ပြောသည်။

"အဲဒီမှာ အများသုံးအိမ်သာ ရှိတယ် မဟုတ်လား၊ အလောင်းကို အိမ်သာအခန်း တစ်ခန်းထဲမှာ ထားမလားလို့ စိတ်ကူးတယ်"

"အများသုံးအိမ်သာ..."

"အဲဒီလို လုပ်ရင်တော့ အလောင်းကို လူတွေ့တဲ့အချိန် နောက်ကျသွားနိုင်တာပေါ့"

"အင်း... ဖြစ်နိုင်တယ်"

ယာအေကိုသည် အာကီအိုအနား ကပ်လာပြီး သူ့ကို စိုက်ကြည့်ကာ-

"ဘယ်အချိန် ရွှေ့မလဲ"

"ညဉ့်နက်မှ ရွှေ့တာပေါ့၊ ည ၂ နာရီ ဝန်းကျင်လောက်"

အာကီအိုသည် တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်သည်။ အခုမှ ၈ နာရီ ခွဲပြီးခါစ ရှိသေးသည်။

အာကီအိုသည် မီးဖိုချောင် စတိုခန်းထဲမှ စက္ကူဘူးကြီး တစ်ဘူး ဆွဲထုတ်လာသည်။ လွန်ခဲ့တဲ့ သုံးလက water cooler ရေအေးစက် ဝယ်စဉ် ပါလာသော ကတ်စက္ကူဘူး ဖြစ်သည်။ တစ်ခုခု ထည့်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် ခေါက်သိမ်း

mgyoe.com

mgyoe.com SAMPLE BOOK

ထားခဲ့ခြင်း ဖြစ်သည်။ သို့သော် ဘာမှ ထည့်မသိမ်းဖြစ်ဘဲ စတိုခန်းထဲ ပစ်ထားခဲ့သည်။ ယခုတော့ ထည့်ရမည့် ပစ္စည်းမှာ လူအလောင်း ဖြစ်နေလေပြီ။

သူသည် ခေါက်ထားသော ထိုကတ်စက္ကူအား ပန်းခြံထဲသို့ ယူသွားခဲ့သည်။ စက္ကူဘူးပုံစံရအောင် အသေအချာ ပြန်ချိုးပြီးနောက် အလောင်း ထည့်ထားသည့် အိတ်အမည်း ဘေးတွင် ချပြီး လျာကြည့်လိုက်သည်။ အဆင်ပြေပြေ ထည့်၍ ဝင်ဆံ့မည်မှာ သေချာသည်။

စက္ကူဘူးအား ပြန်ခေါက်သိမ်းပြီး အခန်းထဲသို့ ဝင်လာခဲ့သည်။ ယာအေကိုသည် ဧည့်ခန်းမှ ထိုင်ခုံတစ်လုံးတွင် ထိုင်နေသည်။ ပြုတ်ကျသွားမည် စိုး၍ လက်နှစ်ဘက်က ဦးခေါင်းကို ထိန်းထားသည့်နှယ်။ ခေါင်းပေါ်မှ ဆံပင်များမှာလည်း ရှုပ်ပွ၍ တချို့တလေမှာ သူ့မျက်နှာကိုပင် ဖုံးအုပ်ထားလေသည်။

"ဘယ်လိုလဲ"

သူက မလှုပ်မယှက်ဖြင့် မေးသည်။

"အင်း... ကြည့်ရတာ ကောင်းကောင်း ထည့်လို့ ရမှာပါ"

"မထည့်ရသေးဘူးလား"

"စောလွန်းသေးတယ်ဟ၊အခုချိန် ပန်းခြံထဲမှာ ကုန်းကုန်း ကုန်းကုန်းနဲ့ တစ်ခုခု လုပ်နေရင် မြင်တဲ့သူက သံသယမဝင်ဘဲ ဘယ်နေပါ့မလဲ"

ယာအေကို၏ ခေါင်းမှာ တစ်ဘက်သို့ အနည်းငယ် လည်သွားသည်။ နာရီလှည့်ကြည့်တာ ဖြစ်မည်။ ထို့နောက် ဘာမျှ မပြောတော့ဘဲ ငြိမ်သက်နေသည်။

အာကီအိုသည် ရေငတ်၍ ဘီယာ သောက်ချင်လာသည်။ ဒီထက် အဆပေါင်းများစွာ ပြင်းသော အရက်ဖြစ်လျှင် ပို၍ ကောင်းမည်။ ယခု နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်နေရသော ပြဿနာကြီးကို မူးမူးရူးရူးဖြင့် ဥပေက္ခာပြုကာ ရှောင်လွှဲလိုက်ချင်သည်။ သို့သော် သူ မူးမေ့သွား၍ မဖြစ်သေး။ နောက်မှာ လုပ်စရာတွေ ကျန်နေသေးသည်။

"နာအိုမိ ဘာလုပ်နေလဲ"

ယာအေကိုက ခေါင်းခါပြသည်။ ကြည့်ရသည်မှာ သူလည်း သိပုံမရ။

"သူ့အခန်းကို သွားကြည့်ကြည့်ပါဦးလား"

ယာအေကိုက သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး ခေါင်းမော့လာသည်။ သူ့မျက်လုံး နှစ်ဘက်တို့မှာ ရဲရဲနီလျက်။

mgyoe.com

m g y o e . c o m

SAMPLE BOOK


"အခုချိန် သူ့ကို တစ်ယောက်တည်း အေးအေး နေပါစေလား"

"ဒါပေမဲ့ သူ့ကို မေးစရာတွေ အများကြီး ကျန်နေသေးတယ်လေ။ ဖြစ်ပုံပျက်ပုံ အသေးစိတ်ကို ဘာမှ မသိရသေးဘူး"

"ရှင်က ဘာမေးချင်လို့လဲ"

ဇနီးသည်က စိတ်မရှည်သော လေသံဖြင့်။

"သူနဲ့ ကလေးမလေး အတူတူ ရှိနေကြတုန်းမှာ ဘယ်သူတွေ သူတို့ကို မြင်သွားသေးသလဲ ဆိုတာ မေးရမယ်လေ"

"အခု သွားမေးတော့ကော ဘာအကျိုးထူးမှာမို့လဲ"

"ဟ ... ငါ စောနက ပြောတာ မမှတ်မိဘူးလား။ တကယ်လို့ သူတို့ကို တစ်ယောက်ယောက်က မြင်ခဲ့ရင် အဲဒီကိစ္စ ရဲကို အကြောင်းမကြားဘဲ နေမှာ မဟုတ်ဘူး။ ဒီတော့ ရဲတွေက နာအိုမိကို လာမမေးဘဲ နေပါ့မလား။ အဲဒီအချိန် ရောက်မှ အကြံထုတ်နေလို့ မမီတော့ဘူး"

"ရဲတွေ လာတယ် ဆိုရင်တောင်"

ယာအေကိုက မျက်လုံးများကို ပြူးထွက်မတတ် ကြည့်ရင်း–

"သူတို့ကို ကျွန်မသားနဲ့ တွေ့ခွင့် ပေးစရာလား"

"အဲဒီလို လုပ်လို့ ရလိမ့်မယ်လို့ နင် ထင်နေတာလား။ ပေးမတွေ့လေ သူတို့က သံသယ ဝင်လေပဲ"

"ဒါဆိုလည်း ဘာမှ မသိဘူးလို့ သားကို ဘူးခံပြောဖို့ သင်ပေးရမှာပေါ့။ ကလေးမလေးကို မသိပါဘူး ဆိုပြီး ဇွတ်တင်းခံ ပြောနေရင် သူတို့က ဘာတတ်နိုင်ဦးမှာလဲ"

"ဩော် ... သိပ်လွယ်နေလိုက်တာ၊ တကယ်လို့ မျက်မြင်သက်သေက နာအိုမိ ဖြစ်ကြောင်း အာမခံနေရင် ဘယ်လို လုပ်မလဲ။ ရဲတွေကတော့ လွယ်လွယ်နဲ့ လက်လျှော့မှာ မဟုတ်ဘူး။ ပြီးတော့ နာအိုမိနဲ့ ကလေးမလေး နှစ်ယောက် အတူရှိနေတုန်း သူတို့ကို တစ်ယောက်ယောက်က နှုတ်ဆက်စကား ပြောခဲ့ကြသေးရင် ဘယ်လိုလုပ်မလဲ။ တကယ်လို့ သူကလည်း စကားပြန်ပြောခဲ့သေးတယ် ဆိုရင်ကော။ ငါတို့က မသိဘူး၊ မမြင်ဘူး ဆိုပြီး တစ်ဖက်သတ် ပိတ်ပြောနေလို့ ရတာ မဟုတ်ဘူး"

"ရှင့်ဘာသာ ရှင် ထင်မြင်ချက်တွေ ပေးနေတာ၊ ဘာအဓိပ္ပာယ် ရှိမှာလဲ"

mgyoe.com

mgyoe.com

"ဒါကြောင့်လည်း အခြေအနေမှန် သိရအောင် သူ့ကို ပြောခိုင်းနေတာပေါ့။ အနည်းဆုံးတော့ သူ တခြားလူတွေနဲ့ တွေ့ခဲ့သလား ဆိုတာ သေသေချာချာ သိမှ ဖြစ်မှာ"

အာကီအို ပြောသည်ကို ယုတ္တိရှိသည်ဟု နားလည်သွားသောကြောင့်လား မသိ။ ယာအေကိုသည် သူ့ကို ဆက်ပြီး ငြင်းမနေတော့။ သူ့မျက်နှာမှာတော့ ခံစားချက် မဲ့လျက်။

"နင် ဘယ်သွားမလို့လဲ"

"အပေါ်ထပ်လေ၊ နာအိုမိကို သွားမေးမလို့။ တခြားလူတွေနဲ့ ဆုံခဲ့သေးသလား ဆိုတာ မေးကြည့်မလို့"

"သူ့ကို ဒီမှာ လာပြောခိုင်းလိုက်"

"လိုလို့လားရှင်၊ သားလည်း တုန်လှုပ်နေရှာမှာပဲ"

"ဒါဆို ပိုပြီးတော့ ......."

ယာအေကိုသည် အာကီအိုကို ဂရုစိုက်မနေတော့ဘဲ ထမင်းစားခန်းထဲမှ ထွက်သွားသည်။ အပြင်လျှောက်လမ်းမှ တစ်ဆင့် လှေကားသို့ လျှောက်သွားသော သူ့ခြေသံများကို ကြားနေရသည်။ လှေကားပေါ်သို့ လှမ်းသောအခါတွင် သူ့ခြေလှမ်းများမှာ ညင်သာသွားတော့သည်။ ကြည့်ရသည်မှာ သူ့သားကို အနှောင့်အယှက် မဖြစ်စေလိုသောကြောင့် ဖြစ်မည်။ ထိုကဲ့သို့ အလိုလိုက်လွန်းသော အပြုအမူမျိုးကို သူ ကြည့်မရခဲ့သည်မှာ ကြာပြီ။

ဆေးလိပ်မီးကို အားရပါးရ ဖိခြေလိုက်ပြီး သူ မတ်တတ်ထရပ်လိုက်သည်။ ရေခဲသေတ္တာ တံခါးကို ဖွင့်၍ အထဲမှ ဘီယာသံဘူး တစ်ဘူးကို ယူကာ ထိုနေရာ၌ပင် မတ်တတ်ရပ်လျက် မော့သောက်ပစ်လိုက်သည်။

သူ့ခြေထောက်ဘေးတွင် စူပါမားကက်တံဆိပ် ပါသော ပလတ်စတစ်အိတ် အထုပ်ကို တွေ့ရသည်။ ယာအေကိုသည် စူပါမားကက်မှ ဈေးဝယ်ပြီး ပြန်အလာတွင် ကလေးမလေး၏အလောင်းကိုတွေ့ခဲ့ခြင်း ဖြစ်မည်။ ထို့နောက် ပျာယာခတ်သွားပြီး ဈေးမှ ဝယ်ခဲ့သော ပစ္စည်းများကို ရေခဲသေတ္တာထဲ ထည့်သိမ်းရန် သတိမရတော့ပေ။

အိတ်ထဲတွင် ဟင်းရွက်တချို့နှင့် အသားတစ်မျိုးကို တွေ့ရသည်။ ကြည့်ရသည်မှာ အသားညှပ် ဟမ်ဘာဂါ ပြုလုပ်ရန်အတွက် ဖြစ်မည်။ ၎င်းမှာ နာအိုမိ

mgyoe.com

mgyoe.com


၏ အကြိုက် ဖြစ်သည်။ ထို့နောက် နွေးလိုက်ရုံဖြင့် အသင့်စားနိုင်သော ဟင်းဘူးများကိုလည်း အိတ်ထဲတွင် တွေ့ရသည်။ ယာအေကိုသည် သူ့ယောက်ျားအတွက် မည်မည်ရရ ဟင်းချက် မကျွေးခဲ့သည်မှာ လပေါင်းများစွာပင် ကြာခဲ့ပြီ။

ထိုစဉ် ခြေသံများ ကြားရပြီး ယာအေကို ထမင်းစားခန်းထဲသို့ ဝင်လာသည်။

"ဘယ်လိုလဲ"

အာကီအိုက မေးလိုက်သည်။

"ဘယ်သူနဲ့မှ မတွေ့ဘူးလို့ ပြောတယ်"

သူ ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"ဒါကြောင့် ရဲတွေ မေးလာခဲ့ရင် ဘာမှ မသိဘူးလို့ပဲ ပြန်ဖြေလိုက်လို့ ပြောခဲ့တယ်"

အာကီအိုသည် ဘီယာကို တစ်ငုံပြီး တစ်ငုံ ဆက်သောက်နေသည်။

"တကယ်လို့ ရဲတွေ ရောက်လာပြီ ဆိုရင် သူတို့မှာ အထောက်အထား တစ်ခုခု ရှိနေပြီလို့ ယူဆရမှာပဲ။ အဲဒီအချိန်မှာ ငါတို့က ဘာမှ မသိပါဘူးလို့ ပြောနေရင် သူတို့က ယုံမယ် ထင်လို့လား"

"သူတို့ မယုံလည်း ကျွန်မတို့ကတော့ ဆက်ပြီး ဘူးခံနေရမှာပဲ"

"သူက အဲဒီကိစ္စကို ရင်ဆိုင်ရဲလိမ့်မယ်လို့ နင် ထင်နေတာလား"

"ဘယ်ကိစ္စလဲ"

"ရဲတွေရဲ့ ရှေ့တည့်တည့်မှာ ခပ်တည်တည်နဲ့ ညာပြောရမှာကို ပြောတာ။ ရဲတွေကို ပေါ့သေးသေး မတွက်လိုက်နဲ့။ သူတို့က ရာဇဝတ်ကောင်တွေ အများကြီးနဲ့ ထိတွေ့ ဆက်ဆံလာခဲ့ကြတာ။ အဲဒီလို ကောင်မျိုးတွေကို စစ်မေးလာခဲ့ကြတာ။ တကယ်လို့သာ သူတို့က အတင်းဖွတ်မေးနေရင် နာအိုမိလည်း ကြာကြာခံနိုင်မယ် မထင်ဘူး၊ ကြောက်ချေးပါတော့မှာ။ သူက ငါတို့အပေါ်မှာသာ ဆိုးလို့ရလို့ ခေါင်းမာပြနေတာ။ တခြားလူတွေရဲ့ အရှေ့မှာတော့ ငကြောက်ကောင်။ ဒါကို နင် အသိဆုံးပဲ"

ယာအေကိုက ဘာမျှပြန်မဖြေ။ အာကီအို၏ အမြင်ကို သူလည်း သဘောတူ၍ ဖြစ်နိုင်သည်။

"နင် အဲဒီလို အလိုလိုက်လွန်းလို့ ဒီကောင် ဒီလို ဖြစ်နေရတာပဲ"

mgyoe.com